www.burmeseclassic.com

# မင်းမြတ်သူရ

ပုလဲပင်လယ်အောင်



www.burmeseclassic.com

www.burmeseclassic.com


# မင်းမြတ်သူရ

## ပုလဲပင်လယ်အော်

စာမူခွင့်ပြုချက်အမှတ်

၅၀၀၀၀၄၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၁၅၂၀၂၁၁

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၇)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

မင်းမြတ်သူရ

ပုလဲပင်လယ်အော်၊ မင်းမြတ်သူရ၊ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၅၆-စာ၊ ၁၂×၁၈ စင်တီ

(၁) ပုလဲပင်လယ်အော်


## ရုပ်ရှင်၊ ဗီဒီဒီ၊ ဗီဒီယို ရိုက်ကူးသောစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်

၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်စား

၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဓါးသမီးတော်

၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး

၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး

၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်

၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း

၈။ ပွဲကျောင်းသားမိုးကောင်း

၉။ ရွှေကျီးညိုနှင့် တန်ခိုးရှင်

၁၀။ မိုးမခရတနာသိုက်

၁၁။ မြေဝါတောင်နတ်မင်း

၁၂။ ကျွန်ုပ်ထိတစ်ထောင်

၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း

၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနောယက္ခ

၁၅။ လင်းနို့တောင်ကျိန်စာ

၁၆။ ဗိုဝိုးရွှေလိုဏ်ဂူ

၁၇။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်

၁၈။ လနတ်သမီး

၁၉။ ခေါင်းမင်းရာဇာ

၂၀။ နေနဲ့လနှစ်ပါးဆိုင်

၂၁။ မောင်နဲ့ခုနစ်ဖော်

၂၂။ ပျောက်သောသူ ရှာလျှင်တွေ့

၂၃။ မိုးကြိုးတံခွန်

၂၄။ ပဥ္စလက်မောင်နှမ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏ ရုပ်ပြထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၄။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၅။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဂဠ်သမီးတော်
၆။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၇။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၈။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှုံပုံတော်
၉။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၀။ တစ်ကျွန်းပြန်ဘိုးမှန်
၁၁။ ပြည်တော်ပြန်
၁၂။ ကြာပန်းသုံးဆိုင် တံဆိပ်တော်
၁၃။ ပွဲကျော်သား မိုးကောင်း
၁၄။ နဝမမြောက်ကျမ်းစာ
၁၅။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၁၆။ မာယာကျွန်းကေချီ
၁၇။ ဂမ္ဘာထဲတစ်ထောင်
၁၈။ ဆင်စွယ်နန်းရှင်
၁၉။ ငွေစန္ဒာသားကောင်
၂၀။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၂၁။ မဟာလူသားမောင်ဒဂါး
၂၂။ မော်တန်နိုးရှင်မ
၂၃။ ဆားပုလင်းမင်းအောင်နှင့် တာနောယကျ

၂၆။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်
၂၆။ ပဉ္စမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းပြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဒေဝီ
၃၄။ အောင်ပင်လယ်ရွာစား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလေ လိုလေ အိုတစ္ဆေ
၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်
၃၉။ သူရိယစန္ဒာကိုထား
၄၀။ မြေဖြူရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန်ကျိုး အဝိုးပြည်တန်
၄၃။ စကြာရှင်
၄၄။ မော်တန်နိုးရှင်မ
၄၅။ မြင်းရည်တက်သူရဲကောင်း
၄၆။ အမုန်းဝက်ပါ
၄၇။ မိုးလုံးပြည့်လျှံ
၄၈။ ရွှေတစ်ရစ်မြတစ်ရစ်
၄၉။ တောင်တော်ရှင်မ


www.burmeseclassic.com

www.burmeseclassic.com

၂၄။ ဆင်ဖြူရှင်
၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ ဗိုဝိုးရွှေလိုဏ်ဂူ
၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၃၃။ ဘာမထီဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ တစ်ကျွန်းခံ
၃၈။ ဂျမဒါမင်းထင်နှင့် သေမင်းနာရီဝင်
၃၉။ ရွှေနတ်တောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယကျည်နောင်
၄၂။ တိမ်ကြာမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်ကော်ဇော
၄၅။ လေးကျွန်းမောင်ကြီး
၄၆။ မနော်စကြာ
၄၇။ မျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်



BURMESE CLASSIC .com

## …ဖြူဝင်းသူရေး၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနော်သုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဇါသမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွှာစေပြီး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရစ် လူမိုက်ရှေးဘုး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးပိုင် တံဆိပ်ဖော်
၁၉။ ရွှေပြည့်ကြီး
၂၀။ ပွဲကျောင်းသား မိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပဒ္မလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွှမ်းငွေ့တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီညို့နှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ မဥမမြောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းကောရီ
၃၂။ ဂမ္ဘီရတစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်

www.burmeseclassic.com

www.burmeseclassic.com

၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နှတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ခင်္ဂါး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနောယကွ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိုန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဗိဝံမိုးရွှေလိုတ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် ဝိနိုဝန်းနီနီ
၅၃။ ရေပြာဖိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထိဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သဇင်မြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျမ္ဒါမင်းသင်နှင့်သေမင်းနာရီစင်
၆၁။ ခေါင်းမင်းရာဇာ
၆၂။ မောင်နံ့စုနစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ဂျမ္ဒါမင်းသင်နှင့် သစ္စာတော်ခံ
၆၆။ ဖြူသွဲ့လုံးကျော်
၆၇။ ယကွည်မောင်
၆၈။ တိမ်ကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်



BURMESE CLASSIC .com

# မင်းမြတ်သူရ

# ပုလဲပင်လယ်အော်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပင်လယ်ကမ်းရိုးတန်းရှိ ကျောက်ဆောင်ပုန်းများ ထူထပ်သောနေရာ၌ ပင်လယ်ကူးသင်္ဘောများ သိမြင်နိုင်ရန် မီးပြတိုက်များ တည်ဆောက်ထားလေ့ရှိသည်။

ထိုမီးပြတိုက်များ၏ အလင်းရောင်ကြောင့် ပင်လယ်ကူးသင်္ဘောများသည် ကျောက်ဆောင်ပုန်းများကို တွေ့မြင် ရှောင်တိမ်းနိုင်ပြီး ဘေးရန်အပေါင်းမှ လွတ်မြောက်နိုင်ခဲ့၏။

မီးပြတိုက်များ၏ အလင်းရောင်ကို ရာသီဥတုကြည်လင်

—— စေတနာစာပေ ——

www.burmeseclassic.com

www.burmeseclassic.com



သောအချိန်၌ မိုင်ပေါင်းများစွာကပင် မြင်တွေ့နိုင်သော်လည်း မြူနှင်းများထူထပ်သော အချိန်၌မူ မီးပြတိုက်၏အလင်းရောင်ကို သင်္ဘောများ မြင်တွေ့နိုင်ခြင်းမရှိချေ။

ထို့ကြောင့် ရာသီဥတု ဆိုးဝါးသောအချိန်၌ ပင်လယ်ကူး သင်္ဘောများ ကျောက်ဆောင်ပုန်းများကို ရှောင်ကွင်းနိုင်ရန် မီးပြတိုက်များ၌ လွန်စွာကြီးမားသော ခေါင်းလောင်းကြီးကို တခေါင်ခေါင်မြည်အောင် တီးခတ်လေ့ရှိ၏။

ထိုခေါင်းလောင်းသံကို ၁၀ မိုင်၊ ၁၅ မိုင် အကွာအဝေးကပင် ကောင်းစွာကြားသိနိုင်သဖြင့် သင်္ဘောများကို ကျောက်ဆောင်ပုန်းများ၏ ဘေးရန်မှ ကင်းလွတ်နိုင်ခဲ့၏။

ထိုခေါင်းလောင်းကြီးများကို မီးပြတိုက်၏အောက်ခြေ၌ သံမဏိကြိုးများဖြင့် ဆိုင်းချည်ထားပြီး စက်ယန္တရားများဖြင့် တီးခတ်ကြ၏။

ထိုသို့ ပင်လယ်ကူးသင်္ဘောများကို ဘေးရန်အပေါင်းမှ





ကယ်တင်နိုင်ရန် မီးပြတိုက်များ၌ မီးပြတိုက်အစောင့်တစ်ဦး ထားရှိလေ့ရှိ၏။

မီးပြတိုက်အစောင့်သည် ကမ်းမမြင် လမ်းမမြင် ပင်လယ် ပြင်ရှိ ကျွန်းကလေးပေါ်၌ အထီးကျန်စွာ နေထိုင်ပြီး မီးပြတိုက်၏ တာဝန်များကို ထမ်းဆောင်လေ၏။

မီးပြတိုက်အစောင့်၏တာဝန်မှာ မီးပြတိုက်၏ စက်ယန္တရားများကို ပြုပြင်ထိန်းသိမ်းရပြီး ပင်လယ်ပြင်၌ မြူနှင်းများ ကျရောက်နေချိန်၌ မီးပြတိုက်ကြီးမှ ခေါင်းလောင်းကြီးများကို ထိုး၍ပင်လယ်ကူးသင်္ဘောများကို ဘေးရန်မှ ကာကွယ်ပေးရ၏။

ကျွန်ုပ်သည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိ မီးပြတိုက်တစ်တိုက်၌ မီးပြတိုက်အစောင့်အလုပ်ကို လုပ်ကိုင်လေ၏။

မီးပြတိုက်စောင့် အများစုသည် ပင်လယ်ထဲရှိ ကျွန်းငယ်လေး၌ တစ်ကိုယ်တည်း အထီးကျန်စွာနေထိုင်ကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကမူ မီးပြတိုက်ရှိသော ကျွန်းလေး၌ မိသားစုနှင့်အတူ နေထိုင်လေ၏။

ကျွန်ုပ်နှင့်အတူနေထိုင်သူများမှာ ဖနီးဖြစ်သူ မမြဖူးနှင့် သားဖြစ်သူ ရွှေခဲ ငွေခဲ ညီအစ်ကိုဖြစ်၏။

ယခင်က ကျွန်ုပ်၏ မိသားစုသည် မြိတ်ကျွန်းစု၌ နေထိုင်ကြပြီး ကျွန်ုပ်တစ်ယောက်တည်း မီးပြတိုက်စောင့်ဘဝဖြင့် အထီးကျန် နေထိုင်ရကြောင်း မမြဖူးသိရှိသောအခါ ကျွန်ုပ်ရှိရာ ကျွန်းသို့ မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ခဲ့၏။

မီးပြတိုက်စောင့်အတွက် ရိက္ခာအနေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်နှင့် ငါးခြောက်ငါးခြမ်းများကို ရရှိသော်လည်း ကျွန်ုပ်တို့မိသားစုသည် ကျွန်း၌ ကိုယ်ပိုင်စိုက်ခင်း တစ်ခုပြုလုပ်ထားလေ၏။

ထိုစိုက်ခင်းများမှ ဟင်းသီးဟင်းရွက်အမျိုးမျိုးကို ရရှိပြီး ကျွန်ုပ် ငါးမျှားထွက်သည့်အခါ ပင်လယ်ငါးအမျိုးမျိုးနှင့် ခရု





များကို ရရှိလေ၏။

ကျွန်ုပ်တို့မိသားစုသည် ကမ်းမမြင် လမ်းမမြင်ပင်လယ်ပြင်၌ အထီးကျန်စွာ နေထိုင်ကြသော်လည်း ပျင်းရိငြီးငွေ့ခြင်း မရှိဘဲ ပျော်ရွှင်စွာ နေထိုင်နိုင်လေ၏။

ကျွန်ုပ်၏သားနှစ်ယောက်သည် ကျွန်း၌ ရေကူးလိုက်၊ ငါးမျှားလိုက်၊ သီးပင်စားပင်များကို ခူးဆွတ်လိုက်ဖြင့် ပျော်ရွှင်နေလေ၏။

ကျွန်ုပ်သည် ကျွန်းသို့ ဇနီးဖြစ်သူ လိုက်လာမည်ဆိုစဉ်က တားဆီးရန်ကြိုးစားသေး၏။ သို့သော် သားနှစ်ယောက်ကပါ ဖခင်ဖြစ်သူနှင့် အတူနေချင်သည်ဟု ပူဆာနေသဖြင့် တားဆီးခြင်း မရှိတော့ချေ။

ကျွန်ုပ်၏ မိသားစုကို အစိုးရက မော်တော်ဘုတ်ဖြင့် လိုက်လံပို့ဆောင်ပေးကြ၏။

ကျွန်ုပ်၏ ဇနီးနှင့်သားနှစ်ယောက်သည် မီးပြတိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့်နေ့မှာပင် ကျွန်းအနှံ့ပျော်ရွှင်စွာ လိုက်လံကြည့်ရှုလေ၏။

သားနှစ်ယောက်သည် ကျွန်းအနှံ့၌ရှိသော ပဒက်၊ ယုန်၊ ခါ၊ ငုံး စသော သတ္တဝါငယ်လေးများကို လိုက်လံဖမ်းဆီးကြလေ၏။

ကျွန်ုပ်သည် ကျွန်း၌ မိမိတစ်ဦးတည်းနေထိုင်စဉ်က မီးပြတိုက်ကြီး၏ အောက်ရှိ အခန်းငယ်လေး၌ နေထိုင်၏။

သူ၏မိသားစု မီးပြတိုက်သို့ ရောက်ရှိသောအခါ ကျွန်း၏ လေကွယ်ရာနေရာ၌ တဲအိမ်တစ်လုံး ဆောက်လေ၏။

ကျွန်ုပ်သည် မီးပြတိုက်စောင့်အဖြစ် ကျွန်း၌ တစ်နှစ်နီးပါးလုပ်ကိုင်ရပေဦးမည်။

တစ်နှစ်ပြည့်ပါက မီးပြတိုက်စောင့်အလုပ်မှ နုတ်ထွက်ပြီး မြေပြန့်ဒေသသို့ ပြန်ကာ သားနှစ်ယောက်ကို ကျောင်းပြန်ထားရန် ဆန္ဒရှိ၏။





ကျွန်ုပ်သည် ကျွန်း၌ သားနှစ်ယောက် အချိန်ကုန်လွန်နေပုံကို ကြည့်၍ မမြဖူးအား

"ကိုယ့်သားနှစ်ယောက် ကျွန်းပျော်ကြီးတွေလုပ်နေတာ မသင့်တော်ဘူးကွ၊ သူတို့ရဲ့အသက်တွေက ငယ်ငယ်လေးရှိသေးတယ်၊ သူတို့ကျောင်းနေရဦးမယ်"

ဟုပြောလိုက်ရာ မမြဖူးက သက်ပြင်းချ၍

"ရှင် မီးပြတိုက်စောင့်အလုပ်ကထွက်ပြီးရင် ကလေးနှစ်ယောက်ကို ကျောင်းပြန်နေခိုင်းဖို့ ကျွန်မ စိတ်ကူးပြီးသားပါ၊ ဘာမှမပူပါနဲ့"

ဟုပြောလေရာ ကျွန်ုပ်က ပင်လယ်ပြင်ကိုငေးမော ကြည့်၍

"ကျွန်းပေါ်မှာနေတုန်း ကိုယ့်စုထားတဲ့ ငှက်သိုက်တွေရှိတယ်၊ ငှက်သိုက်တွေကိုရောင်းပြီးတော့ မြိတ်နဲ့ ပသျှူးကျွန်းဆွယ် ကုန်ကူးသန်းရောင်းဝယ်မယ်လို့ စိတ်ကူးတယ်"



www.burmeseclassic.com

ဟုပြောလေ၏။ မမြဖူးက စိတ်အားထက်သန်သော အမူအရာဖြင့် ကျွန်ုပ်ကိုကြည့်၍

"ပသျှူးကျွန်းဆွယ်ကိုသွားရင် ကျွန်မတို့လဲ လိုက်ချင်တယ်၊ ကျွန်မတို့ အဘိုးတွေ လက်ထက်တုန်းက ပသျှူးတွေနဲ့ ပုလဲအရောင်းအဝယ်လုပ်ခဲ့တာရှင့်၊ ဒါပေမဲ့ ကျွန်မတို့ ပသျှူးကျွန်းဆွယ်ကို သွားဖို့ အဆင်ပြေပါ့မလား"

ဟုမေးမြန်းလေ၏။

ကျွန်ုပ်က ပင်လယ်ပြင်ကို လှမ်းမျှော်ကြည့်၍

"ပသျှူးကုန်သည်တွေနဲ့ အဆက်အသွယ်ကောင်းကောင်းရှိပါတယ်၊ သူတို့ မီးပြတိုက်ကို မကြာမကြာလာပြီး ငှက်သိုက်တွေ ယူလေ့ရှိတယ်၊ သူတို့နဲ့လိုက်ပြီး ပသျှူးကျွန်းဆွယ်ကို သွားလို့ရပါတယ်"

ဟုပြောလေ၏။

ထိုအခါ မမြဖူးက စိတ်အားထက်သန်စွာဖြင့်





"ပသျှူးကျွန်းဆွယ်ကိုရောက်တော့မှ ပါတိတ်ထဘီတွေ အများကြီးဝယ်ပြီး မြိတ်နဲ့ကော့သောင်းမှာ ပြန်ရောင်းရင် စီးပွားတော်တော်ဖြစ်မယ်"

ဟုပြောလေ၏။

ကျွန်ုပ်သည် သူ၏အနာဂတ်အိပ်မက်များ ကြံစည်ရင်းတစ်နှစ်ကျော်မျှ အချိန်ကုန်လွန်ခဲ့၏။

ထိုအခါ အစိုးရမော်တော် ကျွန်းသို့ဆိုက်ရောက်လာပြီး ကျွန်ုပ်နေရာ၌ အစားထိုးမည့် မီးပြတိုက်စောင့်ကို တစ်ပါတည်း ခေါ်ဆောင်လာလေ၏။

မီးပြတိုက်အစောင့်သည် လူရွယ်တစ်ဦးဖြစ်၏။ ကျွန်ုပ်တို့သည် မော်တော်ဘုတ်နှင့်လိုက်မသွားသေးဘဲ ကျွန်း၌ပင်ဆက်လက်နေထိုင်ပြီး မီးပြတိုက်အစောင့်ကို သိသင့်သည်များကို သင်ပြပေးလေ၏။

ထိုအချိန်အတွင်း ကျွန်ုပ်တို့မိသားစုသည် ပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားလေ၏။

ရက်အနည်းငယ်ကြာသောအခါ ပဿူးကုန်သည်များ၏ သင်္ဘောသည် မီးပြတိုက်ရှိရာကျွန်းအနီးသို့ ဆိုက်ကပ်လာ၏။

ပဿူးကုန်သည်ကြီး အာမက်သည် ကျွန်းအနီးသို့လှေငယ်လေးဖြင့် ဆိုက်ကပ်လာ၏။

ကျွန့်ပ်က ကုန်သည်ကြီးကို ကြိုဆို၍ မိမိရရှိထားသော ငှက်သိုက်များကို ပြသလိုက်ရာ ကုန်သည်ကြီးအာမက်၏ မျက်နှာ ဝင်းပသွားပြီး

"သိပ်ကောင်းတဲ့ ငှက်သိုက်တွေပဲ၊ ကျွန့်ပ်ကို ဈေးအများကြီးပေးရမယ်၊ နောင်လည်း ငှက်သိုက်တွေ အများကြီးရှာထားပါ"

ဟုပြောလေ၏။ ကျွန့်ပ်က ကုန်သည်ကြီးအာမက်ကို ကြည့်၍





"ကျုပ်အတွက် ငှက်သိုက်ရောင်းတာ ဒီအချိန်နောက်ဆုံးပဲ၊ ကျုပ် ဒီကျွန်းက ပြောင်းရတော့မယ်၊ ဒါကြောင့် ကုန်သည်ကြီးကို ကျုပ်အရင်တုန်းကပြောသလို ပဿူးကျွန်းဆွယ်ကို အလည်လိုက်ခွင့်ပြုပါ၊ ကျုပ်နဲ့အတူ ကျုပ်မိသားစုလည်းလိုက်ချင်လို့ပါ"

ကုန်သည်ကြီးအာမက်သည် ငှက်သိုက်များမရနိုင်တော့သဖြင့် စိတ်ပျက်သွားပြီး ကျွန့်ပ်တို့ မိသားစုကို ပဿူးကျွန်းဆွယ်သို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်းပြောလေ၏။

ထိုအခါ ကျွန့်ပ်က ကုန်သည်ကြီးကိုကြည့်၍

"ငှက်သိုက်ရအောင် တောင်မြင့်ကြီးတွေပေါ်ကို တွယ်ကပ် ပြီးတက်မှရတယ်၊ ကျုပ်နေရာမှာ အစားဝင်လာတဲ့ မီးပြတိုက်စောင့်ဟာ သူရသတ္တိရှိမယ်ဆိုရင် ငှက်သိုက်တွေ ရလိမ့်မယ်၊ ခင်ဗျားတို့ သူ့ဆီက ငှက်သိုက်ရနိုင်ပါလိမ့်မယ်"

ဟုပြောလိုက်ရာ ကုန်သည်ကြီးအာမက်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲ”

ဟုရေရွတ်နေလေတော့၏။





ယမ်း၍

“ငှက်သိုက်ရဖို့က မလွယ်ဘူး၊ အသက်ကိုစွန့်ဝံ့တဲ့ သတ္တိရှိမှရမယ်၊ ကျုပ်တို့အတွက် မျှော်လင့်ချက်မရှိနိုင်တော့ ပါဘူး”

ဟုစိတ်ပျက်ဟန်ဖြင့် ပြောဆိုလေ၏။

မီးပြတိုက်အစောင့်လူရွယ်သည် ကျွန်ုပ်တို့မိသားစုအား ကမ်းစပ်သို့ လိုက်လံပို့ဆောင်ပေးလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့မိသားစုသည် ပသျှူးလှေကြီး ရှိရာသို့ လှေငယ်လေးဖြင့် လိုက်ပါခဲ့၏။

ကျွန်ုပ်သည် လှေငယ်လေးပေါ်မှ မီးပြတိုက်ကို လှမ်း မျှော်ကြည့်၍ လေသံတိုးတိုးဖြင့်

“မီးပြတိုက်ကြီးက တာဝန်ကျေပါတယ်၊ ဒီနေရာမှာ နေပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့တယ်၊ အသက်မဲ့တဲ့ မီးပြတိုက်ကတောင် လောကကို အကျိုးပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်တို့မိသားစုသည် ပသျှူးရွက်လှေကြီးဖြင့် လိုက်ပါလာခဲ့၏။

ပသျှူးရွက်လှေကြီး၌ ရွက်တိုင်သုံးတိုင်ပါရှိပြီး သင်္ဘောသားအားလုံး ပသျှူးများပင်ဖြစ်ကြ၏။

ပသျှူးသင်္ဘောသားများ၏ ရိုင်းပြသောမျက်လုံးများသည် ချောမောလှပသော ကျွန်ုပ်၏ဇနီးထံ၌ ရစ်ဝဲနေလေ၏။





ပသျှူးကုန်သည်ကြီးသည် ကျွန်ုပ်တို့မိသားစုအား အခန်းငယ်လေးတစ်ခန်း၌ နေရာချပေးလေ၏။

ကျွန်ုပ်၏ သားငယ်နှစ်ယောက်သည် ကုန်းပတ်ပေါ်သို့တက်၍ ပင်လယ်ပြင်ရှုခင်းများကို ကြည့်ရှုကာ သဘောကျနေလေ၏။

ကျွန်ုပ်၏ဇနီးသည် မမြဖူးက ပသျှူးများကိုမသိမသာကြည့်၍

"ဒီလူတွေကြည့်ရတာ တကျာရူးတွေနဲ့တူတယ်၊ ကျွန်မတစ်ကိုယ်လုံးကို စားမတတ် ဝါးမတတ်ကြည့်နေတယ်"

ဟုပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍

"သူတို့ဟာ ကမ်းမမြင် လမ်းမမြင်တဲ့ ပင်လယ်ထဲမှာ ခရီးသွားနေတဲ့ သင်္ဘောသားတွေကွ၊ သူတို့ မိန်းမတွေနဲ့ ကင်းကွာနေတာ ကြာပြီ၊ ဒီလိုလူမျိုးတွေဟာ မိန်းမတွေအတွက် အန္တရာယ် သိပ်ကြီးတယ်၊ မင်းရဲ့အနေအထိုင်ဆင်ခြင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့မှာ မပေါ်တပေါ် အဝတ်တွေ မဝတ်ပါနဲ့''

ဟုပြောလေ၏။ မမြဖူးက ရင်ဘတ်ကို လက်ဖြင့်ဖိ၍

''ရင်မောစရာပါလားနော်''

ဟုရေရွတ်နေလေ၏။

ကျွန်ုပ်တို့လိုက်ပါလာသော ပသျှူးသင်္ဘောပေါ်၌ မြန်မာ ရတနာများဖြစ်သော ငါးကြီးအန်ဖတ်၊ ငှက်သိုက်နှင့် ပုလဲများ ပါရှိ၏။

ကျွန်ုပ်တို့သင်္ဘောသည် ကပ္ပလီကျွန်းစုကို ကျော်လွန်ပြီး ရေလက်ကြားကို ဖြတ်သန်းခဲ့လေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်၏ဇနီးသည် မမြဖူးနှင့်သားနှစ်ယောက်သည် ရွက်လှေကြီးထဲရှိအခန်းငယ်လေး၌သာ အနေများလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သင်္ဘောသည် နီကိုဗာ ကျွန်းစုများဆီသို့ ရောက်ရှိခဲ့လေ၏။





နီကိုဗာကျွန်းသည် ကပ္ပလီကျွန်းနှင့် ရေမိုင် ၇၅မိုင် ကျော်၍ တည်ရှိပြီး ဗြိတိသျှလက်အောက်၌ တည်ရှိလေ၏။ ထိုကျွန်းများ၌ လူနေအိမ်မရှိသော ကျွန်းများလည်းရှိ၏။ ကျွန်ုပ်တို့လိုက်ပါလာသော ပသျှူးရွက်လှေကြီးသည် ပသျှူး ကျွန်းဆွယ်သို့ ဦးတည် သွားလာနေသည်။

ထိုနေ့ညတွင် လှေဦးပေါ်၌ ဆူဆူညံညံအသံများ ကြားရသဖြင့် ကျွန်ုပ်သည် အခန်းထဲမှထွက်ခဲ့၏။ ထိုအခါ ပင်လယ်ပြင်တစ်ခုလုံး ရဲရဲနီနေသဖြင့် ကျွန်ုပ်မျက်လုံးပြူး သွားပြီး မုန်တိုင်းဟု အထိတ်တလန့် ရေရွတ်လိုက်၏။ ကျွန်ုပ် သည် မီးပြတိုက်စောင့်အဖြစ် ပင်လယ်ထဲ၌ နေထိုင်ခဲ့ဖူးသဖြင့် မုန်တိုင်းအကြောင်း ကောင်းကောင်းသိ၏။ ထို့ကြောင့် အခန်း ငယ်လေးထဲသို့ ပြန်ဝင်သွားပြီး

'' မင်းတို့အားလုံး သတိထားကြ၊ ကောင်းကင်တစ်ခု လုံး နီရဲနေတယ်။ မုန်တိုင်းတိုက်တော့မယ်။ ငါအထင်တော့



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပြင်းထန်တဲ့ လေနီကြမ်းတိုက်မယ်ထင်တယ်''

ဟုပြောလိုက်လေရာ ကျွန်ုပ် မိသားစုသည် အထိတ်တလန့်ဖြစ်သွားကြ၏။

ကျွန်ုပ်က စိတ်လှုပ်ရှားနေသော မမြဖူးကို နှစ်သိမ့်၍

''သိပ်လည်း ပူမနေပါနဲ့ကွာ၊ အနီးဆုံးကျွန်းတစ်ကျွန်းကို ကပ်ပြီး မုန်တိုင်းကိုရှောင်လို့ရနိုင်မှာပါ''

ဟုပြောပြီး ကုန်းပတ်ပေါ်သို့ ပြေးထွက်ခဲ့၏။ ကုန်းပတ်ပေါ်၌ မိုးဖွဲဖွဲစတင်ရွာသွန်းလာ၏။ လေပြင်းများလည်း တိုက်ခတ်စပြု၏။ကျွန်ုပ်သည် မာလိန်မှူးအခန်းသို့ သွား၍

''အနီးဆုံးကျွန်းတစ်ကျွန်းသို့ ကပ်ပြီးမုန်တိုင်းရှောင်လို့ မရဘူးလား''

ဟုမေးမြန်းလိုက်ရာ မာလိန်မှူးကြီးက ခေါင်းခါယမ်းလိုက် ပြီး

''ဒီအနီးမှာ ဘာကျွန်းမှမရှိဘူး၊ ကျုပ်တို့သင်္ဘောနဲ့





မုန်တိုင်းတည့်တည့်ကြီးတိုးနေပြီ၊ ရင်ဆိုင်ဖို့ပဲရှိတော့တယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ ရင်ထဲတွင် လေးလံသွားလေ၏။ သင်္ဘောအမှုထမ်းဘိုဆင်တစ်ဦးသည် ပသျှူးသင်္ဘောသားများကို ရွက်များကို အမြန်ချရန် ညွှန်ကြားနေလေ၏။

လေပြင်းများ တဝေါဝေါပြင်းထန်လာသဖြင့် ကျွန်ုပ်သည် ကုန်းပတ်ပေါ်သို့တက်၍ ကောင်းကင်ကိုမော့ကြည့်လိုက်၏။

ကျွန်ုပ်တို့ အရှေ့တည့်တည့်ကောင်းကင်၌ အနီရဲဆုံးဖြစ်ပြီး မုန်တိုင်း၏ ဦးတည်ရာကို မြင်လိုက်ရသဖြင့် ရင်ထိတ်သွားပြီး မိသားစုရှိရာသို့ ပြေးခဲ့လေ၏။ ကျွန်ုပ်၏ဇနီး မမြဖူးက စိတ်လှုပ်ရှားဟန်ဖြင့်

''ဘယ်လိုလုပ်မလဲဟင်''

ဟုမေးမြန်းလေ၏။ ကျွန်ုပ်က သားနှစ်ယောက်၏ပခုံးကို ဖက်၍



www.burmeseclassic.com

www.burmeseclassic.com



"အနီးဆုံးကျွန်းမှာ သင်္ဘောကို တိမ်းရှောင်ဖို့မဖြစ်နိုင်တော့ဘူး၊ လေနီကြမ်းရဲ့ အရှိန်က သိပ်ပြင်းတယ်၊ မုန်တိုင်းရဲ့ လမ်းကြောင်းက ငါတို့သင်္ဘောဆီကို တည့်တည့်ဦးတည်လာပြီ၊ ငါတို့ မုန်တိုင်းနဲ့ ထိပ်တိုက်ကြုံတော့မှာသေချာတယ်"

ဟုပြောလိုက်ရာ သတ္တိကောင်းသော သားနှစ်ယောက်သည် ထိတ်လန့်ဟန်မရှိဘဲ သားကြီးဖြစ်သူ ရွှေခဲက

"မုန်တိုင်းလာလဲ ဘာဖြစ်လဲအဖေရာ၊ လာမဲ့ဘေးပြေးတွေ့ကြတာပေါ့၊ ကျုပ်တို့မကြောက်ပါဘူးဗျ"

ဟု ပြောလေ၏။ သားငယ်ငွေခဲကလည်း လက်သီးဆုပ်၍

"သားလဲမကြောက်ဘူးအဖေ၊ သေတစ်နေ့ မွေးတစ်နေ့လို့ အဖေပြောဖူးတယ်မဟုတ်လား"

ဟုပြောလေ၏။

ကျွန်ုပ်က သားနှစ်ယောက်၏ ရဲရဲတောက်စကားများကို





သဘောကျသွားပြီး

"ဒီလိုမှပေါ့ကွာ၊ ကြောက်တဲ့သူဟာ တစ်သက်မှာ တစ်ခါမက သေရတယ်ကွ"

ဟုပြောလိုက်၏။ ကျွန်ုပ်က ဇနီးဖြစ်သူ မမြဖူး၏ပခုံးကို ဖက်၍

"သင်္ဘောက မုန်တိုင်းကို ရှောင်လို့မရတော့ဘူးဆိုတော့လဲ ရင်ဆိုင်ရုံပဲရှိတော့တာပေါ့ကွာ၊ ငါတို့လုပ်နိုင်တဲ့အလုပ်က ဆုတောင်းဖို့ပဲကွ၊ ငါကုန်းပတ်ပေါ် သွားကြည့်ဦးမယ်၊ မင်းတို့ မိသားစု သတိထားနေနော်"

ဟုပြောကာ ကုန်းပတ်ပေါ်သို့ တက်သွားပြန်၏။

ထိုအခါ ကုန်းပတ်ပေါ်၌ လေပြင်းများပြင်းထန်စွာ တိုက်ခတ်နေပြီး ပင်လယ်လှိုင်းလုံးကြီးများသည် သင်္ဘောကို အုပ်မိုးလုမတတ် ဖြစ်နေလေ၏။

ကုန်းပတ်ပေါ်ရှိ ရေစည်များနှင့် ပစ္စည်းကိရိယာ



www.burmeseclassic.com

www.burmeseclassic.com



များသည် ပင်လယ်ထဲသို့ လွင့်စင်ကျကုန်လေ၏။

ပသျှူးကုန်သည်ကြီး အာမက်ကို တစ်ကိုယ်လုံးရွှံ့စိုပြီး ထိတ်လန့်နေသောအမူအရာဖြင့် တွေ့ရပြီး အာမက်က

"အလ္လာရှင်ကိုပဲ အားကိုးရတော့မယ်၊ ကျုပ်တို့အတွက် လမ်း မရှိတော့ဘူး"

ဟုပြောလေ၏။

ကျွန်ုပ်တို့သင်္ဘောသည် ရွက်တိုင်များအားလုံး ချထားပြီး လှိုင်းလုံးကြီးများအကြား၌ မြုပ်ချည် ပေါ်ချည်ဖြစ်နေလေ၏။

ကျွန်ုပ်လည်း ကုန်းပတ်ပေါ်၌ သင်္ဘောသားများကို ကူညီလုပ်ကိုင်ပေးလိုက်၊ မိသားစုထံပြေးလိုက်ဖြင့် အလုပ်ရှုပ် နေလေ၏။

မုန်တိုင်းသည် တစ်ညလုံးလိုလို တိုက်ခတ်နေပြီး နောက်တစ်နေ့နံနက်၌ ပိုမိုပြင်းထန်လာ၏။

သင်္ဘောပေါ်ရှိ လူများသည် မည်သူမျှ မနားရဘဲ





မုန်တိုင်းကို ကြံ့ကြံ့ခံနေရ၏။

ကျွန်ုပ်တို့မိသားစုသည်လည်း အခန်းငယ်လေး၌မုန်တိုင်း ဒဏ်ကို ခံနေရ၏။ ဇနီးဖြစ်သူသည် သားနှစ်ယောက်ကို ထိန်းသိမ်းရင်း အစားအသောက်အတွက် ကျွန်ုပ်ယူဆောင်လာ သော ရိက္ခာခြောက်များကို စားသောက်လေ၏။

ကျွန်ုပ်သည် မာလိန်မှူးအခန်းထဲသို့ပြေးဝင်၍ အခြေ အနေကို စောင့်ကြည့်လိုက်ရာ မာလိန်မှူးကိုယ်တိုင် လမ်း ပျောက်နေကြောင်းတွေ့ရ၏။

ကျွန်ုပ်တို့သည် တစ်နေကုန် အစားမစားရဘဲ ဘီစကစ် မုန့် များကိုသာ ဝါးစားနေရ၏။

မုန်တိုင်းသည် ငြိမ်သက်သွားခြင်းမရှိဘဲ ပိုမိုပြင်းထန်၍ သာနေလေ၏။

ကျွန်ုပ်တို့သင်္ဘောသည် လေပြင်းနှင့်အတူ တောင်ရှူးရှူး သို့ မျောပါသွားလေ၏။ မုန်တိုင်းကြောင့် ပင်လယ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ရက်ပေါင်းများစွာ မျောနေရသဖြင့် ပသျှူးကျွန်းဆွယ်ကိုကျော်လွန်ပြီး မည်သည့်အရပ်သို့ ရောက်ရှိနေသည် မသိတော့ချေ။

သင်္ဘောပေါ်ရှိ ပသျှူးသင်္ဘောသားများသည် မုန်တိုင်းဒဏ်ကို ငါးရက်နီးပါး ရင်ဆိုင်နေရသဖြင့် အလွန်ပင်ပန်းနေလေ၏။

၎င်းတို့သည် လေပြင်းနှင့် ကြီးမားသော လှိုင်းလုံးများကြားမှ သင်္ဘောမမြုပ်အောင် ကြိုးစားနေသော်လည်း မခံနိုင်လောက်အောင် ပင်ပန်းနေသည်ဖြစ်၏။

ပသျှူးသင်္ဘော၏ အခြေအနေမှာလည်း အလွန်ဆိုးဝါးနေ၏။ သင်္ဘောရွက်တိုင်များအားလုံး ပျက်စီးနေ၏။ သင်္ဘော၏ဝမ်းထဲ၌လည်း ရေများပြည့်လျှံနေ၏။

ကျွန်ုပ်၏ဇနီးနှင့် သားနှစ်ယောက်လည်း ပြင်းထန်သောမုန်တိုင်းဒဏ်ကို နေ့စဉ်ရက်ဆက် ခံနေရ၏။

ကျွန်ုပ်သည် လူမမယ် သားနှစ်ယောက် မုန်တိုင်းဒဏ်ခံ





နေရခြင်းကိုကြည့်၍ မချိတင်ကဲ ခံစားရပြီး ပသျှူးကျွန်းဆွယ်သို့ သွားခဲ့ခြင်းကို မှားလေပြီဟု တွေးမိ၏။

ကျွန်ုပ်သည် သားနှစ်ယောက်၏ ပခုံးကိုဖက်၍

"မင်းတို့ကြောက်နေကြသလား၊ မကြောက်ကြနဲ့နော်၊ အဖေတို့ မုန်တိုင်းကို ကျော်လွန်တော့မှာပါ"

ဟု အားပေးစကားပြောလိုက်၏။ ကျွန်ုပ်၏ရင်ထဲတွင်လည်း မုန်တိုင်းပြီးဆုံးတော့မည်ဟု ထင်မြင်နေမိ၏။

ထိုအခိုက်မှာပင် ပသျှူးသင်္ဘောသားများ ဆူဆူညံညံအော်ဟစ်သောအသံကို ကြားရသဖြင့် ဇနီးဖြစ်သူ မမြဖူးက

"ကုန်းပတ်ပေါ်မှာ ဘာဖြစ်နေလဲမသိဘူး"

ဟုရေရွတ်လိုက်လေ၏။

ဇနီးဖြစ်သူ၏ စကားဆုံးသည်နှင့်

"ဝုန်း" ခနဲမြည်သော အသံကြီးကို ကြားလိုက်ရပြီး သင်္ဘောတစ်စီးလုံး သိမ့်သိမ့်တုန်သွားပြီး ဇနီးသည်နှင့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဝုန်းခနဲ ပြိုလဲကျသွား၏။

ကျွန်ုပ်ကိုယ်တိုင်လည်း တိုင်တစ်လုံးကို ခိုဆွဲထားပြီး မလဲပြိုအောင် ကြိုးစားနေလေ၏။

ကျွန်ုပ်တို့သင်္ဘော ကျောက်ဆောင်နှင့်တိုက်မိသွားပြီထင်၏။

သင်္ဘောပေါ်ရှိ ပသျှူးသင်္ဘောသားများ ဆူညံပွက်နေ၏။

ကျွန်ုပ်သည် မိသားစုကို ထားရစ်ခဲ့ပြီး ကုန်းပတ်ပေါ်သို့ ပြေးထွက်ခဲ့၏။

ကုန်းပတ်ပေါ်ရှိ သင်္ဘောသားများသည် အသက်ကယ်လှေတစ်စီးကို ရေထဲသို့ချရန် ကြိုးပမ်းနေကြ၏။

ကျန်သော သင်္ဘောသားများက ရေးရေးမြင်နေရသော ကုန်းမြေတစ်ခုကို လက်ညှိုးညွှန်၍

"ကုန်းမြေကိုတွေ့ပြီဟေ့"

ဟု အော်ဟစ်နေကြ၏။





မုန်တိုင်းသည် အရှိန်အဟုန်အလွန်ပြင်းထန်ဆဲဖြစ်ပြီး သင်္ဘောနစ်မြုပ်တော့မည်ထင်ရ၏။

ထို့ကြောင့်ပင် သင်္ဘောသားများသည် သင်္ဘောကိုစွန့်ခွာရန် ပြင်ဆင်နေခြင်းဖြစ်၏။

ကျွန်ုပ်သည် သင်္ဘောအနောက်၌ အသက်ကယ်လှေတစ်စီးကို ထပ်မံတွေ့ရသဖြင့် ကျွန်ုပ်တို့အားလုံးအတွက် လုံလောက်ကြောင်း သတိပြုမိ၏။

ကျွန်ုပ်သည် သင်္ဘောမှခွာရန် မိသားစုကို ကုန်းပတ်ပေါ်သို့ ခေါ်လိုက်၏။

ထိုအချိန်၌ ပသျှူးကုန်သည်ကြီးနှင့် သင်္ဘောသားများသည် အသက်ကယ်လှေပေါ်သို့ စုပြုံတက်သွား၏။

ကျွန်ုပ်က ရွက်ကြိုးများကို ဆွဲကိုင်၍ ကုန်သည်ကြီးအား

"ကျုပ်တို့မိသားစု ဘာနဲ့လိုက်ရမှာလဲ"

ဟုမေးမြန်းလိုက်ရာ ပသျှူးကုန်သည်ကြီးက ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အဓိပ္ပာယ်တစ်မျိုးဖြင့်ကြည့်၍

"ခင်ဗျားတို့မိသားစု သင်္ဘောအနောက်က အသက်ကယ်လှေနဲ့ လိုက်ခဲ့တော့"

ဟုအော်ဟစ်ပြောဆိုလေ၏။

ပသျှူးများသည် ကျွန်ုပ်တို့မိသားစု တစ်စုတည်းကိုသာ သင်္ဘောပေါ်၌ ချန်လှပ်ထားခဲ့ပြီး လှိုင်းလုံးကြီးများကြားသို့ ဆင်းသက်သွား၏။

ကျွန်ုပ်သည် ပသျှူးများ၏အမူအရာကို မသင်္ကာဖြစ်မိပြီး လှိုင်းလုံးများကြား၌ လူးလိမ့်နေရာမှ သင်္ဘောအနောက်သို့ ပြေးကြည့်လေ၏။ သင်္ဘောပေါ်ရှိ တစ်စီးတည်းကျန်နေသော အသက်ကယ်လှေသည် ကြမ်းပြင်တစ်ခုလုံး စကာပေါက်ဖြစ်နေ၏။

ကျွန်ုပ်သည် ပသျှူးများ၏ ကောက်ကျစ်ယုတ်မာပုံကို ရိပ်စားမိသွားပြီး ဒေါသတကြီး တက်ခေါက်လိုက်မိ၏။





မမြဖူးသည် ကျွန်ုပ်၏အနီးသို့ လှိုင်းလေများကြားမှ ရောက်ရှိလာပြီး

"ဘာဖြစ်လို့လဲ"

ဟုမေးမြန်းလိုက်ရာ ကျွန်ုပ်က ဒေါသတကြီးဖြင့်

"ပသျှူးကောင်တွေ ငါတို့ကို အကျင့်ယုတ်သွားပြီ၊ သင်္ဘောပေါ်မှာ အသက်ကယ်လှေတစ်စီးပဲရှိတယ်၊ သူတို့အားလုံး ကောင်းတဲ့လှေနဲ့လိုက်သွားပြီး ငါတို့အတွက် ထားခဲ့တဲ့လှေက ဇကာပေါက်ကြီး"

ဟုပြောလိုက်ရာ ဇနီးသည်သည်

"ဒုက္ခပါပဲရှင်"

ဟု အလန့်တကြားရေရွတ်လိုက်၏။

ကျွန်ုပ်သည် လှိုင်းလုံးများကြား၌ ပျောက်ကွယ်သွားသော ပသျှူးလှေငယ်ကိုကြည့်၍ အံကိုတင်းတင်းကြိတ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ လှိုင်းလုံးကြီးများကိုသာ မြင်နေရ၏။

ကျွန်ုပ်တို့မိသားစု၏ အခြေအနေသည် အဆိုးဝါးဆုံးဖြစ်နေလေ၏။ ကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်နေသော သားနှစ်ယောက် ကိုကြည့်၍

"ဘာမှ မပူပါနဲ့သားရယ်၊ မကြာမီ မုန်တိုင်းစဲသွားတော့မှာပါ၊ သူရဲဘောကြောင်တဲ့ ပဲ့သူ့ ၁ဘော်သားတွေကတော့ အဖေတို့ကို ထားခဲ့ပြီးပြေးပြီ၊ ဒါပေမဲ့ အဖေတို့ သင်္ဘောရဲ့ထဲမှာ ပေါ်နေတုန်းပဲကွ၊ မုန်တိုင်းစဲသွားရင် ကမ်းပေါ်ကိုဆင်းကြမယ်"

ဟုပြောလေ၏။

ထိုအခါ ကျွန်ုပ်၏ဇနီးသည်က သင်္ဘောထဲသို့ဝင်၍ အစားအသောက်များကိုရှာဖွေလေ၏။

မမြဖူးသည် သင်္ဘောထဲမှ ပေါင်မုန့်ခြောက်များနှင့်





ရေအူးကိုယူလာပြီး မိသားတစ်စုလုံး စားသောက်ကြ၏။

ထိုစဉ် မုန်တိုင်းအနည်းငယ်စဲသွားသဖြင့် ကျွန်ုပ်တို့မိသားစု ခဏမျှ အနားရ၏။

ကလေးနှစ်ယောက်သည် ပင်ပန်းလွန်း၍ ကျွန်ုပ်တို့အနီး၌ အိပ်ပျော်သွားလေ၏။ မမြဖူးက ကျွန်ုပ်၏ မျက်နှာကို ကြည့်၍

"ကျွန်မတို့မိသားစု အသက်ရှင်နိုင်ပါတယ်နော်"

ဟုမေးမြန်းလိုက်ရာ ကျွန်ုပ်က ခေါင်းညိတ်၍

"အားလုံး အေးအေးချမ်းချမ်းဖြစ်သွားမှာပါ၊ မုန်တိုင်းစဲရင် ကျွန်းပေါ်ကိုဆင်းကြမယ်"

ဟုပြောလိုက်ရာ မမြဖူးသည် စိတ်သက်သာရာ ရသွားဟန်ဖြင့် မျက်လုံးများမှိတ်ပြီး အနားယူနေလေ၏။

ခဏကြာလျှင် မမြဖူးလည်း အိပ်ပျော်သွား၏။ ကျွန်ုပ်တစ်ယောက်တည်းသာ ရင်ထဲမှာလေးလံပြီး အိပ်မရသဲ



www.burmeseclassic.com

ဖြစ်နေ၏။

မုန်တိုင်းစဲသည်အထိ ကျွန့်ပ်တို့သင်္ဘော ရေပေါ်မှာ ရှိနေပါစေဟု ဆုတောင်းနေမိ၏။





နံနက် အရုဏ်တက်ချိန်သို့ရောက်သောအခါ ရုတ်တရက် မုန်တိုင်းစဲသွားသဖြင့် ကုန်းပတ်ပေါ်သို့ ထကြည့်၏။ ထိုအခါ ကျွန့်ပ်တို့သင်္ဘောနှင့် မနီးမဝေး၌ ကျွန်းတစ်ကျွန်းကို မြင်ရသဖြင့် ထခုန်လုမတတ် ဝမ်းသာသွား၏။ ကျွန့်ပ်က

"ကျွန်းတွေ့ပြီ၊ ကျွန်းတွေ့ပြီ"

ဟုဝမ်းသာအားရ အော်ဟစ်လိုက်၏။

ကျွန့်ပ်၏အသံကြောင့် မိသားစုတစ်စုလုံး လန့်နိုးလာပြီး

www.burmeseclassic.com



ကျွန်းရှိရာသို့ ဝမ်းသာအားရ အော်ဟစ်ကြလေ၏။ မမြဖူးက ကျွန်ပ်၏ လက်မောင်းကို တွဲလွဲခို၍

"ကျွန်မတို့ မသေတော့ဘူး၊ မသေတော့ဘူး"

ဟုအော်ဟစ်လိုက်လေ၏။

ကျွန်ုပ်၏သားကြီး ရွှေခဲက

"အဖေနဲ့ကျုပ် ကျွန်းကို ရေကူးပြီးသွားလို့ရတယ်နော်"

ဟုအော်ဟစ်လိုက်၏။

ကျွန်ုပ်က

"အဖေတို့ တစ်မိသားစုလုံးတော့ ရေကူးသွားလို့ မဖြစ်နိုင်ဘူးကွ၊ ဖောင်တစ်စင်းလုပ်ပြီးသွားရင် ကမ်းကိုရောက်မှာပဲ"

ဟုပြောကာ ကျွန်ုပ်သည် စိတ်အားထက်သန်စွာဖြင့် သင်္ဘောအနှံ့သို့ လိုက်လံရှာဖွေကြ၏။

ကျွန်ုပ်သည် သင်္ဘောပေါ်ရှိ ရိက္ခာအခြေအနေကို ကြည့်ရှုလေရာ ရိက္ခာများသည် မိသားစုအတွက် လိုအပ်ရုံမက





ပိုလျှံနေလေ၏။

ကျွန်ုပ်၏ဇနီးနှင့် သားနှစ်ယောက်သည် သင်္ဘောပေါ်ရှိ တိရစ္ဆာန်များကို သွားရောက်ကြည့်ရှုပြီး အစာရေစာ ငတ်ပြတ်နေသော တိရစ္ဆာန်များကို အစာကျွေးလေ၏။

တိရစ္ဆာန်များသည် ရက်များစွာ အစာရေစာ ငတ်ပြတ်နေပြီးမှ ပြန်လည်စားသောက်ရသဖြင့် မြူးတူးပျော်ပါးနေလေ၏။

ကျွန်ုပ်သည် သင်္ဘောထဲမှ လိုက်လံရှာဖွေသောအခါ သေနတ်ကိုးလက်နှင့် ကျည်ဆန်များ၊ ပုဆိန်၊ ဓား စသည့် လက်နက်များကိုတွေ့ရှိ၏။ ကျွန်ုပ်၏ဇနီးသည်က တူနှင့်လွှများ၊ အိမ်ရိုက်သံတို့ကို ရှာဖွေတွေ့ရှိ၏။

ကျွန်ုပ်၏သားနှစ်ယောက်မှာ အင်းခွေးကြီးနှစ်ကောင်ကိုသာ ခေါ်ဆောင်လာ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက

"သင်္ဘောပေါ်မှာ နွားမသုံးကောင်၊ မြည်းတစ်ကောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သိုးတွေ၊ ဆိတ်တွေ တွေ့ခဲ့တယ်၊ ကျွန်မတို့ တိရစ္ဆာန်တွေကို ကျွန်းပေါ်ခေါ်လို့ရရင် သိပ်ကောင်းမှာပဲ”

ဟုပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍

“ငါ့ရဲ့သားနှစ်ယောက်ကတော့ တို့မိသားစု ရိက္ခာတွေကို အကုန်စားပစ်မဲ့ ခွေးနှစ်ကောင်ကို ခေါ်လာတယ်”

ဟုပြောလေ၏၊ ထိုအခါ သားငယ်ငွေခဲက

“ကျွန်တော်တို့ ကမ်းပေါ်ရောက်တော့ ခွေးတွေက အစာပြန်ရှာပေးမှာပေါ့ အဖေရယ်”

ဟုပြောလေ၏။ သားကြီးရွှေခဲက

“သင်္ဘောဝမ်းထဲမှာ ရေနစ်နေတဲ့ ရေစည်ကြီးတွေ တွေ့ခဲ့တယ်၊ ကျွန်တော်တို့ ရေစည်ကြီးတွေ အကူအညီနဲ့ ကျွန်းကို ကူးသွားလို့ရလိမ့်မယ်”

ဟုပြောလေ၏။ ကျွန်ုပ် သင်္ဘောဝမ်းထဲသို့ဆင်း၍ ရေစည်များကို ကြည့်ရှုသောအခါ ကမ်းသို့ကူးခတ်ပြီး သွားနိုင်





ကြောင်း တွေ့ရ၏။

ထို့နောက် ကျွန်ုပ်တို့မိသားစုသည် ရေစည်ကြီးများကို ကုန်းပတ်ပေါ်သို့ သယ်ပိုးကြလေ၏။

ကျွန်ုပ်သည် မမြဖူးကိုခေါ်၍ ရေစည်ကြီးများကို ထက်ပိုင်းဖြတ်၍ ကျွန်းဆီသို့ ကူးခတ်သွားနိုင်ကြောင်း ပြောလေရာသား နှစ်ယောက်ကလည်း ဝိုင်းဝန်းထောက်ခံလေ၏။

ကျွန်ုပ်တို့ ရေစည်ကြီးများကို ထက်ပိုင်းဖြတ်ပြီးသောအခါ စည်ပိုင်းပြတ်များကို ကြည့်၍ မမြဖူးက

“အမလေး ဒီစည်ပိုင်းတွေထဲကိုဝင်ပြီး ကျွန်မ ရေမကူးရဲဘူး”

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က

“မင်းအတွက် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်၊ ဘာမှမပူနဲ့ အသာလေးကြည့်နေ”

ဟုပြောလိုက်၏။ ထို့နောက်တွင်မူ ကျွန်ုပ်သည် စည်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်များနှင့် သင်္ဘောပေါ်ရှိ သစ်သားများကို အသုံးပြု၍ ဖောင်တစ်ခုကို ပြုလုပ်လေ၏။

ကျွန်းသို့လှော်ခတ်သွားနိုင်ရန် လှော်တက်များကိုလည်း ပြုလုပ်လေ၏။

ထိုသို့ ပြုလုပ်နိုင်ရန် သင်္ဘောပေါ်ရှိ လက်သမား ကိရိယာများက များစွာအကူအညီပေးလေ၏။

ကျွန်ုပ်တို့သည် ရေစည်ဖောင်ကိုပြုလုပ်ပြီးနောက် ညမှောင်ရီ သန်းစပြုလာသဖြင့် သင်္ဘောပျက်ပေါ်၌ တစ်ည ဆက်၍ အိပ်နေလေ၏။

နံနက် အရုဏ်တက်ချိန်သို့ရောက်သောအခါ သင်္ဘော တစ်ခုလုံး လျှောင်လှုပ်ခတ်သကဲ့သို့ တုန်ခါသွားသဖြင့် မိသားစု တစ်စုလုံး လန့်နိုးသွားကြ၏။

ကျွန်ုပ်သည် သင်္ဘောလက်ရမ်းပေါ်မှ ကုန်းကြည့်လိုက် သောအခါ ကျောက်ဆောင်ပေါ်တွင် တင်နေသောသင်္ဘော





သည် စောင်းပြီး ပြိုလဲလုမတတ်ဖြစ်နေ၏။

ကျွန်ုပ်တို့အတွက် အချိန်များစွာ မရရှိတော့ချေ။ သင်္ဘော ပေါ်မှ အမြန်ဆုံးခွာမှဖြစ်တော့မည်။

ကျွန်ုပ်တို့သည် တိရစ္ဆာန်ကြီးများကို တစ်ရက်စာခန့်အစာ များကို ကျွေးမွေးထားလေ၏။

ကျန်သော တိရစ္ဆာန်ငယ်လေးများဖြစ်သော ဘဲများ၊ ငန်းများနှင့် ခိုများကို လွှတ်ပေးလိုက်လေ၏။

ကျွန်ုပ်တို့သည် စည်ပိုင်းပြတ်များဖြင့် ပြုလုပ်ထားသော ဖောင်ပေါ်သို့တက်၍ ရိက္ခာခြောက်များ၊ လက်နက်ကိရိယာများ နှင့် အခြားသော အသုံးဝင်မည့်ပစ္စည်းများကို ဖောင်ပေါ်သို့တင် လေ၏။

ကျွန်ုပ်တို့မိသားစုသည် ဖောင်ကို ကမ်းစပ်ရှိရာသို့ ဦးတည်လှော်ခတ်ခဲ့၏။

ထိုအခိုက်မှာပင် သားနှစ်ယောက်သည် အနောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီး

"ခွေးတွေလိုက်လာပြီ"

ဟုအော်ဟစ်လိုက်၏။ သဘော်ပေါ်တွင် ကျန်ရစ်ခဲ့သော ခွေးနှစ်ကောင်သည် ရေထဲကို ခုန်ဆင်း၍ ကျွန်ုပ်တို့ဖောင် အနောက်သို့ ကူးခတ်ပြီး လိုက်[illegible]ကြ၏။

ကျွန်ုပ်တို့ဖောင် ကျွန်းအနီးသို့ရောက်သောအခါ ကျောက်ဆောင်ကျောက်တန်းများကို ကြိုးစား၍ ရှောင်ရှားရလေ၏။

ကျွန်ုပ်တို့ဖောင် ကျွန်းအနီးသို့ရောက်လျှင် သားနှစ်ယောက်က ဝမ်းသာအားရဖြင့် ရေထဲသို့ ခုန်ချ၍ ကူးခတ်သွားလေ၏။

မကြာမီ ကျွန်ုပ်တို့၏ တိရစ္ဆာန်များဖြစ်သော ခွေးများ၊ ငန်းများ၊ ဘဲများ ကမ်းပေါ်သို့ ရောက်ရှိနေကြကုန်၏။

ကျွန်ုပ်တို့အားလုံး သဘော်ပျက်ပေါ်မှ ကမ်းပေါ်သို့ ရောက်သဖြင့် အသက်မသေနိုင်ဟု ယူဆကာ အပျော်ကြီးပျော်





နေလေ၏။

ကျွန်ုပ်တို့နှင့်အတူ တိရစ္ဆာန်များပင်လျှင် ပျော်ရွှင်နေမည် ထင်မိ၏။

ကျွန်ုပ်သည် ပျော်ရွှင်နေသော မိသားစုကိုကြည့်၍ ရင်ထဲတွင် လေးလံသွားမိ၏။

ကျွန်ုပ်တို့မိသားစုအဲတွက် ကျွန်းပေါ်မှာ အခက်အခဲပေါင်းများစွာ ကြုံတွေ့နိုင်သေး၏။

ထိုအခက်အခဲများကို ကျွန်ုပ် ဦးဆောင်၍ ဖြေရှင်းရဦးမည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့မိသားစုသည် သဘော်ပျက်မှ ကုန်းမြေသို့ ခြေချနိုင်ခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏သားနှစ်ယောက်သည် ကျွန်းပေါ်တွင် ဟိုဒီ လှည့်လည်ကြည့်ရှုလိုကြ၏။

သို့သော် ကျွန်ုပ်တို့မိသားစုအတွက် လုံခြုံရာ နေရာတစ်ခုကို ရှာဖွေရဦးမည်။

လုံခြုံရာနေရာကို ရှာတွေ့လျှင် ရွက်ဖျင်တဲတစ်လုံး ထိုးရပေမည်။

မကြာမီ ကျွန်ုပ်တို့မိသားစုအတွက် ခိုလှုံရာနေရာတစ်ခုကို ရှာတွေ့လေ၏။

ဓေတာနာတာပေ



ထိုနေရာသည် ကျောက်ဆောင်ကြီးတစ်ခု၏အနောက်ရှိ လေကွယ်ရာအရပ်ပင်ဖြစ်၏။

ကျွန်ုပ်သည် ကျောက်ဆောင်ကြီး၌ သံတိုင်ကြီးတစ်တိုင်ကို ထိုးစိုက်၍ သဲသောင်၌လည်း သံတိုင်ကို စိုက်ပြန်၏။ ပြီးနောက် ထိုသံတိုင်နှစ်တိုင်ကို သံတိုင်တစ်ချောင်းဖြင့် ဆက်သွယ်၍ အပေါ်မှ ရွက်ဖျင်စကို မိုးကာလိုက်၏။

ပြီးနောက် မီးဖိုချောင်တစ်ခုကို စတင်ပြုလုပ်လေ၏။ ကျောက်တုံးကြီးများကို မီးဖိုအဖြစ် ပြုလုပ်ပြီး မီးဖိုပေါ်တွင် သင်္ဘောပေါ်မှ ယူလာသော ဒယ်အိုးကို တင်လိုက်၏။

မီးဖိုကို တုတ်ချောင်းငယ်လေးများ အသုံးပြု၍ မီးမွှေးနေစဉ် မမြဖူးသည် မိသားစု စားသောက်ရန် နေ့လယ်စာကို ချက်လေ၏။

ကျွန်ုပ်သည် ဖောင်ပေါ်မှ ပစ္စည်းများကို ရွက်ဖျင်တဲထဲ၌ နေရာချထားလေ၏။

ဓေတာနာတာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ သားနှစ်ယောက်သည် လူကြီးများကို ခွင့်မတောင်းဘဲ သေနတ်တစ်လက်ကို ဆွဲကိုင်ကာ တောထဲသို့ ဝင်ရောက်သွားကြ၏။

ကလေးနှစ်ယောက်သည် အန္တရာယ်ကို မမြင်ဘဲ ကျွန်းပေါ်သို့ ရောက်ရှိပြီး ပျော်ရွှင်နေ၏။

ထိုသို့ထွက်သွားပြီး ခဏကြာလျှင် အော်ဟစ်ပြီး အကူအညီ တောင်းသောအသံကို ကြားရ၍ ကျွန်ုပ်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ထိုနေရာသို့ ပြေးခဲ့၏။

တောတွင်းတစ်နေရာရှိ စမ်းချောင်းသို့ရောက်သောအခါ ဒူးဆစ်ခန့်ရှိသောရေထဲတွင် ရပ်၍ အော်နေသော ရွှေခဲကိုတွေ့လိုက်ရ၏။

ရွှေခဲ၏ ပေါင်တစ်ဖက်၌ ကျောက်ပုစွန်ကြီးတစ်ကောင် ကပ်နေသဖြင့် အထိတ်တလန့် အော်ဟစ်နေခြင်းဖြစ်၏။ အနီး၌ရှိနေသော ညီဖြစ်သူ ငွေခဲမှာလည်း အကူအညီပေးနိုင်ပုံ





မရချေ။

ကျွန်ုပ်က သားနှစ်ယောက်၏အနီးသို့ ပြေးသွားပြီး

"မကြောက်ကြနဲ့"

ဟုပြောကာ ကျောက်ပုစွန်ကြီးကို ဆွဲယူလိုက်၏။

ကျောက်ပုစွန်ကြီးသည် ရွှေခဲ၏ပေါင်၌ တွယ်ကပ်နေရာမှ ကွာကျသွားလေ၏။

ကျွန်ုပ်တို့သားအဖသည် ကျောက်ပုစွန်ကြီးကိုကိုင်၍ တောထဲမှ ပြန်လာခဲ့၏။ ကျွန်ုပ်၏ ဇနီးသည် မမြဖူးက ကျောက်ပုစွန်ကြီးကို မြင်သောအခါ ဝမ်းသာအားရဖြင့်

"ကျောက်ပုစွန်ကြီးကို မီးကင်ပြီး သုပ်စားရမယ်၊ ဒီကျွန်းက ကျွန်မတို့မိသားစုအတွက် လာဘ်ကောင်းမဲ့ပုံပဲ၊ ကြည့်လေ ကျွန်းပေါ်ကို ရောက်ရောက်ချင်း ကျောက်ပုစွန်ကြီး တစ်ကောင်ရပြီ"

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်၏သားကြီး ရွှေခဲသည်



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျွန်းမှာ စားစရာပေါပုံရတယ်ဗျ။ ရေအောက်ဖွေမှာ ကမာနဲ့ယောက်သွားတွေကို တွေ့ခဲ့တယ်၊ ကျောက်ဆောင်ကြား က ခွက်လေးတွေမှာ ပင်လယ်ရေနဲ့ပါလာတဲ့ ဆားပွင့်တွေ တောင် တွေ့ရသေးတယ်"

ဟုပြောလေ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက သားဖြစ်သူ၏ ဆားဟူသော စကားကြောင့် မျက်လုံးများ ဝင်းပက်သွားပြီး

"ဘာ..ဆားဟုတ်လား၊ ဒါဆိုရင် ယူလာပါလားသား ရယ်၊ လူမနေတဲ့ ကျွန်းပေါ်မှာ ဆားရှိနေဖို့လိုတယ်၊ ဘယ်ဟင်း ပဲဖြစ်ဖြစ် ဆားရှိမှ အရသာရှိတာ"

ဟုပြောလေရာ ရွှေခဲသည် ပင်လယ်ကျောက်ဆောင်များ ဘက်သို့ ထွက်ပြီး ဆားထုပ်တစ်ထုပ်နှင့် ပြန်လည်ရောက်ရှိ လာလေ၏။

သို့သော် သူ၏ဆားထုပ်ထဲတွင် သဲများရောပါနေသဖြင့်





သုံး မရအောင် ဖြစ်နေ၏။

မမြဖူးက ဆားထုပ်ကိုယူ၍

"ဆားတွေကတော့ သန့်ပုံမရဘူး၊ ဒါပေမဲ့ ချက်ကြည့် ဦးမယ်"

ဟုဆိုကာ ဆားများကို ရေထဲသို့ထည့်၍ အဝတ်ဖြင့် စစ်လိုက်သောအခါ အတော်အတန်သန့်သော ဆားများ ကိုရရှိလေ၏။

ကျွန်ုပ်တို့သည် ကျွန်းပေါ်၌နေထိုင်စဉ် စားသောက်ရန် အတွက် ကမာခွံနှင့်ယောက်သွားများကို အသုံးပြုကြ၏။

ကျွန်ုပ်၏ ဇနီးသည် မမြဖူးက အရွယ်အစားကြီးမား သော ယောက်သွားခွံများကို ပန်းကန်းလုံးပြုလုပ်၏။

သေးငယ်သော ကမာခွံများကို ဇွန်းအဖြစ် အသုံးပြု လေ၏။ ထိုသို့ အသုံးပြုရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပျော်ရွှင် စွာရယ်မောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ကျွန်းအနှံ့ လိုက်လံကြည့်ရှုနိုင်ခြင်း မရှိသေးချေ။

ထိုနေ့တစ်နေ့လုံး ရွက်ဖျင်တဲဆောက်ခြင်း၊ ပစ္စည်းများ နေရာ ချထားခြင်းနှင့် အချိန်ကုန်လွန်သွား၏။

ကျွန်ုပ်တို့မိသားစုသည် ထိုနေ့ညအဖို့ ရွက်ဖျင်တဲထဲသို့ ဝင်၍ အိပ်စက်ရန်သာ ရှိတော့၏။

ကျွန်ုပ်တို့၏ ခွေးနှစ်ကောင်မှာ ရွက်ဖျင်တဲအပြင်၌ စောင့်အိပ်ကြလေ၏။

အိပ်ကာနီးတွင် သားနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ပြောဆိုပုံကိုကြည့်၍ ကျွန်ုပ်စိတ်ထဲတွင် အတော်အတန်စိတ်အားတက်မိလေ၏။

သားကြီးရွှေခဲက

"ဒီကျွန်းက ပျော်စရာကြီးနော်၊ အစ်ကိုတော့ ကျွန်းကို ရောက်တာ စိတ်မညစ်တဲ့အပြင် ပျော်ဖို့တောင်ကောင်းနေတယ်၊





ကျွန်းကို ကယ်မဲ့လူပေွ ရောက်လာမှာတောင် စိုးမိတယ်"

ဟုပြောလေရာ သားငယ်ငွေခဲက

"ဟုတ်တယ်အစ်ကို၊ ကျွန်းပေါ်မှာ ကျွန်တော်တို့ လုပ်ချင်တာတွေ လုပ်လို့ရတယ်၊ ဘယ်သူမှ လာပြီး တားဆီးတဲ့သူမရှိဘူး"

ဟုပြောလိုက်သံကိုကြားရ၏။

ကျွန်ုပ်၏ ကလေးများ ကျွန်းပေါ်တွင် ဤသို့ပျော်ရွှင်နိုင်ပါစေ ဟု ဆုတောင်းနေမိ၏။

ခဏကြာလျှင် ကျွန်ုပ်လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် ကြက်တွန်သံကြောင့် စောစောစီးစီး အိပ်ရာနိုးလာ၏။

ကျွန်ုပ်နှင့်အတူ ဇနီးနှင့်သားနှစ်ယောက်ပါ အိပ်ရာမှနိုးသွားလေ၏။ ကျွန်ုပ်တို့ နံနက်စာစားသောက်ပြီးသောအခါ ကျွန်ုပ်က ဇနီးသည်မမြဖူးကိုခေါ်၍

"ငါတို့ဒီနေ့ ပသျှူးသင်္ဘောသားတွေကို လိုက်ရှာကြမယ်၊ သူတို့တွေဟာ ငါတို့ကို ဒုက္ခပေးသွားပေမဲ့ လူအချင်းချင်း ကူညီယိုင်းပင်းရမဲ့ဝတ္တရားရှိတယ်၊ သူတို့ အသက်ကယ်လှေ





မှောက်ပြီး ကျွန်းပေါ်ကို ရောက်ခဲ့ရင် အဖေတို့ ကယ်တင်ရတာပေါ့"

ဟုပြောလိုက်ရာ သားကြီးရွှေခဲက

"ဒီလူတွေဟာ ကျွန်တော်တို့ကို သင်္ဘောပေါ်မှာ ဒုက္ခရောက်အောင် ထားခဲ့ကြတယ်၊ သူတို့ဒုက္ခရောက်ရင် သားတို့ ဘာဖြစ်လို့ ကူညီပေးရမှာလဲ"

ဟုပြောလေ၏။

ကျွန်ုပ်က ရွှေခဲ၏ပခုံးကို ဖက်၍

"ဒီမှာငါ့သား၊ သူတို့က လူယုတ်မာတွေ၊ အဖေတို့က လူယုတ်မာမဟုတ်ဘူး၊ သူတို့လို ယုတ်မာတဲ့လူမျိုး အဖေတို့ အဖြစ်မခံနိုင်ဘူး၊ သူတို့ ဒုက္ခရောက်နေရင် အဖေတို့ အကူအညီပေးသင့်တယ်"

ဟုပြောပြီး ကျွန်ုပ်၏မိသားစုသည် ကျွန်းအနှံ့သွား၍ ပသျှူးသင်္ဘောသားများကို ရှာဖွေရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှင့်အတူ သေနတ်များ၊ လေးမြားများ၊ ရေပုလင်းများ စသည်တို့ကို ယူဆောင်လာခဲ့၏။

ကျွန်ုပ်တို့သည် သေနတ်များ ကျည်ထိုးပြီး အသင့်ပြင်ဆင်ထားလေ၏။ ကျွန်ုပ်သည် ဇနီးသည်၏ လက်သို့ သေနတ်တစ်လက် ပေးအပ်လိုက်ပြီး

"အန္တရာယ်အရိပ်အယောင်ကိုမြင်ရင် ပစ်ထည့်လိုက်ပေတော့"

ဟုပြောလိုက်လေ၏။

ကျွန်ုပ်တို့မိသားစုသည် တောထဲသို့ ဝင်သွားပြီး အတန်ကြာသောအခါ ရေတံခွန်တစ်ခုကိုတွေ့ရလေ၏။

ရေတံခွန်ကို ကျော်ပြီး တောင်ကုန်းပေါ်သို့တက်လိုက်သောအခါ တောင်ပေါ်၌ မြက်ပင်ရှည်များ ဖုံးလွှမ်းနေကြောင်း တွေ့ရ၏။

ကျွန်ုပ်တို့မိသားစုသည် မြက်ပင်ရှည်များကို တိုးဝှေ့ပြီး





ခရီးထွက်ခဲ့လေ၏။

ကျွန်ုပ်တို့သည် မြက်ပင်ရှည်များကို ကျော်လွန်မိပြီးနောက် သစ်တောတစ်ခုကိုကျော်ဖြတ်ရ၏။

သစ်တောထဲ၌ တောဆိတ်၊ ယုန်နှင့် အခြားသတ္တဝါများကို တွေ့ရသဖြင့် ကျွန်ုပ်တို့၏ စားရေးသောက်ရေးအတွက် ပူပင်စရာ မရှိတော့ချေ။

ထိုနေ့က ကျွန်ုပ်တို့မိသားစုသည် ကျွန်းအနှံ့လှည့်လည်၍ ပသျှူးသင်္ဘောသားများကို ရှာဖွေသော်လည်း ၎င်းတို့၏ အရိပ်အယောင်ကိုမျှ မမြင်ရချေ။

ကျွန်ုပ်တို့သည် ကမ်းခြေတစ်ဖက်ကို စီး၍မြင်ရသော တောင်ကုန်းကြီးပေါ်သို့တက်၍ နေရာအနှံ့ကြည့်ရှုသော်လည်း ဤကျွန်းပေါ်သို့ သင်္ဘောသားများ ရောက်ရှိသည့် လက္ခဏာ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါ ကျွန့်ပ်သည် သဘော်ပျက်ဆီသို့ ပြန်မသွားသေးဘဲ သားကြီးရွှေခဲကို ခေါ် ဆောင်ကာ ကျွန်းအနှံ့သို့ ထပ်မံသွားလာခဲ့လေ၏။ ရွှေခဲသည် သဘော်ပျက်ရှိတိရစ္ဆာန်များကို စိတ်မချနိုင်သဖြင့် နှစ်သိမ့်ထားရသေး၏။

ကျွန့်ပ်တို့သည် ရှည်လျားသော ကိုင်းပင်ကြီးများကြားသို့ ရောက်ရှိသွားလေရာ မြွေများပေါများလှသဖြင့် ခြောက်လှန့်ရန် ရှည်ရှယ်ပြီး ကိုင်းပင်တစ်ပင်ကို ခုတ်ယူလိုက်လေ၏။





ထိုသို့ ခုတ်ယူပြီးနောက် ခဏကြာလျှင် ကိုင်းပင်မှ အရည်များစီးကျနေသဖြင့် လျှာဖြင့်လျက်ကြည့်လိုက်၏။ ထိုအခါ ကိုင်းပင်မှ ထွက်သောအရည်များသည် ကြံကဲ့သို့ အလွန်ချိုကြောင်းတွေ့ရ၏။

အမှန်စင်စစ် ထိုအပင်သည် ကြံပင်တစ်မျိုးပင် ဖြစ်နေလေ၏။

ကျွန့်ပ်သည် ကြံပင်မှထွက်သော အရည်ကို သားဖြစ်သူ ရွှေခဲအား လျက်ခိုင်းလိုက်ရာ ရွှေခဲက ဝမ်းမြောက်ဝမ်းသာဖြင့်

"ကြံပင်ပဲအဖေ၊ အမေနဲ့ ညီလေးစားဖို့ ယူသွားရမယ်"

ထို့နောက် ကျွန့်ပ်တို့သည် ကြံပင်အချို့ကို ခုတ်၍ ကြိုးဖြင့်စည်းကာ ယူဆောင်လာခဲ့လေ၏။

ကျွန့်ပ်၏ ဇနီး မမြဖူးသည် ကြံပင်များကိုမြင်သောအခါ ဝမ်းသာအားရဖြင့်

"ဟင်...ကြံပင်တွေရှိတယ်ဆိုရင်တော့ ဒီကျွန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အတွက် သကြားရပြီပေါ့"

ဟုပြောလေ၏။ ကျွန်ုပ်တို့သည် ညနေစောင်းသောအခါ ကျွန်း၏အနောက်ဘက်သို့ ရောက်ရှိသွားလေရာ အုန်းပင်များကို တွေ့ရှိရ၏။ အုန်းပင်ပေါ်တွင် ရှိနေသော မျောက်များက ကျွန်ုပ်တို့ကို တုတ်များဖြင့် ပစ်ပေါက်ကြလေ၏။

ထိုအခါ ကျွန်ုပ်တို့မိသားစုသည် မျောက်များကို ကျောက်ခဲ များကောက်၍ ပြန်လည်ပစ်ခတ်ကြလေ၏။

မျောက်များကလည်း ဆူညံစွာအော်ဟစ်၍ အုန်းသီးများကို ဖြုတ်ပြီး ပစ်ပေါက်ကြ၏။

ကျွန်ုပ်တို့သည် အုန်းသီးစားရန်အတွက် အကြံကောင်း တစ်ခု ရရှိသွားပြီး မျောက်များကို ဒေါသဖြစ်အောင် စနောက်ကြ၏။

ထိုအခါ မျောက်များသည် ဒေါသပုန်ထပြီး ကျွန်ုပ်တို့မိသားစုအား အုန်းသီးများ တစ်လုံးပြီးတစ်လုံးဖြုတ်၍





ပစ်ပေါက်ကြလေ၏။

ကျွန်ုပ်တို့သည် အုန်းသီးများကို ယူ၍ ထွက်ပြေးကြပြီး မျောက်များကွယ်ရာသို့ရောက်သောအခါ ခွဲစားကြလေ၏။ အုန်းရည်မှာ အလွန်ချိုပြီး အုန်းသီး၏အရသာ ထူးခြားလှ၏။

ထိုနေ့ညစာကို ကျောက်ပုစွန်ကြီးများ ရရှိသဖြင့် မီးဖုတ်ပြီး သုပ်စားကြလေ၏။ ကျွန်ုပ်တို့မိသားစုသည် ညစာကို ဗိုက်ကားအောင် စားလိုက်သဖြင့် မျက်လုံးများ စင်းလာပြီး ရွက်ဖျင်တဲထဲသို့ ဝင်၍ အိပ်စက်လိုက်ကြလေ၏။

ညည့်သန်းခေါင်ကျော်သို့ရောက်သောအခါ ခွေးဟောင်သံများ ကျယ်လောင်စွာ ကြားရသဖြင့် ကျွန်ုပ်သည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာ၏။

ဇနီးသည်မှာလည်း ကျွန်ုပ်နှင့်အတူ အိပ်ရာမှ ထထိုင်၍

"ဘာသံတွေလဲ၊ ခွေးတွေဘာလို့ဟောင်နေတာလဲ"

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ခေါင်းခါယမ်း၍

"အပြင်မှာ တစ်ခုခုတော့ဖြစ်နေပြီ၊ ငါတို့ထွက်ကြည့်မှ ဖြစ်မယ်"

ဟုဆိုကာ ခေါင်းရင်းတွင် ထောင်ထားသော သေနတ်ကို ကိုင်၍ ရွက်ဖျင်တဲထဲမှ ပြေးထွက်ခဲ့၏။

မမြဖွေးလည်း ကျွန်ုပ်၏အနောက်မှ ကောက်ကောက်ပါအောင် လိုက်ပါလာသည်။

ကျွန်ုပ်တို့သည် ခွေးဟောင်သံများ ကြားရာ ပင်လယ်ကမ်းစပ်ဆီသို့ ဦးတည်ပြေးလွှားခဲ့လေ၏။

ကမ်းစပ် သောင်သဲခုံသို့ရောက်သောအခါ ခွေးများကိုက်ခဲ နေကြောင်းတွေ့ရ၏။

ကျွန်ုပ်တို့မွေးထားသော အင်းခွေးကြီးနှစ်ကောင်နှင့် တောတွင်းရှိ ခွေးအများ ကိုက်ခဲနေခြင်းဖြစ်၏။

ကျွန်ုပ်တို့ခွေးများသည် ခွေးအများထက် အင်အားနည်း





ပါးသော်လည်း ကြောက်ရွံ့ခြင်းမရှိဘဲ ခွေးအအုပ်ကို သဲကြီးမဲကြီး ပြန်ကိုက်နေ၏။

ကျွန်ုပ်က လရောင်ဖြင့်မြင်ရသော ခွေးအုပ်ကြီးကို သေနတ်ဖြင့်ချိန်၍

"ခွေးအတွေကို ပစ်မှဖြစ်မယ်"

ဟုပြောလေရာ ဇနီးဖြစ်သူက

"ဖြစ်ပါ့မလားရှင်၊ ကျွန်မတို့ခွေးတွေကို ထိသွားဦးမယ်"

ဟုပြောလေ၏။ ကျွန်ုပ်သည် သတိထားပြီး ခွေးအအုပ်ထဲသို့ သေနတ်ဖြင့် တစ်ချက်နှစ်ချက် ပစ်ဖောက်လိုက်ရာ ခွေးအနှစ်ကောင် လဲကျသွားကြောင်းတွေ့ရ၏။

ခွေးအများသည် သေနတ်သံကြောင့် တောထဲသို့ဝင်ပြေးသွားကြ၏။

ကျွန်ုပ်တို့မွေးထားသော အင်းခွေးကြီးနှစ်ကောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ခွေးအများ နောက်သို့ လိုက်မည်တကဲကဲ ဖြစ်နေ၏။ အင်းခွေးကြီးနှစ်ကောင်လုံး ဒဏ်ရာများရရှိပြီး သွေးသံတရဲရဲ ဖြစ်နေ၏။

မမြဖူးက ခွေးနှစ်ကောင်ကို ချော့မော့၍ ရွက်ဖျင်တဲထဲသို့ ခေါ်သွားပြီး ဆေးထည့်ပေးရ၏။

ကျွန်ုပ်သည် ခွေးအအုပ်ကို ရဲရဲဝံ့ဝံ့ ပြန်လည်တိုက်ခိုက်သော အင်းခွေးကြီးနှစ်ကောင်၏သတ္တိကို သဘောကျနေမိ၏။

ထိုညက ကျွန်ုပ်တို့နှစ်ယောက် ဆက်လက်ပြီး အိပ်စက်နိုင်ခြင်းမရှိတော့ချေ။

ကျွန်ုပ်တို့ သားနှစ်ယောက်မှာမူ ကျယ်လောင်သော ခွေးဟောင်သံများနှင့် သေနတ်သံများကို မကြားဘဲ အိပ်မော ကျနေခဲ့ဖြစ်၏။





နောက်တစ်နေ့၌ ကျွန်ုပ်သည် သင်္ဘောပျက်ရှိရာသို့ နောက်တစ်ကြိမ်ထပ်သွားရန် ပြင်ကြ၏။ သင်္ဘောပေါ်တွင် ကျွန်ုပ်တို့အတွက် အသုံးလိုသော ပစ္စည်းများနှင့် တိရစ္ဆာန်များ ကျန်ရှိနေသေး၏။

နောက်တစ်ကြိမ် လှိုင်းလုံးကြီးတစ်လုံး ပုတ်ခတ်ခြင်းခံရပါက သင်္ဘောကွဲထွက်ပြီး နစ်မြုပ်သွားနိုင်၏။

ထို့ကြောင့် ကျွန်ုပ်သည် သားကြီးရွှေခဲကို ခေါ်၍ သင်္ဘောပျက်ပေါ်သို့ နောက်တစ်ကြိမ် သွားရန်ကြံစည်၏။



www.burmeseclassic.com

www.burmeseclassic.com



မမြဖူးက ကျွန်ုပ်တို့သားအဖကိုကြည့်၍

"ရှင်တို့နှစ်ယောက်တည်း ဖြစ်ပါ့မလားရှင်၊ သင်္ဘော ပေါ်မှာ တိရစ္ဆာန်တွေလဲ ကျန်သေးတယ်"

ဟုပြောလေ၏။ ကျွန်ုပ်က

"ဘာမှမပူနဲ့၊ မင်းတို့ကို သေနတ်တစ်လက် ကျည်တိုး ပေးခဲ့မယ်၊ အန္တရာယ်နဲ့ကြုံရင် သေနတ်ကို သုံးချက်ပစ်ဖောက် လိုက်ပါ၊ ငါတို့သားအဖ သင်္ဘောပေါ်မှာပဲ အိပ်မယ်ဆိုရင် မီးအိမ်နဲ့အချက်ပြမယ်၊ မင်းတို့က မီးအိမ်ကိုမြင်တယ်ဆိုရင် သောင်ပြင်မှာ မီးရှို့ပြီး အချက်ပြန်ပြပါ၊ ညဘက်အိပ်မယ်ဆိုရင် ရွက်ဖျင်တဲရှေ့က မီးပုံထဲမှာ ထင်းတုံး ကြီးကြီးထည့်ထားရင် တစ်ညလုံး မီးလင်းနေပြီး သားရဲတိရစ္ဆာန် တွေရဲ့ရန်က ကာ ကွယ်လိမ့်မယ်"

ဟုမှာကြားလေ၏။

ထို့နောက်တွင်မှ ကျွန်ုပ်တို့သည် ကမ်းစပ်မှ သင်္ဘော





ပျက်ဆီသို့ လှော်ခတ်ခဲ့လေ၏။

ကျွန်ုပ်တို့သားအဖသည် ကျောက်ဆောင်ကျောက်တန်း များကို သတိထားရှောင်တိမ်းပြီး သင်္ဘောအနီးသို့ ချဉ်းကပ် သွားလေ၏။

သင်္ဘောအနီးသို့ ရောက်သောအခါ ဖောင်ကိုသင်္ဘော၏ အနီး၌ တွဲချည်လိုက်လေ၏။ ကျွန်ုပ်တို့သားအဖ သင်္ဘောပေါ်သို့ တွယ်ကပ်တက်သွားသောအခါ အစာရေဆာငတ်နေသော တိရစ္ဆာန်များကို တွေ့ရလေ၏။

ကျွန်ုပ်တို့သားအဖသည် ယူဆောင်လာသော အစားအစာ များကို တိရစ္ဆာန်များကို ကျွေးလေ၏။

တိရစ္ဆာန်များသည် အစာငတ်နေသဖြင့် အစာကို အငမ်း မရ စားသောက်ကြပြီး မြူးတူးပျော်ပါးကြလေ၏။

ကျွန်ုပ်သည် သားဖြစ်သူ တိရစ္ဆာန်များကို အစာကျွေး နေစဉ် သင်္ဘောအနှံ့သို့ လိုက်လံကြည့်ရှုရာ မျိုးစပါးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဂျုံမျိုးစေ့များကိုတွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိ၏။

ထို့အပြင် နောက်တစ်ကြိမ် ဝမ်းသာရမည့်အချက်တစ်ချက်မှာ သင်္ဘောဝမ်းထဲ၌ လှေနှစ်စီးကို တွေ့ရလေ၏။ လှေငယ်မှာသေးငယ်၍ အဖျားချွန်ပြီး ကနူးလှေနှင့် သဏ္ဌာန်တူ၏။ အခြားလှေတစ်စီးမှာ ပိုမိုကြီးမားသော လှေတစ်စီးဖြစ်၏။

ကျွန်ုပ်တို့ ကံကောင်းသောအချက်တစ်ခုမှာ ဤသင်္ဘောသည် ရိုးရိုးသင်္ဘောမဟုတ်ဘဲ နယ်မြေသစ်ရှာဖွေသည့် သင်္ဘောဖြစ်သဖြင့် သင်္ဘောပေါ်တွင် မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ကိရိယာများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများပါရှိ၏။

ကျွန်ုပ်တို့သားအဖသည် သင်္ဘောပေါ်၌ စေ့စေ့စပ်စပ်လျှောက်ကြည့်ရင်း အချိန်ကုန်လွန်လာတော့၏။ ညမှောင်ရီသန်းစပြုနေသဖြင့် ကျွန်ုပ်က သင်္ဘောမှ မပြန်ရန်ဆုံးဖြတ်





လိုက်၏။

ထို့ကြောင့် ကျွန်ုပ်တို့က သင်္ဘောပေါ်ရှိ မီးအိမ်ကိုထွန်း၍ မမြဖူးတို့ သားအမိထံသို့ အချက်ပြလိုက်၏။

မမြဖူးတို့ကလည်း သောင်ပြင်၌ မီးပုံတစ်ပုံဖို၍ ပြန်လည်အချက်ပြုလေ၏။

ထိုညက သားဖြစ်သူ ရွှေခဲသည် သင်္ဘောပေါ်၌ မောမောပန်းပန်း အိပ်ပျော်နေလေ၏။

ကျွန်ုပ်မှာမူ ကမ်းပေါ်တွင် ကျန်နေသော မမြဖူးတို့သားအမိအတွက် ရတက်မအေးနိုင်သဖြင့် ကောင်းစွာအိပ်ပျော်နိုင်ခြင်းမရှိချေ။

ကျွန်ုပ်တို့ မွေးမြူထားသော အင်းခွေးနှစ်ကောင်နှင့် ခွေးအများ၏ တိုက်ပွဲကို ကြုံတွေ့ရသဖြင့် မမြဖူးတို့အတွက် စိုးရိမ်မိခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့သားအဖသည် အိပ်ရာမှ ထ၍ နံနက်စာအဖြစ် ပေါင်မုန့်ခြောက်များနှင့် သင်္ဘောပေါ်၌ ကော်ဖီကိုဖျော်၍သောက်ကြ၏။ နံနက်စာစားပြီးသောအခါ ရွှေခဲက

"ကျွန်တော်တို့ တိရစ္ဆာန်တွေကို ကမ်းပေါ်ဘယ်လိုခေါ် သွားမှာလဲ"

ဟုပြောလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"မပူပါနဲ့ကွာ၊ အဖေမှာ အစီအစဉ်ရှိပါတယ်။ ဒီအစီအစဉ်အတိုင်းဆိုရင် တိရစ္ဆာန်တွေ ကမ်းကို ချောချောမောမော





ရောက်မှာ ပါ"

ဟုပြောလေ၏။ ထို့နောက်တွင်မှ ကျွန်ုပ်တို့သားအဖသည် သင်္ဘောပေါ်မှ ယူဆောင်မည့်ပစ္စည်းများကို ကုန်းပတ်ပေါ်၌ စုပုံထားလိုက်၏။

ပစ္စည်းများ ပြည့်စုံသောအခါ ဖောင်ပေါ်၌ပစ္စည်းများကို သင့်သလို နေရာချထား၏။

ကျွန်ုပ်တို့သည် သိုးနှင့်ဆိတ်ကဲ့သို့ ငယ်ရွယ်သော တိရစ္ဆာန်များကို ဖောင်ပတ်လည်၌ ဖောလုံးပါသော ကြိုးများဖြင့် ချည်နှောင်ထားလိုက်၏။

ပြီးနောက် မြည်းနှင့်နွားမကို ဖောင်ပေါ်သို့ ခက်ခက်ခဲခဲ တင်ရလေ၏။ ပြီးနောက် ထိုသတ္တဝါများကို ဖောင်နံဘေးရှိ စည်ပိုင်းပြတ်များနှင့် ၎င်းတို့ကိုယ်ကို တွဲချည်လိုက်၏။

ထိုသို့ လုပ်ကိုင်ရန် ခက်ခဲလှသဖြင့် ကျွန်ုပ်တို့သားအဖ အတွက်အချိန်များစွာ ကုန်ဆုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကျွန်ုပ်၏အကြံ အောင်မြင်သွားပြီး ကျွန်းဆီသို့ ပြန်လည်ထွက်ခွာခဲ့လေ၏။

ကျွန်ုပ်တို့တွေကို ပြင်းထန်သော လေပြင်းတစ်ချက် တိုက်ခတ်လိုက်သဖြင့် ကမ်းဆီကို မြန်မြန်ဆန်ဆန် ရောက်ရှိသွားလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ဖောင်သည် ကျွန်းပေါ်သို့ အားမသီရန်မခဲဘဲ လွယ်ကူစွာ ရောက်ရှိသွားလေ၏။ သို့သော် ကမ်းပေါ်၌ ကျွန်ုပ်၏ဇနီး မမြဖူးတို့သားအမိကို မမြင်ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

၄င်းတို့သားအမိ အန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့နေရသလော။

သို့သော် မိသားစုအတွက် စဉ်းစားဖို့အချိန်မရှိဘဲ တိရစ္ဆာန်များကိုသာ ဖောင်ပေါ်မှ ကုန်းပေါ်ရောက်ရန် ကြိုးပမ်းရ၏။ တိရစ္ဆာန်များ ကုန်းပေါ်ရောက်သောအခါမှပင်





စိတ်ကို ခုန်းခုန်းချနိုင်၏။

ထိုအခိုက်မှာပင် မမြဖူးနှင့် သားငယ်ငွေခဲတို့ သောင်ပြင်၌ လျှောက်လှမ်းလာကြောင်းတွေ့ရ၏။

ကျွန်ုပ်က မမြဖူးကို ဆီးကြို၍

"ဘယ်တွေသွားနေတာလဲကွာ၊ မင်းတို့ကိုမတွေ့လို့ စိုးရိမ်နေတာကွ"

ဟုပြောလိုက်ရာ မမြဖူးက လက်ထဲရှိသေနတ်ကို ထောင်ပြ၍

"ကျွန်မမှာ ဒါပါပါတယ်၊ စိုးရိမ်စရာမလိုပါဘူး၊ ကျွန်မတို့ သောင်ပြင်ကနေ အရေးကြီးလို့ လျှောက်သွားကြတာရှင့်၊ ရှေ့ဆက်ပြီး ကျွန်မတို့အတွက် ရိက္ခာပူစရာမလိုတော့ဘူး၊ ဟောဒီမှာကြည့်"

ဟုဆိုကာ သူမ၏ အိတ်ကြီးထဲမှ လိပ်ဥများကိုတွေ့ရ၏။

သားကြီးရွှေခဲသည် လိပ်ဥများကိုတွေ့ရသဖြင့် ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"လိပ်ဥကြီးတွေ ပြုတ်ပြီးဆားနဲ့တို့စားရမယ်"

ဟုပြောလေ၏။ မမြဖူးက ရွှေခဲ၏ခေါင်းကိုလက်နှင့် ပုတ်၍

"ငါ့သား ရွှေခဲကတော့ အစားတော်တော်မက်တာပဲ၊ ဒီနေ့ ညစာကို လိပ်ဥချဉ်ရည်ဟင်း ချက်စားရမယ်"

ဟုပြောလေ၏။

မမြဖူး၏ ဟင်းချက်လက်ရာ ကောင်းမွန်ခြင်းကြောင့် ထိုနေ့ ညစာကို လိပ်ဥချဉ်ရည်ဟင်းဖြင့် မြိန်ရှက်စွာ စားသောက်ကြ၏။

ညစာစားပြီးနောက် ကလေးနှစ်ယောက်သည် ပင်ပန်းလွန်းသဖြင့် ရှက်ဖျင်တဲထဲသို့ဝင်၍ အိပ်ပျော်သွား၏။ မမြဖူးသည် ကျွန်ုပ်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်၍

"ကျွန်မတို့ အေးအေးဆေးဆေး မနေရတာ အတော်





ကြာပြီနော်၊ ဘယ်လိုအခက်အခဲတွေတွေ့ရဦးမလဲ မသိဘူး"

ဟု တီးတိုးပြောလေ၏။ ကျွန်ုပ်က သူမကိုပွေ့ဖက်၍

"သဘာဝအတိုင်းပဲ နေလိုက်ရင် ဘာကိုမှ စိုးရိမ်စရာမရှိပါဘူးကွာ၊ အရေးကြီးတာက သဘာဝကို မဆန့်ကျင်ဖို့ပဲ၊ ငါတို့ လူသားတွေက သဘာဝကိုဆန့်ကျင်ပြီး နေထိုင်ခဲ့လို့ အရာရာဟာ ခက်ခဲသွားတာကွ"

ဟုပြောလိုက်လေ၏။

မမြဖူးက ကျွန်ုပ်ကို ပွေ့ဖက်ရင်း

"သဘာဝအတိုင်းပဲ နေလိုက်ရင် ဘာကိုမှ စိုးရိမ်စရာမရှိပါဘူးကွာ၊ အရေးကြီးတာက သဘာဝကို မဆန့်ကျင်ဖို့ပဲ၊ ငါတို့လူသားတွေက သဘာဝကိုဆန့်ကျင်ပြီး နေထိုင်ခဲ့လို့ အရာရာဟာ

"ဒီကျွန်းပေါ်ကို ရောက်ကတည်းက ကျွန်မ စဉ်းစားမိတာ တစ်ခုရှိတယ်၊ ကျွန်မတို့တစ်သက်လုံး ကယ်သူဝေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်မှာ နေရမှာလားလို့၊ ဒီလိုနေရမယ်ဆိုရင်လဲ ကျွန်မကတော့ ရှင်နဲ့ကလေး နှစ်ယောက်ရှိရင် နေနိုင်ပါတယ်"

ဟုပြောလိုက်၏။ ကျွန်ုပ်က မမြဖူး၏ဆံစများကို သပ်တင်၍

"မြို့ပြနဲ့ဝေးပြီး မင်းတကယ်နေနိုင်လို့လား"

ဟုမေးမြန်းလိုက်၏။ သူမက ခေါင်းညိတ်၍

"ဒီနေရာမှာ အရာရာ ပြီးပြည့်စုံနေတာပဲ၊ မြို့ပြနဲ့ ဘာမှမဆိုင်ဘူး၊ မြို့ပြမှာ ယှဉ်ပြိုင်နေရတာ ပင်ပန်းလွန်းတယ်၊ ပိုက်ဆံ အတွက် ရှာဖွေနေရတာလဲ ခေါင်းနောက်ရတာပဲ၊ ဪ... ဒါထက် ပြောရဦးမယ်၊ ကျွန်မတို့ ရွက်ဖျင်တဲက နေလယ်ဆိုရင် နေသိပ်ပူတယ်၊ ရွက်ဖျင်တဲထက် ပိုအေးချမ်းတဲ့ အိမ်လေးနဲ့နေရရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်၊ ဒီနေ့တော့ ကျွန်မဖြစ်ချင်တဲ့အိမ်လေးတစ်လုံး ဖြစ်တော့မဲ့ လမ်းစတွေ့တယ်"





ဟုပြောလေ၏။ ကျွန်ုပ်က မမြဖူး၏စကားကြောင့် မျက်မှောင်ကြုတ်၍

"မင်းမှာ ဘယ်လိုစိတ်ကူးရှိလို့လဲ"

ဟုမေးမြန်းလိုက်ရာ သူမက

"ဒီနေ့ နံနက်စာစားပြီးတော့ သားငယ်နဲ့သောင်ပြင်မှာ လျှောက်လှမ်းခဲ့တယ်၊ ကျွန်းတစ်ဖက်ကိုရောက်တော့ ကျောက်တုံးတွေကိုကျော်ပြီးတော့ ချောင်းကို ဖြတ်ကူးခဲ့တယ်၊ ချောင်းတစ်ဖက်မှာ အလွန်စိမ်းလန်းစိုပြေနေတဲ့ တောအုပ်တစ်ခုကိုတွေ့တယ်၊ တောအုပ်ထဲမှာ နေရထိုင်ရတာ သိပ်အေးချမ်းတာပဲ၊ ကျွန်မတို့ အဲဒီနေရာမှာ အိမ်ဆောက်လို့ရရင် သိပ်ကောင်းမှာပဲ"

ဟုပြောလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"အိမ်တစ်လုံးဆောက်ဖို့ လွယ်ပါ့မလားကွာ"

ဟုပြောလေ၏။ ထိုအခါ မမြဖူးက

"ကျွန်မတို့ ကြည့်ဖူးတဲ့ ဥစ္စာစောင့်မောင်နှမ ခတ်ချိုင်



www.burmeseclassic.com

www.burmeseclassic.com



ကားကို ရှင်မှတ်မိတယ်မဟုတ်လား၊ အဲဒီခေတ်ရှင်ကားထဲမှာ သစ်ပင်ကြီးတစ်ပင်မှာ ဥစ္စာစောင့်မောင်နှမရဲ့ အိမ်ခန်းကို ဆောက်ထားတယ်လေ၊ သစ်ပင်အောက်ကနေ အပေါ်ကိုတက်ဖို့ ရွှေလှေကားတစ်ခု ဆင်ထားတယ်၊ ဒီလိုမျိုး ကျွန်မတို့ဆောက်လို့မရဘူးလား''

ဟုပြောလေ၏။ ကျွန်ုပ်က မမြဖူး၏စကားကြောင့် ရယ်မော၍

''မင်းက ကျုပ်ကို ဥစ္စာစောင့်တွေနေတဲ့အိမ်မျိုး ဆောက်နိုင်းတာလား၊ ကိုယ့်ကိုယ်ကိုယ် ဥစ္စာစောင့်ဆိုပြီး စိတ်ကူးယဉ်မလို့လား၊ ဘာပဲဖြစ်ဖြစ် ငါတို့မိသားစု အေးအေးချမ်းချမ်း နေနိုင်အောင်ကြိုးစားပါမယ်''

ဟုပြောလေ၏။ မမြဖူးသည် တောအုပ်ထဲတွင် အိမ်သစ်ဆောက်ရန် အလွန်စိတ်အားထက်သန်နေပုံရ၏။





နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် မမြဖူးတို့ပြောသည့် စိမ်းလန်းသာယာသော သစ်တောရှိရာသို့ ချောင်းကိုဖြတ်သန်းပြီး သွားရောက်လေ၏။

ထိုအခါ သစ်ရိပ်ဝါးရိပ်များ အလွန်ကောင်းသော တောအုပ်ကြီးကိုမြင်ရပြီး အလွန်ကြီးမားသော သစ်ပင်ကြီးများကို တွေ့ရ၏။

ကျွန်ုပ်သည် ကြီးမားသော သစ်ပင်ကြီးများကို တအံ့တဩ ကြည့်ရှု၍



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျွန်းလေးပေါ်မှာ ဒီလောက်ကြီးမားပြီး သက်တမ်းရင့်တဲ့ သစ်ပင်ကြီးတွေရှိမယ်မထင်ဘူး၊ သစ်ပင်ကြီးတွေကို ထွင်းဖောက်ပြီး နေဖို့အိမ်လုပ်ရင် ရနိုင်တယ်၊ ဒါပေမဲ့ သင်္ဘောပျက်ထဲက သစ်သားချောင်းတွေ ယူဖို့လိုသေးတယ်"

ဟုပြောလေ၏။ ကျွန်ုပ်သည် ထိုအချိန်မှစ၍ သင်္ဘောပျက်ဆီသို့ ဖောင်ဖြင့် အခေါက်ခေါက်အခါခါသွား၍ သစ်သားချောင်းများနှင့် အသုံးဝင်မည့်ပစ္စည်းများကို သယ်ဆောင်လေ၏။

သင်္ဘောပျက်ပေါ်တွင် တွေ့ရှိရသော လှေကားငယ်နှစ်စင်းကိုလည်း ကမ်းဆီသို့ ယူဆောင်လေ၏။

ကျွန်ုပ်သည် သင်္ဘောပေါ်ရှိ ပစ္စည်းများကို သုံးရက်ဆက်တိုက်သယ်ဆောင်ပြီးနောက် လေပြင်းများတိုက်ခတ်ပြီး သင်္ဘောနစ်မြုပ်သွားလေ၏။

ကျွန်ုပ်သည် နံနက်မိုးလင်းသောအခါ သင်္ဘောပျက်ကို





မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက် ညည်းညူလိုက်ပြီး

"သွားပါပြီကွာ၊ သင်္ဘောပေါ်က သစ်သားချောင်းတွေ ရေအောက်ရောက်သွားပြီ"

ဟုပြောလေ၏။ ထိုအခါ အနီးသို့ မမြဖူးရောက်ရှိလာပြီး

"မပူပါနဲ့ရှင်၊ ရှင့်သစ်သားချောင်းတွေ အချိန်တန်ရင် ကျွန်မတို့ဆီကို ရောက်လာမှာပါ"

ဟုပြောလေ၏။

မမြဖူးပြောသည့်စကား မှန်ကန်၏။ နောက်တစ်နေ့၌ သင်္ဘောပျက်ရှိ သစ်သားချောင်းများ ကမ်းခြေသို့ လာတင်နေ၏။

ကျွန်ုပ်တို့ မိသားစုသည် ချောင်းရေကျချိန် ကျောက်တုံးများကို ကျောက်ဖြတ်ပြီး ကမ်းတစ်ဖက်သို့ သစ်သားချောင်းများအား ခက်ခက် ခဲခဲ သယ်ပိုးလေ၏။

ထို့နောက်တွင်မူ ချောင်းကိုဖြတ်သန်းပြီး တံတားပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရန် စိတ်ကူးပေါက်ပြီး သစ်သားချောင်းများကို တစ်ချပ်နှင့်တစ်ချပ် ပူးချည်ပြီး တံတားပြုလုပ်ခဲ့၏။

ထိုတံတားပေါ်မှ မြင်းနှင့်နွားများကို ကလေးများက ကမ်းတစ်ဖက်သို့ မောင်းချသွားလေ၏။

ကျွန်ုပ်တို့သည် အိမ်အဖြစ်ဆောက်လုပ်မည့် သစ်ပင်ကြီးကို ရှေးဦးစွာ ရွေးချယ်လေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ သားနှစ်ယောက်သည် တောအနှံ့လှည့်လည်ကြည့်ရှုကြ၏။

၄င်းတို့သည် ခဏကြာလျှင် ပြန်ရောက်လာပြီး

"ဟောဒီမှာ ဘာသီးတွေလဲမသိဘူး၊ စားလို့ကောင်းလိုက်တာ"

ဟုပြောလေ၏။

မဖြူးသည် သားဖြစ်သူ ရွှေခဲ၏ ပါးစပ်ထဲရှိ အသီးများကို ကမန်းကတန်း ဆွဲထုတ်၍





"တောထဲမှာ ဘာမှန်းမသိတဲ့အသီးတွေကို မစားရဘူး၊ မင်းတို့ဘာဖြစ်လို့ စားရတာလဲ"

ဟု ဆူပူကြိမ်းမောင်းလေ၏။ ကျွန်ုပ်က ထိုအသီးများကို ချက်မှောင်ကြုတ်ကြည့်၍

"ဟင်…ရေသဖန်းသီးတွေနဲ့တူတယ်၊ မင်းတို့ဘယ်က ရလာတာလဲ"

ဟုမေးမြန်းလေ၏။

သားငယ် ငွေခဲက ဝင်ရောက်၍

"မြက်တောထဲက ရလာခဲ့တာအဖေ၊ အများကြီးရှိသေးတယ်၊ မျောက်တွေလဲ အဲဒီအသီးတွေကို အများကြီးစားနေတယ်"

ဟုပြောလေ၏။

ကျွန်ုပ်သည် မြက်တောရှိရာသို့သွား၍ မျောက်များ စားသောက်နေခြင်းကို ကြည့်လေရာ မျောက်များ ဘေးအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ကြောင်းတွေ့ရ၏။

ထို့ကြောင့် ကျွန်ုပ်တို့မိသားစုတစ်စုလုံး ရေသဖန်းသီးများကို စားသောက်ကြည့်ရာ အလွန်အရသာကောင်းမွန်ကြောင်း တွေ့ရ၏။ ကျွန်ုပ်က ရေသဖန်းသီးများကိုစားရင်း

"တောထဲမှာ ငါတို့တွေ့ခဲ့တဲ့ ရောမသစ်ပင်ကြီးတွေဟာ ရေသဖန်းပင်ကြီးတွေဖြစ်လိမ့်မယ်"

ဟုမှတ်ချက်ချမိ၏။

ကျွန်ုပ်တို့ဆောက်လုပ်မည့် အိမ်ကို လနှင့်ချီ၍ ဆောက်ရမည်ဟုသိ၏။ ထို့ကြောင့် တောအုပ်အတွင်း ကျွန်ုပ်တို့ ယာယီနေထိုင်မည့် အိမ်ကိုဦးစွာဆောက်လေ၏။

မူလက ကျွန်ုပ်တို့နေထိုင်သော ရွက်ဖျင်တဲကို တောအုပ်အတွင်းတည်ဆောက်ခဲ့လေ၏။

ထို့ပြင် သင်္ဘောသားသုံး ပုခက်များကို သစ်ကိုင်းများ၌ ဆင်၍ ယာယီအိပ်စက်ရန် ပြုလုပ်ခဲ့၏။





ကျွန်ုပ်၏ သားနှစ်ယောက်သည် သင်္ဘောသားသုံး ပုခက်များကို အလွန်သဘောကျလေ၏။

ကျွန်ုပ်သည် ရွက်ဖျင်တဲအနီး၌ ယာယီမီးဖိုဆောင်လေး တစ်ခုပြုလုပ်ခဲ့လေ၏။

ကျွန်ုပ်တို့ မွေးမြူထားသော တိရစ္ဆာန်များနားနေနိုင်ရန် တင်းကုတ်တစ်ခုကိုလည်း သစ်တောအတွင်း၌ ပြုလုပ်ခဲ့လေ၏။

ကျွန်ုပ်သည် ဇနီးသည်၏ဆန္ဒအရ တောအုပ်အတွင်းသို့ ပြောင်းရွှေ့လာသော်လည်း ထိုနေရာ၌ သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ရှိနိုင်လေ၏။

ကျွန်းပေါ်၌ တောဆိတ်များပေါများလှ၏။

ကျွန်ုပ်သည် ညသို့ရောက်သောအခါ နှစ်နှစ်ခြိုက်ခြိုက် မအိပ်ရဘဲ မီးဖိုကြီးတစ်ခုဖိုကာ သေနတ်တစ်လက်ကို ကျည်ထိုး၍ စောင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြဖူးသည် ကျွန်ုပ်၏အမူအရာကို ဂရုဏာသက်စွာ ကြည့်၍

"ကျွန်မ တောထဲမှာနေချင်တယ်ဆိုလို့ ရှင်အိပ်ရေးပျက်ရပြီ၊ ကျွန်မလဲ ရှင်နဲ့အတူ လာအိပ်မယ်"

ဟုပြောလေ၏။ ကျွန်ုပ်က ခေါင်းခါယမ်း၍

"ရပါတယ်၊ ငါတစ်ယောက်တည်းပဲ စောင့်မယ်၊ မင်းအေး အေးဆေးဆေးအိပ်ပါ"

ဟုပြောလေ၏။

မမြဖူးသည်ကျွန်ုပ်၏စကားကို မတုံ့ပြန်တော့ဘဲ ရှက်ဖျင်တဲ အတွင်း၌ အိပ်စက်လေ၏။

ကျွန်ုပ်သည် တစ်ညလုံး မအိပ်စက်နိုင်ဘဲ မီးပုံကြီးထဲသို့ မီးမပြတ်ရန် ထင်းတုံးများ မပြတ်ထည့်ပေးနေ၏။

ကျွန်ုပ်သည် နံနက်မိုးသောက်အလင်းရောက်ချိန်မှသာ တရေးတမော အိပ်စက်ရလေ၏။





ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ အိမ်သစ်ဆောက်ရန် ပြင်ဆင်ရ၏။ ကျွန်ုပ်တို့အိမ်ကို သစ်ပင်ပေါ်၌ ဆောက်မည်ဖြစ်သဖြင့် အခက်အခဲဖြစ်မှာကို ကြိုသိ၏။

သို့သော် မိသားစုအရေးအတွက် ကြိုးစားပြီး တည်ဆောက်ရန် ဆုံးဖြတ်ထား၏။

ကျွန်ုပ်သည် သစ်ပင်ကြီးပေါ်သို့တက်ရန် ကြိုးလှေခါးတစ်ခုကို ဦးစွာပြုလုပ်ရန်ကြံ၏။

ကျွန်ုပ်က ကြိုးတစ်ချောင်း၏အစ၌ ကျောက်ခဲတစ်လုံးကို ပတ်ချည်ကာ သစ်ကိုင်းပေါ်သို့ ကျော်၍ပစ်တင်၏။

ထို့နောက် ကြိုးများကို ဆက်၍တင်ပြီး ချည်နှောင်လိုက်သောအခါ ကြိုးလှေခါးတစ်ခုဖြစ်သွား၏။

ထိုကြိုးလှေခါးမှတစ်ဆင့် သစ်ပင်ကြီးပေါ်သို့ အလွယ်တကူ တက်နိုင်၏။

ကျွန်ုပ်သည် သစ်ပင်ကြီး၏ သစ်ကိုင်းနှစ်ကိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



ပျဉ်ပြားများတင်၍ ကြမ်းခင်းရန်ပြင်၏။

ကျွန်ုပ်သည် ထိုသို့ ကြမ်းများခင်းရန်အတွက် သစ်ကိုင်းများ ကြားရှိ ရှုပ်ထွေးနေသော သစ်ကိုင်းများကို ခုတ်ထွင်လိုက်ကြ၏။

ပြီးနောက် သစ်တိုသစ်စများကို အသုံးပြု၍ အိမ်နံရံအဖြစ် ကာရံလေ၏။

ကျွန်ုပ်သည် အိမ်ဆောက်ရန် တစ်ပတ်ခန့်အချိန်ကြာမြင့်လေ၏။

တစ်ပတ်ပြည့်သောနေ့၌ ကျွန်ုပ် သစ်ပင်ပေါ်က ဆင်းလာသောအခါ မမြဖူးက ပြုံးချိုသောအမူအရာဖြင့်

"ရှင် ပင်ပန်းနေတာ အမောပြေသွားအောင် ကျွန်မ ပြချင်တယ်"

ဟုဆိုကာ ကျွန်ုပ်အား တောတွင်းတစ်နေရာသို့ခေါ်ဆောင်သွားလေ၏။ တောတွင်းရှိ ရေတံခွန်အနီးရှိ မြေ





ကွက်လပ်သို့ရောက်သောအခါ ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခုကိုအံ့သြဖွယ်ကောင်းလောက်အောင်တွေ့ရ၏။

ထိုစိုက်ခင်းသည် သင်္ဘောပျက်ပေါ်မှာ ကျွန်ုပ် ယူဆောင်လာသော မျိုးစေ့များကို စိုက်ပျိုးထားခြင်းဖြစ်၏။ ကျွန်ုပ်သည် ဟင်းသီးဟင်းရွက်စိုက်ခင်းကို ဝမ်းသာအားရကြည့်၍

"ဟားဟားဟား...စိုက်ခင်းတစ်ခုလုံး ငါမသိဘဲ မင်းဘယ်လို စိုက်ထားတာလဲ"

ဟုမေးမြန်းလေ၏။ မမြဖူးက ရယ်မော၍

"ရှင်သိရင် အံ့သြသွားအောင် ကျွန်မ တမင်မပြောဘဲထားခဲ့တာရှင့်၊ ရှင်သစ်ပင်ပေါ်တက်ပြီး အိမ်ဆောက်နေတုန်း ကျွန်မနဲ့သားနှစ်ယောက် စိုက်ထားတာ၊ ဒီနေရာမှာ မြေဆီမြေသြဇာ သိပ်ကောင်းလို့ ဟင်းသီးဟင်းရွက်စိုက်ခင်းနဲ့ အာလူးတွေစိုက်ထားတယ်၊ ဟိုးဘက်က လွတ်နေတဲ့ အကွက်မှာလဲ စိုက်ခင်းကို စိုက်ချင်တယ်၊ ဒါပေမဲ့ ရှင်က စိုက်ခင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရေရအောင် ရေတံခွန်က ရေကို ပိုက်နဲ့ သွယ်တန်းပေးမှ ဖြစ်မယ်''

ဟုပြောလေ၏။





ကျွန်ုပ်သည် နောက်ရက်များအတွင်း အိမ်သစ်ကို ပြီးစီးအောင် အားကြိုးမာန်တက်ဆောက်လုပ်လေ၏။

ကျွန်ုပ်တို့အိမ်အသစ်၏ အမိုးကို ရွက်ဖျင်စအသုံးပြုထားလေ၏။

ရွက်ဖျင်စအမိုးမှ ပိုလျှံသောအစများကို ကြမ်းပြင် ပျဉ်ချပ်၌ သံဖြင့်ရိုက်လိုက်သဖြင့် အိမ်၏နံရံတစ်ခု ဖြစ်သွားလေ၏။

ရွက်ဖျင်စသည် ကလေးများ ကြမ်းပြင်သို့ လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မကျစေရန် ကာကွယ်ထားလေ၏။

ကျွန်ုပ်တို့၏ အိမ်သစ်သည် သစ်ပင်ပေါ်၌ရှိသဖြင့် လေကောင်းလေသန့်ရရှိပြီး အေးမြနေလေ၏။

ထို့ပြင် တိရစ္ဆာန်များနေထိုင်ရန် သစ်လုံးအိမ်၏ မလှမ်းမကမ်း၌ တင်းကုတ်တစ်ခုကို ပြုလုပ်လေ၏။

ထိုတင်းကုတ်ထဲ၌ သင်္ဘောပျက်ထဲမှ ရရှိသော အဖိုးတန် ပစ္စည်းများကို သိမ်းဆည်းထားလေ၏။

သင်္ဘောပျက်မှရရှိသော မျိုးစေ့များအနက် စပါးမျိုးစေ့များကို ရေတံခွန်အနီးရှိ မြေကွက်လပ်၌ စိုက်ပျိုးကြ၏။

တစ်နေ့တွင် ကျွန်ုပ်တို့မိသားစု နံနက်စာစားသောက်နေစဉ် မမြဖူးက

"ရှင့်ကို ထူးဆန်းတာတစ်ခုပြောရဦးမယ်၊ ဒီရက်ပိုင်းမှာ ကျွန်မတို့ကြက်တွေ ဥမဥတော့ဘူး"

ဟုပြောလေ၏။





ထိုအခါ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ဥမဥတာ ဘယ်လောက်ကြာပြီလဲ"

ဟုမေးမြန်းလေ၏။

မမြဖူးက သက်ပြင်းချ၍

"တစ်ပတ်လောက်ရှိပြီထင်တယ်"

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ကြက်ခြံအတွင်းမှ ကြက်များ၏ ဆူဆူညံညံ အသံများကြားရသဖြင့် ကျွန်ုပ်သည် ကြက်ခြံဘက်သို့ ပြေးကြည့်လိုက်ရာ ကြက်များသည် ဂနာမငြိမ်ဘဲ ဟိုသည် ပြေးလွှားနေလေ၏။

မမြဖူးက ကျွန်ုပ်၏အနောက်မှရောက်လာပြီး

"ကြက်မတွေ ဒီလိုပဲ ဂနာမငြိမ်ဖြစ်နေတာကြာပြီ"

ဟုပြောလေ၏။

ကျွန်ုပ်သည် ကြက်ခြံပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏သား ရွှေခဲ မွေးမြူထားသော မျောက်ကို မသက်သာဖွယ် မြင်တွေ့ ရ၏။

မျောက်သည် သစ်မြစ်များအောက်ရှိ လိုဏ်တစ်ခုသို့ပြေး ဝင်သွားလေ၏။

ကျွန်ုပ်သည် မျောက်ကို မသက်သာသဖြင့် အနောက်မှ လိုက် ကြည့်ရာ လိုဏ်ခေါင်းထဲ၌ ကြက်ဥတစ်လုံးကိုလက်ဖြင့် ကိုင်ဆုပ်ထားသော မျောက်ကိုတွေ့ရ၏။

ကျွန်ုပ်၏ သားနှစ်ယောက်က မျောက်ကို ဆွဲပူကြိမ်း မောင်း၍ ရိုက်နှက်ကြရာ မျောက်သည် လိုဏ်ခေါင်းတစ်ခုပြီး တစ်ခု ကူးသန်းထွက်ပြေးလေရာ ထိုနေရာများတွင်လည်း မျောက်ခိုးယူထားသော ကြက်ဥများကိုထပ်မံတွေ့ရလေ၏။

ထိုမျောက်သည် ကြက်ဥများကို နှစ်သက်သဖြင့် ကြက်မများကို စောင့်ကြည့်နေပြီး ကြက်မများ ကြက်ဥဥချ လိုက်သည်နှင့် ကြက်ဥကို လုယူ၍ထွက်ပြေးသွားခြင်းဖြစ်နိုင်၏။





ထိုအချိန်မှစ၍ သားနှစ်ယောက်သည် မျောက်ရူးကို ဖမ်း၍ နံနက်ပိုင်း၌ ကြိုးဖြင့်တုတ်နှောင်ထားလေ၏။

မျောက်အန္တရာယ်မရှိသောအခါမှပင် ကြက်မများသည် ကြက်ဥပြန်ဥလေ၏။

ကျွန်ုပ်တို့မိသားစုအတွက် ကျွန်း၌ နေထိုင်စဉ် ကြက်ဥ သည် အဓိက အစားအစာဖြစ်သဖြင့် ကြက်ဥမရှိလျှင် များစွာ ဒုက္ခရောက် သွားနိုင်၏။

ကျွန်ုပ်တို့သည် ကျွန်း၌ မိသားစုနေထိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်ရသကဲ့သို့ ကျွန်းမှ လွတ်မြောက်ရန် အတွက်လည်း လမ်းစရှာရလေ၏။

ကျွန်ုပ်တို့မိသားစုဝင်တစ်ဦးသည် မှန်ဘီလူးတစ်လက် ဖြင့် ပင်လယ်ပြင်ကို ကင်းစောင့်သကဲ့သို့ စောင့်ကြည့်နေရ၏။

ပင်လယ်၌ ကျွန်ုပ်တို့ကို ကယ်တင်နိုင်မည့် သင်္ဘောကို တွေ့လျှင် တောင်ကုန်းပေါ်၌ စုဆောင်းထားသော ထင်းပုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို မီးရှို့၍ အချက်ပြမည်ဖြစ်၏။

သို့သော် ယနေ့အထိ ကျွန်းအနီးဖြတ်သန်းသွားလာသော သင်္ဘောဟူ၍ တစ်စီးတလေမျှ မတွေ့ရချေ။





တစ်နေ့တွင် လေကြီးမိုးကြီးများ တိုက်ခတ်ပြီး မုန်တိုင်း တစ်ခု ဝင်ရောက်လာလေ၏။

မုန်တိုင်းကြောင့် မိုးများရွာသွန်းဖြိုးပြီး အလွန်ပြင်းထန်သော လေပြင်းများတိုက်ခတ်လေ၏။

လေပြင်းများ အလွန်ထန်သဖြင့် သစ်ပင်ပေါ်ရှိ အိမ်၌ ကျွန်ုပ်တို့မိသားစု မနေနိုင်တော့ဘဲ ဘေးလွတ်ရာသို့ ရှောင်တိမ်း ပြေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ ဘေးလွတ်ရာနေရာမှာ တိရစ္ဆာန်များအတွက် ဆောက်လုပ်ထားသော တင်းကုတ်ပင်ဖြစ်၏။

ထိုတင်းကုတ်သည် လေကွယ်ရာ၌ရှိပြီး သစ်မြစ်ဆုံကြီးများက ကာရံထားသဖြင့် မုန်တိုင်းဘေးမှ လွတ်ကင်းနိုင်၏။

သို့သော် ကျွန်ုပ်တို့မိသားစုအတွက် တိရစ္ဆာန်တင်းကုတ်မှာ ကျဉ်းမြောင်းပြီး အလင်းရောင်မရသဖြင့် အလွန်အနေရခက်လှ၏။

မုန်တိုင်းသည် ပြင်းထန်ပြီး လေပြင်းများထန်လှသဖြင့် ကျွန်ုပ်တို့မိသားစုအတွက် ဟင်းချက်ရန် မီးမွေးရန်ပင် မဖြစ်နိုင်ချေ။

ကျွန်ုပ်တို့မိသားစုသည် ဆာလောင်သောအခါ ရိက္ခာခြောက် များကိုသာ အားကိုး၍ စားသောက်ရ၏။

မုန်တိုင်းမှာ တစ်ရက်ပြီးတစ်ရက် ဆက်နေသဖြင့် ကျွန်ုပ်သည် တိရစ္ဆာန်များစားရန် အစာကိုပင် ထွက်၍ရှာရ၏။





ကျွန်းသို့ရောက်သည့်အချိန်၌ အပြင်းထန်ဆုံး မုန်တိုင်းဖြင့်ကြုံတွေ့ရသဖြင့် ဤတစ်ကြိမ်သည် မိသားစုအတွက် စိတ်အပျက်ဆုံး အချိန်ဖြစ်ခဲ့၏။

သားကြီးဈွေခဲက တစ်ရက်ပြီးတစ်ရက် ဆက်၍ ပြင်းထန်နေသော မုန်တိုင်းကိုကြည့်၍

"ကုန်းပေါ်မှာ နေတဲ့လူတွေဆိုရင် ဒီအချိန်အတော် နှိမ်ကျမှာပဲနော်၊ ငါတို့ကတော့ ဒုက္ခရောက်လိုက်တာ"

ဟုညည်းညူလေရာ ကျွန်ုပ်တို့ဇနီးမောင်နှံသည် တစ်ယောက် မျက်နှာတစ်ယောက် မတိုင်ပင်ဘဲ ကြည့်လိုက်မိ၏။

ကျွန်းပေါ်မှာနေထိုင်စဉ် ကလေးများ စိတ်ဓာတ်ပျက်မှာ အစိုးရိမ်ဆုံးဖြစ်၏။

မုန်တိုင်းနှင့်အတူ မိုးရာသီဝင်ရောက်လာ၏။

ဤအရပ်၌ မိုးများလွန်းသဖြင့် မိုးရာသီ၌ ဟိုသည် သွားလာခြင်းမရှိဘဲ အိမ်တွင်းအောင်းနေရသည်ကသာများ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိုးရာသီ၌ မိသားစုတစ်စုလုံး အိမ်တွင်းအောင်း နေခိုက် စိတ်လေခြင်းမရှိစေရန် အစီအစဉ်တစ်ခုကို ရေးဆွဲလိုက်၏။

ထိုအစီအစဉ်အရ မိသားစုတစ်စုလုံး တာဝန်ကိုယ်စီရှိနေကြ၏။

ကျွန်ုပ်သည် ကျွန်းပေါ်ရောက်နေသည့်ကာလ၌ ကြုံတွေ့ရသောအခက်အခဲများကို မှတ်တမ်းတစ်ခုအဖြစ် ရေးသားခဲ့၏။

ထိုမှတ်တမ်းသည် ယခု ပရိသတ်များဖတ်ရှုနေသော မှတ် တမ်းပင်ဖြစ်၏။

ထိုမှတ်တမ်းရေးရန် စာရွက်လွတ်များစွာနှင့်ခဲတံများကို သင်္ဘောပျက်ပေါ်မှ ကျွန်ုပ် ရယူခဲ့ပြီးဖြစ်၏။

ကျွန်ုပ်၏ဇနီး မမြဖွေး၏တာဝန်မှာ အိမ်မှုကိစ္စများပြုလုပ်ပြီး အနားရချိန်၌ ကလေးများကို ကျွန်ုပ်နှင့်တစ်လှည့်စီ





စာပေသင်ကြားပေးရန်ဖြစ်၏။

ကျွန်ုပ်သည် သားကြီးရွှေခဲအား အင်္ဂလိပ်စာနှင့် သင်္ချာဘာသာကို သင်ကြားပေးလေ၏။

ကလေးနှစ်ယောက်သည် မြိတ်မှာနေထိုင်စဉ် ဆရာကြီးဦးဘကွန်း ကျောင်း၌ ကျောင်းတက်ခဲ့သော်လည်း ကြာလျှင်စာများကိုမေ့ သွားမှာစိုးသဖြင့် မိဘများက တာဝန်ယူပြီး သင်ကြားပေးလေ၏။

သို့မှသာ မိုးရာသီအိမ်တွင်းအောင်းသောအချိန်၌ စိတ်မလေမှာဖြစ်၏။

ထို့အပြင် ကျွန်ုပ်က သားနှစ်ယောက်ကို ပရိတ်ကြီး(၁၁)သုတ်ကို သင်ပြပေးလေ၏။

မမြဖွေးက စိတ်ဝင်စားဖွယ်ကောင်းသော ဘုရားဟောငါးရာငါးဆယ့် ပုံဝတ္ထုများကို ပြောပြလေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်၏ သားနှစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



လူသူမနီးသော ကျွန်းကြီး၌ ရောက်နေသော်လည်း ဗဟုသုတနှင့်ပြည့်စုံကြွယ်ဝ၏။ မိုးရာသီ ကုန်ဆုံးသောအခါ ကျွန်ုပ်တို့ မိသားစု၏ ဘဝပုံစံသည် ပြန်လည်တက်ကြွရှင်လန်းလာ၏။

ကျွန်းပေါ်၌ ကယ်သူဝေးသောဘဝသို့ရောက်နေသော်လည်း ကျွန်ုပ်တို့သည် ပျော်ရွှင်ချမ်းမြေ့စေရန် ကြိုးစားနေထိုင်ခဲ့၏။

ယနေ့အထိ ကျွန်ုပ်တို့ကို ကယ်တင်နိုင်မည့်သင်္ဘော ရောက်ရှိမလာချေ။

တစ်ကြိမ် နှစ်ကြိမ်၌ သင်္ဘောတစ်စီး၊ နှစ်စီး ကျွန်းအနီးသို့ ရောက်လာသော်လည်း ကျွန်းပေါ်မှ ကျွန်ုပ်တို့မိသားစု၏ အချက်ပြခြင်းကို မြင်တွေ့ခြင်းမရှိချေ။

ကျွန်ုပ်တို့၏ အချက်ပြမီးပုံကို သင်္ဘောပေါ်ရှိလူများ မြင်တွေ့ခြင်းမရှိလျှင် မီးရှို့ရန် ထင်းများကိုစုစည်း၍ တောင်ပေါ်သို့ ပြန်တင်ရမည်ဖြစ်သဖြင့် များစွာ စိတ်ပျက်လက်





ပျက်ဖြစ်ရ၏။

ကျွန်ုပ်တို့သည် သစ်ပင်ပေါ်ရှိ အိမ်သစ်ကိုတက်ရန် သစ်သားလှေခါးတစ်ခု ပြုလုပ်လိုက်၏။

မမြဖူးသည် သူမစိုက်ထားသော ဟင်းသီးဟင်းရွက် စိုက်ခင်းကို အရိပ်တကြည့်ကြည့် ရှိနေ၏။

ကျွန်ုပ်တို့အတွက် လိုအပ်သော သကြားကို ကျွန်းပေါ်ရှိ ကြံပင်များမှရရှိလေ၏။

ဆားကို ပင်လယ်ကမ်းစပ်ရှိ ကျောက်ခွက်များပေါ် တင်နေသော ဆားမှုန့်များကို ပြန်ချက်ယူလေ၏။

မမြဖူး၏ စိုက်ခင်းမှ ဟင်းသီးဟင်းရွက်များကို စားရသဖြင့် ကျွန်ုပ်တို့အတွက် ထမင်းစားမြိန်စေ၏။

ကျွန်ုပ်သည် သင်္ဘောပျက်ပေါ်မှ ရရှိသော မျိုးစပါးများနှင့် စပါးခင်းတစ်ခုကိုပြုလုပ်ထားလေ၏။

ကျွန်းပေါ်၌ မြေဩဇာအလွန်ကောင်းသဖြင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



စပါးခင်းသည် အောင်မြင်ဖြစ်ထွန်းလေ၏။

ကျွန်ုပ်တို့သည် ယခုနှစ်မိုး၌ ပြင်းထန်သော မုန်တိုင်းကို ကြုံလိုက်ရသဖြင့် နောက်နှစ်၌ မိုးဒဏ်လေဒဏ်ကို ကာကွယ်နိုင်မည့် အိမ်တစ်လုံးကို အလိုရှိ၏။

ကျွန်ုပ်နှင့်မဖြူဖူးတို့သည် ကျွန်းအနှံ့လိုက်လံရှာဖွေသော်လည်း မိသားစု လုံလုံခြုံခြုံနေနိုင်မည့်နေရာကို လောလောဆယ် ရှာဖွေ မတွေ့သေးချေ။

တစ်နေ့တွင် ကျောက်တောင်ကြီးတစ်ခုအောက်ရှိ လွန်စွာလုံခြုံသော ဂူတစ်ခုကို ကျွန်ုပ်၏သား ရွှေခဲက ရှာဖွေတွေ့ရှိ၏။ ထိုဂူကို ချုံနွယ်များ ဖုံးလွှမ်းနေသဖြင့် အလွယ်တကူ မတွေ့ခြင်း ဖြစ်၏။





တစ်နေ့သ၌ ကျွန်ုပ်နှင့်ရွှေခဲသည် ပင်လယ်ပြင်သို့ ငါးဖမ်း ထွက်ခဲ့လေ၏။

ကျွန်ုပ်တို့သည် သင်္ဘောပျက်ပေါ်မှ ရရှိသော ပိုက်ကွန်ကို အသုံးပြု၍ ငါးဖမ်းထွက်ခဲ့ခြင်းဖြစ်၏။

ထိုသို့ ငါးဖမ်းထွက်ရင်း ပင်လယ်ပြင်တစ်နေရာ၌ ပင်လယ်လိပ်ကြီးတစ်ကောင်ကိုတွေ့လိုက်ရ၏။

ကျွန်ုပ်၏လှေကို ပင်လယ်လိပ်ကြီးရှိရာဘက်သို့ ဦးတည်၍ အားသွန်ပြီးလှော်ခတ်ခဲ့၏။

ကျွန်ုပ်၏လှေ ပင်လယ်လိပ်ကြီးအနီးသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကြိုးတပ်ထားသောလုံဖြင့် ပင်လယ်လိပ်ကြီး၏ ကိုယ်ခန္ဓာသို့ ထိုးစိုက်လိုက်၏။

လိပ်ကြီးသည် နာကျင်မှုကြောင့် ပင်လယ်ထဲသို့ ဆွဲပြေးလေရာ ကျွန်ုပ်တို့လှေငယ်လေး လည်ထွက်သွား၏။ ကျွန်ုပ်၏သား ရွှေခဲက ကြောက်လန့်နေသဖြင့် ကျွန်ုပ်က

"မကြောက်ပါနဲ့ငါ့သား၊ အဖေလိပ်ကြီးကို မိထားပြီးပြီ၊ ဒီလိပ်ကြီးရရင် အဖေတို့ ရက်တွေအများကြီးစားလောက်တယ်"

ဟုပြောလိုက်၏။

လိပ်ကြီး၏ ဆွဲအားပြင်းထန်လွန်းသဖြင့် ကျွန်ုပ်က ကြိုးကို ဖြတ်ပစ်ရန် အကြိမ်ကြိမ်ကြံစည်ဖူး၏။

ကျွန်ုပ်တို့သားအဖသည် လှေကို ကမ်းဆီသို့ ဦးတည်လှော်ခတ်ခဲ့၏။

လိပ်ကြီးကလည်း ပင်လယ်ဘက်သို့ အင်အားအပြည့်ဖြင့် ရုန်းကန်ပြေးလေ၏။





ထိုအချိန်တွင် ကျွန်ုပ်တို့အတွက် ကံကြမ္မာက မေးမလိုက်၏။

ကျွန်ုပ်တို့လှေအတွက် လေလမ်းကြောင်း သင့်လာသဖြင့် လှေပေါ်၌ပါရှိသောရွက်ကို လွှင့်တင်လိုက်ရာ လှေသည် လျှင်မြန်သောအရှိန်ဖြင့် ကမ်းဆီသို့ဦးတည်လာလေ၏။

လိပ်ကြီးသည် မရုန်းကန်နိုင်တော့ဘဲ ကျုပ်တို့လှေ၏အနောက်သို့ ပါလာလေ၏။

ကျွန်ုပ်တို့ သားအဖသည် ကမ်းပေါ်သို့ လိပ်ကြီးအားဆွဲတင်၍ ကြည့်ရှုလိုက်ရာ လိပ်ကြီးသည် ဒဏ်ရာကြောင့် သေလုနီးပါးဖြစ်နေ၏။

ကျွန်ုပ်သည် လိပ်ကြီးကို အပြတ်ရှင်းလိုက်ပြီး လိပ်၏အပေါ် ခွံနှင့်အောက်ခွံကို ခွာထုတ်လိုက်၏။

လိပ်ကြီးကိုဖျက်လိုက်ပြီးနောက် အသားအချို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖနီးသည်အား ဟင်းချက်ရန်ပေးလိုက်၏။

လိပ်၏မကောင်းသောအသားများကို အင်းခွေးကြီးနှစ်ကောင်ကို ကျွေးလိုက်လေ၏။

ကျွန်ုပ်ခွာထားသော လိပ်ခွံကြီးကို သားနှစ်ယောက်က အလုအယက်တောင်းကြ၏။

ကျွန်ုပ်က ကလေးနှစ်ယောက်ကိုကြည့်၍ရယ်မောကာ

"လိပ်ခွံကို မင်းတို့ဘာလုပ်မလို့လဲကွာ၊ ရှင်းစမ်းပါဦး"

ဟုပြောလိုက်၏။ ထိုအခါ သားငယ်ငွေခဲက

"ကျွန်တော်က အခွံကိုလှေလုပ်ပြီး ကစားမလို့"

ဟုပြောလေ၏။ သားကြီးရွှေခဲက

"ကျွန်တော်ကအခွံကို ဒိုင်းလုပ်မလို့၊ ကျွန်တော်တို့ကျွန်းကို လူသားစားလူရိုင်းတွေလာရင် ခုခံဖို့ဗျ"

ဟုပြောလေ၏။ ကျွန်ုပ်က ရယ်မော၍ သားနှစ်ယောက်ကို လိပ်ခွံအား ပေးလိုက်လေ၏။





မမြဖူးက ကျွန်ုပ်တို့ရလာသော လိပ်ကြီးကို ကြက်သီးထဟန်ဖြင့်ကြည့်၍

"ရှင်တို့လိပ်ကြီးကို ကျွန်မမလုပ်တတ်ဘူး၊ စားလဲမစားရဲဘူး"

ဟုပြောလေရာ ကျွန်ုပ်က

"မြန်မာပညာရှိတွေ မိန့်ခဲ့တာ မကြားဖူးဘူးလား၊ ဖွတ်ဥ၊ လိပ်သည်း ကျွဲနို့ခဲတဲ့၊ စားကြည့်ရင် အရသာရှိတာတွေ့လိမ့်မယ်"

ဟုပြောလေရာ ဇနီးမမြဖူးက

"ဒါဆိုရင်တော့ ရှင့်ဘာသာချက်ပေတော့၊ ကျွန်မမချက်ရဲဘူး၊ ဒီလိပ်ကြီးကို နူးအောင် အတော်ချက်ယူရလိမ့်မယ်"

ဟုပြောလေ၏။ ကျွန်ုပ်က ခေါင်းခါယမ်း၍

"လိပ်သားက နူးညံ့တယ်ကွ၊ ငါးဟင်းလိုပဲ ခဏလေး



www.burmeseclassic.com

www.burmeseclassic.com



ချက်ရုံနဲ့ နူးတယ်၊ လိပ်သားစားရင် ထူးခြားတာက ငါးလိုလဲ စားရတယ်၊ ပေါင်နဲ့လက်မောင်းသားတွေကတော့ ကြက်သားလို အမျှင်တွေဖြစ်နေတယ်၊ လိပ်မှာ အကျိတ်အခဲ အဆီဥတွေလဲပါတယ်၊ လိပ်ကို မကိုင်တတ်ရင် အရမ်းညှီတယ်၊ ငါကိုယ်တိုင်ကိုင်မှဖြစ်မယ်”

ဟုပြောကာ ကျွန်ုပ်သည် လိပ်ကိုကိုင်ရန် မီးဖိုလေ၏။

မီးကျီးခဲရဲရဲ ရရှိသောအခါ လိပ်ကိုမီးပြင်းတိုက်လေ၏။

လိပ်၏ ရင်ဘတ်နှင့်ကျောကုန်းကို အတန်ကြာအောင် မီးမြှိုက်ပြီးသောအခါ အခွံမာသည်ဟု ထင်ရသော လိပ်၏ ကျောကုန်းနှင့် ရင်ဘတ်သည် ပျော့ပျောင်းသွားလေ၏။

လိပ်၏ ကျောကုန်း၌ အရိုးနှစ်ရိုးရှိနေလေ၏။ ထိုအရိုးကို ထုတ်ပြီးလျှင် လိပ်တစ်ကောင်လုံး စားစရာပင်ဖြစ်၏။ လိပ်အူမှာလည်း ပြုတ်ပြီးစားလျှင် အရသာထူးပါသည်။

ကျွန်ုပ်ချက်သော လိပ်သားဟင်းကို သားနှစ်ယောက်က





အလွန်ကြိုက်ပြီး မမြဖူးက လိပ်သားကို မစားရဲသဖြင့် မစားဘဲနေ လေ၏။

ရေသတ္တဝါများအနက် ကျွန်ုပ်အကြိုက်ဆုံးမှာ လိပ်သားဖြစ်သဖြင့် လိပ်သားဟင်းကို အဝစားလေ၏။

ကျွန်ုပ်၏သားနှစ်ယောက်သည် လိပ်ခွံကို ဆေးကြော၍ ငှင်းတို့စိတ်ကြိုက် သုံးစွဲကြလေ၏။

ကျွန်ုပ်တို့ကျွန်းပေါ်ရှိ ကမ်းစြေသို့ လိပ်ကြီးများ မကြာခဏ တက်၍ ဥများ ဥလေ့ရှိကြောင်း တွေ့ရ၏။ ကျွန်း၌ နေထိုင်စဉ်လိပ်ဥများသည် ကျွန်ုပ်တို့ မိသားစုအတွက် အလွန်အသုံးဝင်သော ရိက္ခာဖြစ်၏။

ထို့ကြောင့် ကျွန်းပေါ်သို့တက်၍ ဥအုသော လိပ်ကြီးများကို မသတ်ဘဲ လိပ်ဥများကိုသာ ယူဆောင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကျွန်ပ်၏သားကြီးရွှေခဲတစ်ယောက် ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်မှ လက်မတင်လေး လွတ်မြောက်လေ၏။

ရွှေခဲသည် ကျွန်းပတ်ဝန်းကျင်သို့ လှည့်လည်သွားလာတတ်၏။ ကျွန်းပတ်ဝန်းကျင်၌ အန္တရာယ်ပေးနိုင်မည့် သားကောင်မရှိသဖြင့် ညီအစ်ကိုနှစ်ယောက်ကို အနီးပတ်ဝန်းကျင်သို့ သွားခွင့်ပြုထား၏။





သားနှစ်ယောက် တောထဲ၌ လှည့်လည်သည့်အခါတိုင်း အင်းခွေးကြီးနှစ်ကောင်က အနောက်မှ အဖော်အဖြစ်လိုက်သွားလေ့ရှိ၏။

တစ်နေ့တွင် သားကြီးရွှေခဲ၏ တစ်ကိုယ်လုံး ရွှံ့များ အလူးလူးဖြစ်နေပြီး ထိတ်လန့်တုန်လှုပ်နေသော အမူအရာမျိုးဖြစ်နေလေ၏။ ကျွန်ုပ်က သားဖြစ်သူရှိရာသို့ ပြေးသွားပြီး

"ရွှေခဲ မင်းဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံး ရွှံ့တွေပေကျံ နေတာပဲ၊ မင်းတို့ ဘာအန္တရာယ် ဖြစ်လာသလဲ"

ဟုမေးမြန်းလိုက်၏။ မမြဖူးမှာလည်း သားနှစ်ယောက်ကို ကြည့်၍ စိုးရိမ်တကြီးပြေးလာ၏။

ရွှေခဲက ထိတ်လန့်တုန်လှုပ်သောအမူအရာဖြင့်

"ကျွန်တော် ရွှံ့နွံထဲကို ကျသွားတယ်အဖေ၊ ကံကောင်းလို့ လွတ်မြောက်လာတာဗျ"

ဟုဆိုပြီး အန္တရာယ်ဆိုးနှင့် ကြုံတွေ့ခဲ့ပုံကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ကျွန်တော်တို့တောထဲကိုရောက်တော့ တစ်နေရာမှာ ကိုင်းပင်တွေတွေ့တော့ ကိုင်းပင်တွေနဲ့ ခြင်းတောင်းယက်ချင်တယ်လို့ အမေ ခဏခဏ ပြောတာသတိရတယ်၊ ဒါကြောင့် ငွေခဲကိုအနီးမှာ စောင့်ခိုင်းပြီး ကိုင်းပင်တွေသွားနုတ်တယ်၊ ဒါပေမဲ့ ကိုင်းပင်တွေက အရမ်းသန်တော့ ကျွန်တော် နုတ်လို့မရဘူး၊ အားစိုက်ပြီး နုတ်တော့ ခြေချော်ပြီး ရေအိုင်ထဲကို ထိုးကျသွားတယ်၊ ရေအိုင်ထဲ ရောက်တော့ ရွံ့ညွန်တွေထဲကို ကျွန်တော် ရင်ခေါင်းအထိ မြုပ်သွား ခဲ့တယ်၊ ကျွန်တော် ကြောက်လွန်းလို့ အော်လိုက်တော့ အင်းခွေး ကြီးနှစ်ကောင်က ကျွန်တော့်ကို ကယ်ဖို့ကြိုးစားကြတယ်၊ ဒါပေမဲ့ ခွေးတွေလဲ ဘာမှ မကယ်နိုင်ပါဘူး၊ ကျွန်တော် တဖြည်းဖြည်း ရွံ့ထဲမြုပ်သွားတာ လည်ပင်းအထိပါပဲ။ နောက်ဆုံးတော့ ရွံ့ထဲမှာ မြုပ်နေတဲ့ ကျွန်တော့်ရဲ့ခေါင်းကို ထုတ်ပြီး အနီးက ကိုင်းပင်တွေကို





ဆွဲဖြုတ်လိုက်တယ်၊ ပြီးတော့ ကိုင်းပင်တွေကို ကျွန်တော် လက်မောင်းနဲ့ ပတ်ထားလိုက်တယ်ဗျ၊ ပြီးတော့ ကျွန်တော် အားကုန်ခုန်ဆွဲ ပြီးတော့ ကိုင်းပင်တွေကို ဆွဲလိုက်တော့ ကျွန်တော့်ကိုယ်အပေါ်ကို တက်သွားတယ်၊ ရွံ့ထဲက နည်းနည်း လွတ်သွားတော့ အင်းခွေးကြီးနှစ်ကောင်ကပဲ ကိုင်းပင်တွေကို ကူဆွဲပေးတယ်၊ နောက်တော့ အင်းခွေးကြီးတစ်ကောင်ရဲ့ အမြီးကို ခိုဆွဲပြီး တက်ခဲ့တာပဲ၊ ကျွန်တော့်ကို ကိုင်းပင်တွေနဲ့ အင်းခွေးနှစ်ကောင်က ကယ်တင်ပေးသွားတာပဲ"

ဟုပြောလိုက်ရာ ဖနီးသည် မမြဖွားက သားဖြစ်သူ၏ ပခုံးကို ဖက်၍ မျက်ရည်များစီးကျလာကာ

"မသေကောင်း မပျောက်ကောင်းသားရယ်၊ ငါ့သားသာ တစ်ခုခုဖြစ်သွားရင် အမေရင်ကျိုးမှာပဲ၊ တော်ပြီ တော်ပြီ မင်းတို့ ကို တောထဲကို မလွှတ်တော့ဘူး"

ဟုပြောလေ၏။ ကျွန်ုပ်၏သား ရွှေခဲသည် အလွ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ကောင်းသော ရွှံ့နွံအိုင်ထဲသို့ ကျပြီး ကံကောင်း ထောက်မစွာဖြင့် လွတ်မြောက်လာခဲ့ခြင်းဖြစ်၏။

ထိုရွှံ့နွံအိုင်ကြီးထဲသို့ ကျရောက်လျှင် တောသတ္တဝါကြီးများပင် ရုန်းကန်နိုင်စွမ်းမရှိချေ။ ရှေ့ခဲ့သည် ကံကောင်းထောက်မသည့်အပြင် ဉာဏ်ရည်ထက်မြက်သဖြင့် လွတ်မြောက်ရာလမ်းကို ရှာနိုင် ခြင်းဖြစ်၏။

ကျွန်ုပ်တို့ ဖန်းမောင်နှံသည် ကလေးနှစ်ယောက်ကို ဘယ်သောအခါမျှ တောထဲသို့ မလွှတ်တော့ရန် ဆုံးဖြတ်လိုက်၏။





ကျွန်းပေါ်သို့ ရောက်ရှိပြီး ဒုတိယမြောက်မိုးရာသီကို ပြန်လည်ကြုံတွေ့ရလေ၏။ ယခုနှစ်ပိုင်းသည် ယခင်နှစ်ကထက် ပိုမို ပြင်းထန်သဖြင့် တစ်မိုးလုံး အိမ်တွင်းပုန်းလုပ်ကြရလေ၏။

ရာသီဥတု ပြင်းထန်လွန်းသဖြင့် ကျွန်ုပ်တို့ မိသားစုတစ်စုလုံး နေထိုင်မကောင်းဖြစ်လာကြ၏။ ကျွန်ုပ်သည် ကျွန်းပေါ်၌ ကျွန်းမာရေးချို့တဲ့မှုကို အကြောက်ရွံ့ဆုံးဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဆေးဝါးရှားပါးသောအရပ်၌ ကုသရန် ခက်ခဲသောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များလည်း ကျွန်ုပ်တို့နည်းတူ ခံစားရလေ၏။ ယခု ကျွန်ုပ်တို့နေထိုင်သော လိုဏ်ဂူမှာလည်း ပြင်းထန်လှသော ရာသီဥတုဒဏ်ကို မခံနိုင်ချေ။

ထို့ကြောင့် ပြင်းထန်သော ရာသီဥတုဒဏ်ကို ခံနိုင်သော ဂူတစ်လုံး ထပ်မံရှာဖွေရန် ကြိုးစည်ရလေ၏။

ထိုသို့ရှာဖွေရင်း ရာသီဥတုဒဏ်ကို ကာကွယ်နိုင်သည့် ကျောက်တောင်တစ်ခုကို တွေ့ရှိပြီး ဂူတစ်ခုပြုလုပ်ရန် ဆုံးဖြတ်လိုက်၏။ ထိုသို့ လိုဏ်ဂူတစ်ခုကို ကိုယ်တိုင်တူးဆွလျှင် လွန်စွာ ပင်ပန်းဆင်းရဲလိမ့်မည်။

သို့သော် သဘာဝလိုဏ်ဂူမရှိသဖြင့် ကိုယ်တိုင်တူးဆွရန်သာ ရှိတော့၏။

ထိုနေရာသည် ပင်လယ်ပြင်ကို စီး၍မြင်နေရပြီး မိုးလာရာဘက်သို့ ကျောပေးထားလေ၏။ ကျွန်ုပ်သည် မိမိရှာဖွေတွေ့ရှိထားသောနေရာကို မျက်မြင်အမှတ်အသားပြုထားလိုက်၏။

ရက်အနည်းငယ်အတွင်း ကျွန်ုပ်သည် မိမိလုပ်အားဖြင့် လိုဏ် ဂူသစ်တူးဖော်သောအလုပ်ကို စတင်လေ၏။

ရှေ့ပိုင်းရက်များတွင် ကျွန်ုပ်အတွက် လိုဏ်ဂူသစ်တူးဖော်ရန် အလွန်ခက်ခဲနေ၏။

ကျွန်ုပ်တစ်ကိုယ်တည်း ပင်ပင်ပန်းပန်း တူးဖော်ရာသို့ မမြဖူးက လာရောက်ကြည့်ရှုပြီး

"ဆက်မတူးပါနဲ့တော့ရှင်၊ ရှင်သိပ်ပင်ပန်းနေပြီ"

ဟုပြောလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍

"ဒီလိုရာသီဥတုဒဏ်ခံနိုင်တဲ့နေရာမှာ မနေရင် ကျွန်းပေါ်မှာ ငါတို့မိသားစု မိုးရာသီတိုင်း ဒုက္ခရောက်နေလိမ့်မယ်၊ ဒါကြောင့် ပင်ပန်းပါစေ၊ ဆက်တူးရလိမ့်မယ်"

ဟုဆိုကာ ခွဲရိုရိုဖြင့် ကျောက်တောင်ကြီးကို ဆက်တူးဆွလေ၏။ နောက်ပိုင်းရက်များ၌ ကျွန်ုပ်အတွက် ပိုမိုလွယ်ကူ







www.burmeseclassic.com

www.burmeseclassic.com



လာ၏။

ကျောက်သားထု တစ်ပေခန့် တူးဆွပြီးသောအခါ နုညက်သော ကျောက်သားများကိုတွေ့ရ၏။

ကျွန်ုပ်၏လုပ်ငန်းများကို သားကြီးရွှေခဲက လာရောက်ပြီး အကူအညီပေးလေ၏။

ကျွန်ုပ် တူးဆွသော ကျောက်သားများကို ရွှေခဲက ရှင်းလင်းပေးလေ၏။

မမြဖူးက ကျွန်ုပ်တို့သားအဖအတွက် စားသောက်ဖွယ်ရာများကို ယူဆောင်လာပေး၏။ မမြဖူးသည် တိရစ္ဆာန်များနှင့် ဟင်း သီးဟင်းရွက်စိုက်ခင်းများကို တာဝန်ယူလုပ်ကိုင်နေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်၏ သံတူရွင်းသည် ကျောက်သားထုထဲသို့ အိခနဲ တိုးဝင်သွား၏။

ကျွန်ုပ်သည် သံတူရွင်းထိုးဝင်သွားသောနေရာကို တအံ့တသြ ကြည့်ရှုလိုက်၏။





ကျောက်တောင်၏တစ်ဖက်၌ အခေါင်းပေါက်တစ်ခု ဖြစ်နေလေ၏။

ကျွန်ုပ်သည် သံတူရွင်းစိုက်ဝင်သွားသော ကျောက်တောင်၏ အပေါက်ကို နှံ၍ တဖြည်းဖြည်းချဲ့လိုက်ရာ အပေါက်ကြီးတစ်ပေါက် ပေါ်လာ၏။

ကျွန်ုပ်၏အနီးသို့ သားကြီးရွှေခဲ ရောက်ရှိလာပြီး အပေါက် ကိုချောင်းမြောင်းကြည့်ကာ

“အထဲမှာ လိုဏ်ခေါင်းကြီးတစ်ခုပါလား၊ ဂူတစ်ခုဖြစ်ပုံရတယ်”

ဟုပြောလေ၏။

ကျွန်ုပ်သည် ရွှေခဲကို ပြန်ခိုင်းလိုက်ပြီး ဖယောင်းတိုင်များ ယူခိုင်းလိုက်၏။

ဖယောင်းတိုင် သွားယူနေခိုက် ကျွန်ုပ်သည် အပေါက်ကို ပိုမို၍ ကျယ်ဝန်းအောင်ချဲ့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေခဲနှင့်အတူ မမြဖူးတို့သားအမိပါ လိုက်လာပြီး ကျောက်တောင်အတွင်းရှိ လိုဏ်ခေါင်းကြီးကို တအံ့တသြ ကြည့်ရှုလေ၏။

ကျွန်ုပ်တို့မိသားစုတစ်စုလုံး ဖယောင်းတိုင်များထွန်း၍ လိုဏ်ဂူထဲသို့ ဝင်ကြည့်ရန် ကြံစည်ကြ၏။

ကျွန်ုပ်က ဖယောင်းတိုင်ကိုကိုင်၍ ရှေ့ဆုံးမှ ဦးဆောင် ဝင်သွား၏။

ကျွန်ုပ်အနောက်မှ မိသားစုက ရင်ခုန်စွာဖြင့် လိုက် လာကြ၏။

ကျွန်ုပ်တို့မိသားစု၌ ဖယောင်းတိုင်နှင့် မီးခြစ်များ အပိုဆောင်ထားကြ၏။

ကျွန်ုပ်သည် ဂူတွင်းသို့ဝင်ကာစက ထိတ်လန့်တုန်လှုပ် စိတ်ရှိသော်လည်း အတွင်းသို့ရောက်သောအခါ ပျော်ရွှင် ကြည်နူးစိတ်များဖြစ်ပေါ်လာ၏။





ဂူအတွင်းရှိ ရှုခင်းသည် အလွန်လှပတင့်တယ်၏။ ကျွန်ုပ်တို့မိသားစုသည် လှပသောရှုခင်းများကို ကြည့်ရှုလိုသော ကြောင့် ဖယောင်းတိုင်အသီးသီးကို ထွန်းညှိလိုက်လေ၏။

ဖယောင်းတိုင် အလင်းရောင်ကြောင့် ဂူထဲရှိ ကျောက် ခက်ပန်းဆွဲများသည် အရောင်တဖိတ်ဖိတ်တောက်ပနေလေ၏။

ဤဂူကြီးသည် ကျောက်ခက်ပန်းဆွဲများ အပြည့်ရှိ သောဂူကြီးပင်ဖြစ်၏။

ဂူ၏အမိုးပေါ်မှ ကျောက်ခက်ပန်းဆွဲများ တွဲလွဲကျနေသ လို အောက်ခြေမှ ကျောက်စက်တိုင်များလည်း မိုးပေါ်သို့ ထိုးတက်နေ၏။

မမြဖူးက ကျောက်ခက်ပန်းဆွဲများကို တအံ့တသြ ကြည့်၍

"လှလိုက်တာရှင်၊ ဂူအမိုးပေါ်က ကျောက်စက်တိုင်ကြီး တွေ တွဲလောင်းကျနေတယ်၊ ကျောက်စက်တိုင်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ရေ စီးကျနေသလိုပဲနော်”

ဟုပြောလေ၏။

ဂူတစ်ခုလုံး နုညက်သော ကျောက်ဖြူသားများ ဖုံးလွှမ်းနေလေ၏။

ကျွန်ုပ်တို့မိသားစုသည် ကျောက်ခက်ပန်းဆွဲများကို တအံ့တသြလိုက်လံကြည့်ရှုပြီးနောက် ရာသီဥတုဒဏ်ကို ကာကွယ်နိုင်သောဂူကြီး၌ နေထိုင်ရန် ဆုံးဖြတ်လိုက်ကြ၏။

ကျွန်ုပ်သည် ဂူကြီးကို တစ်နေကုန်လှေ့လာပြီးနောက် မိသားစုအတွက် လုံခြုံသော အိမ်တစ်လုံးဆောက်ရန် ဆုံးဖြတ်လိုက်၏။

ဤဂူကြီးသည် မိုးရာသီ၌ မိသားစုအတွက် အလုံခြုံဆုံးနေရာဖြစ်၏။

ကျွန်ုပ်တို့သည် ဂူကြီးကို အပိုင်းနှစ်ပိုင်းခွဲလိုက်ကြ၏။ ဂူကြီး၏ ညာဘက်အပိုင်း၌ မီးဖိုခန်း၊ စတိုခန်းနှင့်





တိရစ္ဆာန်များအတွက် တင်းကုပ်ပြုလုပ်ရန် ကြံရွယ်ထား၏။

ဂူ၏ဘယ်ဘက်အပိုင်း၌ ဧည့်ခန်းတစ်ခန်း၊ ဇနီးမောင်နှံ အိပ်ခန်းနှင့် ကလေးနှစ်ယောက်အတွက် အိပ်ခန်းတစ်ခန်းပါရှိ၏။

ကျွန်ုပ်တို့ မီးဖိုမှ မီးခိုးများ ဂူထဲတွင် မွန်မနေရန် ဂူအနီး၌ အပေါက်တစ်ပေါက် ဖောက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိုးရာသီ ခိုအောင်းနိုင်ရန် အိမ်ဆောက်မည်ဆိုသော်လည်း ချက်ချင်း အကောင်အထည်မဖော်နိုင်သေးချေ။

ကျွန်ုပ်တို့သည် ကျောက်ခက်ပန်းဆွဲအိမ်ကို တဖြည်းဖြည်း အကောင်အထည်ဖော်ခဲ့ရလေ၏။

ကျွန်ုပ်သည် ကျောက်ခက်ပန်းဆွဲအိမ်၏ တံခါးပေါက်၌ သင်္ဘောပျက်မှ ယူဆောင်လာသော တံခါးတစ်ချပ်ကို တပ်ဆင်





ထားလေ၏။

ထို့အပြင် မိသားစုအတွက် ရေအခက်အခဲမရှိစေရန် ကျောက်ခက်ပန်းဆွဲအိမ်ခန်း၌ ရေတွင်းတစ်တွင်းကို တူးလေ၏။

ကျွန်ုပ်က ကျောက်ခက်ပန်းဆွဲအိမ်ကြီးကို မွမ်းမံနေပုံကို ကြည့်၍ မမြဖူးက

"ဂူထဲမှာ ရှင်အိမ်ဆောက်နေတာကိုကြည့်ပြီး ကျွန်မ ရင်ထဲ တစ်မျိုးပဲ"

ဟုပြောလိုက်ရာ ကျွန်ုပ်က မမြဖူးကို နားမလည်ဟန်ဖြင့် ကြည့်၍

"ဘယ်လိုတစ်မျိုးဖြစ်နေလို့လဲ မိန်းမရဲ့"

ဟုမေးမြန်းလိုက်ရာ မမြခက်က လေသံတိုးတိုးဖြင့်

"ကျွန်မတို့ ကယ်သူဝေးနေပြီလားဟင်၊ ကျွန်မတို့ တစ်သက်လုံး ဒီမှာပဲနေရတော့မှာလား၊ တကယ်လို့ နေရမယ်ဆိုရင် ကျွန်မကတော့ နေနိုင်ပါတယ်၊ ဒါပေမဲ့ သားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဘဝဆုံးမှာ ကို မလိုလားဘူး”

ဟုပြောလေ၏။ မမြဖူး၏စကားကြောင့် ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“ကံကြမ္မာက ငါတို့ဘက်မှာ ရှိမှာပါကွာ၊ တစ်နေ့နေ့မှာ ကယ်မဲ့သင်္ဘောရောက်လာမယ်လို့ ငါယုံကြည်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်းမှာနေထိုင်ရတဲ့ဘဝမှာတော့ မိသားစုအတွက် အဆင်အပြေဆုံးဖြစ်အောင် ငါလုပ်ရမှာပ၊ ငါတို့မိဘတွေက သားတွေအတွက် စံပြဖြစ်ရမယ်ကွ”

ဟုပြောလိုက်လေ၏။ ကျွန်ုပ်တို့ ကျွန်းသို့ရောက်ကာစ နှစ်က ပင်လယ်ပြင်ကို အချိန်ပြည့်စောင့်ကြည့်၍ ကယ်မည့် သင်္ဘောကို မျှော်၏။

သို့သော် ကျွန်ုပ်တို့ရောက်ရှိနေသော ကျွန်းသည် ပင်လယ်ပြင်ရှိ သင်္ဘောများ သွားလာလေ့မရှိသော လမ်းကြောင်း၌ ရှိနေသဖြင့် ကယ်သူဝေးနေလေ၏။





ကျွန်ုပ်တို့သည် နောက်ပိုင်းနှစ်များ၌ ကယ်မည့် သင်္ဘောကို စောင့်မျှော်ရန် မျှော်လင့်ချက်နည်းသွားလေ၏။

မည်သို့ပင်ဖြစ်စေ ကံကောင်းသောနေ့၌ ကျွန်ုပ်တို့ မိသားစု ကျွန်းမှ လွတ်မြောက်မည်ဟု ယုံကြည်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သင်္ဘောပျက်ပေါ်မှ ရရှိသော သစ်သား ချောင်းများနှင့် လက်သမားကိရိယာများကို အသုံးပြုကာ အိမ်ထောင် ပရိဘောဂများ ပြုလုပ်လေ၏။

ထိုပရိဘောဂများကို ကျွန်ုပ်တို့မိသားစု၏ ကျောက်ခက် ပန်းဆွဲအိမ်၌ အသုံးပြုမည်ဖြစ်၏။

မိုးရာသီအချိန်သို့ရောက်သောအခါ ကျွန်ုပ်တို့မိသားစု





သည် လုံခြုံစိတ်ချရသော ကျောက်ခက်ပန်းဆွဲအိမ်၌ နေထိုင် လေ၏။

ကျွန်ုပ်တို့ရောက်ရှိနေသောဂူသည် လုံခြုံလှသဖြင့် မိုးရွာ နေကြောင်းကိုပင် မသိရှိနိုင်ချေ။

ကျွန်ုပ်တို့သည် မိုးသဲသဲမဲမဲရွာနေသော အချိန်၌ ကျောက်ခက်ပန်းဆွဲများ၌ ဆင်ထားသော ပုခက်များ ပေါ်တွင် အိပ်၍ ဖိမ်အကျကြီး ကျနေလေ၏။

ကျွန်ုပ်တို့နှင့်အတူ မွေးမြူထားသော တိရစ္ဆာန်များလည်း ဂူကြီး၌ အေးအေးချမ်းချမ်းနေထိုင်နိုင်၏။

ကျွန်ုပ်တို့သည် မိုးရာသီ၌ ကျောက်ခဲပန်းဆွဲအိမ်၌ နေထိုင်ပြီး နွေရာသီ၌ သစ်တောထဲရှိအိမ်၌ နေထိုင်ခဲ့လေ၏။

တစ်နေ့တွင် ကျွန်ုပ်တို့မိသားစုသည် ကျောက်ခန်းပန်းဆွဲ နေအိမ်၌ နေပူဆာလှုံနေခိုက်တွင် ကျွန်ုပ်၏သားကြီးရွှေခဲက

"အဖေ… ဟိုးဘက်ကျွန်းမှာ ဘာကြီးလဲမသိဘူး၊ မည်



www.burmeseclassic.com

www.burmeseclassic.com



မည်းကြီးတွေ့တယ်”

ဟုပြောလေ၏။ ကျွန်ုပ်တို့မိသားစုတစ်စုလုံး ထိုနေရာသို့ ကြည့်လိုက်သောအခါ ကမ်းရိုးတန်းအနီးရှိ ကျွန်းတစ်ကျွန်း၌ အမည်းရောင်အရာဝတ္ထုကြီးတစ်ခုကို မြင်ရ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက

“သင်္ဘောပျက်ကြီးတစ်စင်း တုံးလုံးလဲနေတာလား”

ဟုရေရွတ်လေ၏။

ထိုအရာသည် အဝေးကကြည့်လျှင်ပင် ကြီးမားသော အရာဝတ္ထုကြီးဖြစ်ကြောင်း ပေါ်လွင်လှ၏။

ကျွန်ုပ်က မျက်မှောင်ကြုတ်၍

“သင်္ဘောပျက်ဖြစ်ချင်လဲဖြစ်မယ်၊ သေချာအောင် ငါတို့သားအဖသွားကြည့်မယ်”

ဟုပြောပြီး လှေကိုယူ၍ ကမ်းရိုးတန်းကျွန်းဆီသို့ အလျှင်အမြန်လှော်ခတ်ခဲ့၏။





ကျွန်ုပ်တို့လှေအနီးသို့ ရောက်သောအခါ ထိုအရာဝတ္ထုကြီးမှာ ဗိုမို၍ကြီးမားကြောင်းပေါ်လွင်လာ၏။

ကျွန်ုပ်သည် ထိုအရာကြီး၏ အနီးသို့ရောက်လျှင် သင်္ဘောပျက်တစ်ခုမဟုတ်ဘဲ သေဆုံးပြီး ကမ်းပေါ်သို့တင်နေသော ဝေလငါးကြီးတစ်ကောင်ဖြစ်ကြောင်းသိလိုက်ရ၏။

ဝေလငါးကြီးသည် အစိမ်းရင့်ရောင်အဆင်းရှိပြီး ပေ (၇၀) ကျော်ခန့်ရှိလေ၏။

ဝေလငါးကြီးကို ကျွန်ုပ်တို့သားအဖ အံ့မခန်းကြည့်ရှုနေမိ၏။

ဝေလငါးကြီး၏ ဦးခေါင်းသည် ကိုယ်ခန္ဓာကြီးနှင့် လိုက်ဖက်အောင် အလွန်ကြီးမားသော်လည်း ငါးကြီး၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းလှ၏။

ရွှေခဲက ဝေလငါးကြီး၏ ပါးစပ်ကိုကြည့်၍

“ငါးကြီးရဲ့ ပါးစပ်က သေးသေးလေးနော်၊ သူ့ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



က သေးတော့ အစာတွေ အများကြီးစားနိုင်မှာမဟုတ်ဘူး”

ဟုပြောလေ၏။

ကျွန်ုပ်က ဝေလငါး၏ သေးငယ်သောပါးစပ်ကိုကြည့်၍

“ဝေလငါး အစာစားတဲ့အခါ ပင်လယ်အောက်က ရေတွေကို တစ်ပြိုင်တည်း အများကြီးစုတ်ယူလိုက်တယ်ကွ၊ သူစုတ်ယူလိုက်တဲ့ ရေတွေထဲမှာ ငါးလေးတွေ အများကြီးပါတယ်၊ ငါးလေးတွေကို စားပြီးတော့ ရေတွေကို ပြန်ထုတ်ပစ်လိုက်တာကွ”

ဟုရှင်းလင်းပြလေ၏။

ကျွန်ုပ်သည် အလွန်ကြီးမားသော ဝေလငါးကြီးကိုကြည့်၍ ငါး၏ကိုယ်ခန္ဓာမှ အဆီများစွာရရှိနိုင်ကြောင်း သိလိုက်ရ၏။ ဝေလငါးအဆီကို အသုံးပြု၍ မီးထွန်းညှိရန် အသုံးပြုနိုင်၏။

ကျွန်ုပ်သည် ဝေလငါးကြီး၏အသားကို အတွင်းပိုင်းအထိရောက်အောင် ငါးမန်းလွှနှင့် လှီးဖြတ်လိုက်ပြီး အဆီပြင်





များကို ထုတ်ယူလိုက်၏။

ငါးကြီးထဲမှ ထုတ်ယူစရာ အဆီများလွန်းသဖြင့် ကျွန်ုပ်တို့ တစ်နေကုန် အချိန်ကုန်လွန်သွား၏။

ကျွန်ုပ် ငါးကြီး၏အဆီထုတ်ပြီးသောအခါ ငှက်မျိုးစုံတို့က ငါးကြီး၏ အသားကိုစားရန် ရောက်ရှိလာကြ၏။

ကျွန်ုပ်တို့ လိုအပ်သမျှ အဆီကို ရရှိသဖြင့် ငါးကြီးကို စွန့်လွှတ်ပြီး ထွက်ခွာလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်တို့မိသားစု ဟင်းသီးဟင်းရွက်စိုက်ခင်း၌ အလုပ်လုပ်နေစဉ် ချောင်းတစ်ဖက်ကမ်း၌ ဖုန်လုံးကြီးများ အလိမ့်လိမ့်တက်နေကြောင်းတွေ့ရ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက ဖုန်လုံးကြီးများ ထွက်နေရာကို လက်ညှိုးညွှန်ပြ၍

"ဟိုမှာ ဟိုမှာ ဘာဖြစ်တာလဲမသိဘူး။ ဖုန်တွေ အလိမ့်လိမ့်တက်နေတယ်၊ ဘာဖြစ်တာလဲ သွားကြည့်ရအောင်"





ဟုပြောလေ၏။ ကျွန်ုပ်က လက်ကာပြ၍

"အဲဒီမှာ သတ္တဝါတစ်ကောင်ရှိနေလိမ့်မယ်၊ ဒါကြောင့်ဖုံတွေ အရမ်းတက်နေတာ၊ ဖုန်လုံးကြီးက ငါတို့ဘက်ကို ရွေ့လာပြီ၊ သတိထားကြပါ"

ဟုအော်ဟစ်လိုက်လေ၏။ ကျွန်ုပ်၏အနီး မမြဖူးက

"တောဆိတ်တွေလဲ ဖြစ်ချင်ဖြစ်မယ်နော်"

ဟု ပြောလေ၏။

ကျွန်ုပ်သည် သစ်ပင်၌ ချိတ်ထားသော မှန်ပြောင်းကို ယူ၍ကြည့်လိုက်ရာ မှန်ပြောင်းထဲတွင် ဧရာမကြို့ကြီး တစ်ချောင်း ထောင်နေသလို မြင်ရပြီး

"မြွေကြီးကွ၊ ဧရာမမြွေကြီး၊ ဒီလောက်ကြီးတဲ့မြွေ တစ်ခါမှ မတွေ့ဖူးဘူး၊ ငါတို့ဘက်လာနေပြီ"

ဟု စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်လေ၏။ ရွှေခဲက ကျွန်ုပ်ဘက်သို့လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



"အဖေ၊ ကျွန်တော်အိမ်ပြန်ပြီး သေနတ်သွားယူလိုက်မယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်က ခေါင်းခါယမ်း၍

"မယူနဲ့ မြွေကြီးက သိပ်ကြီးပြီး သန်မာလွန်းတယ်၊ ဒီလောက်ကြီးတဲ့ မြွေကြီးကို ငါတို့သေနတ်လောက်နဲ့ ရှင်းလို့ရမှာ မဟုတ်ဘူး၊ သူ့အရေက သိပ်ထူပုံရတယ်"

ဟုပြောလေ၏။ ထိုအခိုက်မှာပင် မြွေကြီးသည် ကျွန်ုပ်တို့ လူစု၏ လှုပ်လှုပ်ရှရှအမူအရာများကို မြင်တွေ့သွားပြီး ကျွန်ုပ်တို့ ဘက်သို့ တရွေ့ရွေ့ ဦးတည်လာနေ၏။

မမြဖူးက အထိတ်တလန့်ဖြင့်

"မြွေကြီး ကျွန်မတို့ကို မြင်သွားပြီ၊ ပြေးမှဖြစ်မယ်"

ဟုဆိုကာ သားနှစ်ယောက်ကို လက်ဆွဲ၍ စိုက်ခင်းမှ ကျောက်ခက်ပန်းဆွဲအိမ်ရှိရာသို့ ဦးဆောင်ပြေးလေ၏။

ကျွန်ုပ်သည် မြွေကြီး၏အခြေအနေကိုကြည့်၍ အနောက်





မှ လိုက်ခဲ့၏။

မြွေကြီးသည် ကျွန်ုပ်တို့လူစုကို အမဲလိုက်သည့်နှယ် အနောက်မှ တရွေ့ရွေ့ လိုက်လာ၏။

ဤမျှကြီးမားသော မြွေကြီးကို နှိမ်နင်းရန် နည်းလမ်းကို ရုတ်တရက် ရှာမတွေ့သဖြင့် ထိတ်လန့်တုန်လှုပ်နေမိ၏။

ကျွန်ုပ်တို့မိသားစုကို မြွေကြီးက သားကောင်ကဲ့သို့ သဘောထားပြီး လိုက်နေလျှင် မည်သို့နှိမ်နင်းရမည်နည်း။

ကျွန်ုပ်တို့မိသားစုသည် ကျောက်ခက်ပန်းဆွဲအိမ်ထဲသို့ ဝင်လိုက်ကြပြီး အိမ်တံခါးကို ပိတ်ထားလိုက်ကြ၏။ တံခါးကြားမှ ချောင်းကြည့်သောအခါ အတန်ကြာအောင် မြွေကြီး၏ အရိပ်အယောင်ကို မတွေ့ရချေ။

ကျွန်ုပ်သည် အိမ်တံခါးကိုဖွင့်၍ အပြင်သို့ ထွက်ကြည့်လိုက်ရာ မြွေကြီးသည် ဆယ်ပေခန့်အမြင့်အထိ ခေါင်းထောင်၍ သားကောင်ကို ရှာဖွေနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မြွေကြီးသည် ကျွန်ုပ်တို့၏ ကျောက်ခက်ပန်းဆွဲ အိမ်ဘက်သို့ တရွေ့ရွေ့ လှမ်းလာ၏။

ကျွန်ုပ်သည် အိမ်ထဲသို့ ပြန်ဝင်ပြီး တံခါးကို ပိတ်ထားလိုက်၏။

ကျွန်ုပ်နှင့်မမြဖူးသည် သေနတ်ကိုယ်စီကိုင်၍ တံခါးကြားမှ မြွေကြီးကို ချောင်းကြည့်ကြ၏။

မြွေကြီးသည် အိမ်ဘက်သို့ ဦးတည်လာနေသဖြင့် အားလုံးထိတ်လန့်တုန်လှုပ်နေကြ၏။

မမြဖူးသည် မြွေကြီးကို သေနတ်ဖြင့်ချိန်ပြီး လက်များတဆတ်ဆတ်တုန်ယင်နေ၏။

နောက်ဆုံး၌ သူမသည် စိတ်မထိန်းနိုင်တော့ဘဲ မြွေကြီးကို သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်နေ၏။

ကျွန်ုပ်က တားဆီးရန် ကြိုးစားသော်လည်း မမြဖူးသည် ကြောက်စိတ်ကြောင့် ဘာကိုမှ မမြင်တော့ဘဲ မြွေကြီးကိုသာ





သေနတ်ဖြင့်ဆက်တိုက် ပစ်နေ၏။

မမြဖူး၏ သေနတ်ကျည်ဆန်သည် မြွေကြီး၏ ချက်ကောင်း နေရာကို ထိပုံမရချေ။

မြွေကြီးကခေါင်းထောင်ကြည့်နေပြန်သဖြင့် ကျွန်ုပ်သေနတ်ဖြင့် ဝင်ရောက် ပစ်ခတ်လေ၏။

ထိုအခါမှပင် မြွေကြီးသည် နောက်ကြောင်းကို ပြန်လှည့်သွားပြီး ရွှံ့နွံအိုင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်တို့မိသားစုသည် မြွေကြီး၏ရန်မှ ကင်းလွတ်သွားသဖြင့် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကျွန်းပေါ်၌ ကျွန်ုပ်တို့၏ သေမင်းတမန်မြွေကြီးရှိနေသည်ဟု သိရှိသည့်အချိန်မှပင် မြွေကြီးကို နှိမ်နင်းနိုင်မည့် နည်းလမ်းများကို ရှာကြံနေလေတော့၏။

ကျွန်ုပ်သည် မိသားစုကို သတိကြီးစွာထား၍ နေထိုင်စေပြီး တောထဲကို မလွှတ်တော့ချေ။

ကျွန်ုပ်၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ တောထဲသို့





မသွားရန် အမိန့်ထုတ်ထားလိုက်၏။

ဤသို့ဖြင့် မိသားစုတစ်စုလုံး ရောမမြွေကြီးကို ကြောက်ရွံ့ပြီး အိမ်တွင်းအောင်းနေလေ၏။

ထိုသို့ နေထိုင်ပြီး လေးရက်မြောက်သောနေ့၌ မိသားစုအတွက် ရေအခက်အခဲ ဖြစ်လာ၏။

ကျွန်ုပ်၏ဇနီးက ဂူအပြင်ဘက်သို့ချောင်းကြည့်ပြီး

"ကျွန်မတို့မှာ ရေမရှိတော့ဘူး"

ဟု မျက်စိပျက် မျက်နှာပျက်ပြီး ပြောဆိုနေ၏။

ကျွန်းပေါ်သို့ရောက်ပြီး ယခုအချိန်လောက် သူမစိတ်ဆင်းရဲတာ မမြင်ဖူးချေ။ ကျွန်ုပ်သည် အိမ်ထောင်ဦးစီးယောကျ်ားတစ်ယောက်ဖြစ်သဖြင့် သူတို့ကို ရဲဝံ့စွာ ဦးဆောင်နိုင်ရမည်။ ကျွန်ုပ်က

"ဘာမှမပူနဲ့ ရေအတွက် စဉ်းစားထားပြီးသားပါ၊ လိုဏ်ဂူအနားမှာ တို့တူးထားတဲ့ရေတွင်းရှိတယ်၊ ရေကို အဲဒီက



www.burmeseclassic.com

www.burmeseclassic.com



ယူရမယ်"

ဟုပြောလိုက်ရာ မမြဖူးက

"ရေခဲနေချိန်မှာ မြွေကြီးထွက်လာရင် ဘယ်လိုလုပ်မလဲ"

ဟု စိုးရိမ်တကြီးမေးမြန်းလေ၏။ ကျွန်ုပ်က

"ရေခဲနေတဲ့အချိန်က ကျန်တဲ့သူတွေက သေနတ်ကိုယ်စီနဲ့ မြွေကြီးကို စောင့်ကြည့်နေကြမယ်"

ဟုပြောလေ၏။

ကျွန်ုပ်တို့အားလုံးအတွက် ကျွန်းကိုရောက်ရှိလာပြီး ပထမဦးဆုံး မြွေကြီးကြောင့် စိတ်ပျက်မိလေ၏။

ကျွန်းမှာ တစ်သက်လုံးနေတော့မည်ဆိုသောစိတ်ကို ပြန်လည်ပြင်ဆင်နေမိ၏။

ကျွန်ုပ် ရေခတ်နေချိန်တွင်အနီးတွင် မြွေကြီးရှိနေမည် ယူဆပြီး အားလုံးထိတ်လန့်တုန်လှုပ်နေမိ၏။





သို့သော် ကံကောင်းထောက်မစွာဖြင့် မြွေကြီးရောက်မလာခဲ့ချေ။

မြွေကြီးသည် ကျွန်းအနီးရှိ ရွံ့နွံအိုင်၌ ရှိနေမည်ဟု ယူဆ၏။

ရွံ့နွံအိုင်၌ ကျက်စားသောဘဲများ၏ အထိတ်တလန့် အော်ဟစ်သံကို မကြာခဏ ကြားနေရ၏။

ထို့နောက် ဘဲများ ရွံ့နွံအိုင်၌ မနေတော့ဘဲ ကမ်းရိုးတန်း ကျွန်းဘက်သို့ ပြောင်းပြေးကြကြောင်း သတိပြုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မိသားစုမှာ အန္တရာယ်နှင့်ကြုံတွေ့နေရသည့် အချိန်၌ အိမ်ထောင်ဦးစီးတစ်ယောက်အနေဖြင့် ကျွန်ုပ်၌ တာဝန်ရှိလေ၏။

ထိုတာဝန်ကို ကျွန်ုပ်အနေဖြင့် မဖြစ်မနေ ယူရပေမည်။

မြွေကြီး၏ရန်ကြောင့် ကျောက်ခက်ပန်းဆွဲအိမ်၌ ကျွန်ုပ်တို့နှင့်အတူ ပုန်းအောင်းနေသူများမှာ တိရစ္ဆာန်များပင်





ဖြစ်သည်။

တိရစ္ဆာန်များအတွက် အစာများလည်း တဖြည်းဖြည်း နည်းပါးလာခဲ့၏။

သူတို့ကို ပိတ်လှောင်ထားဖို့ မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် နောက်တစ်နေ့မှာပင် တိရစ္ဆာန်များကို အိမ်ပြင်သို့ ထွက်ကျောင်းရန် ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်က တိရစ္ဆာန်များကို ကျောင်းသည့်အခါ ရှုံ့နံ့အိုင်ကို ဂရုစိုက်ကြည့်ပြီး မြွေကြီးကိုတွေ့လျှင် သေနတ်နှင့်ပစ်ရန် ကြံစည်ကြ၏။

မြွေကြီးကို သေနတ်နှင့်ပစ်ပြီး ဒုတိယအကြိမ်မြောက် တိုက်ခိုက်နိုင်မည်ဟု ယုံကြည်၏။

ကျွန်ုပ်တို့ တိရစ္ဆာန်များကို လွှတ်ကျောင်းသည့်နေ့၌ ကျွန်ုပ်သည် သေနတ်ကိုကိုင်၍ ရှုံ့နံ့အိုင်ကို အသင့်စောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များအနက် နွားများ၊ သိုးဆိတ်များသည် အိမ်အပြင်သို့ ဖြည်းညင်းစွာ ထွက်လာကြသော်လည်း ရက်ပေါင်းများစွာ ပိတ်လှောင်ထားသော မြည်းများသည် အိမ်အပြင်သို့ပျော်ရွှင်စွာ ပြေးထွက်သွား၏။

မြည်းငယ်လေးတစ်ကောင်သည် တားမရဘဲ ရွံ့နွံအိုင်ဘက်သို့ ပြေးသွား၏။

ကျွန်ုပ်တို့သည် မြည်းငယ်လေးအတွက် စိုးရိမ်ပြီး အလျှင်အမြန် ပြန်ခေါ်ရန် ကြိုးပမ်းကြ၏။ သို့သော် မြည်းမှာ အပျော်လွန်ပြီး ခေါ်ဆို၍မရဘဲဖြစ်နေ၏။

ထိုအခိုက်မှာပင် ထိတ်လန့်ဖွယ်မြင်ကွင်းတစ်ရပ်ကို မိသားတစ်စုလုံး မြင်တွေ့လိုက်ရ၏။

ရွံ့နွံအိုင်ထဲတွင်ရှိနေသော မြွေကြီးသည် လျှောခနဲထွက်လာပြီး မြည်းလေးကို သူ၏ကိုယ်ခန္ဓာဖြင့်လျှင်မြန်စွာ ရစ်ပတ်လိုက်၏။





ပြီးနောက် မြည်းလေးကို ချုံထဲသို့ ဆွဲသွင်းလိုက်ပြီး ဝါးမျိုနေလေတော့၏။

ကျွန်ုပ်တို့မိသားစုသည် ထိုမြင်ကွင်းကိုကြည့်၍ အထိတ်တလန့်အော်ဟစ်နေကြ၏။ ရွှေခဲက မြည်းလေးကိုကြည့်၍ တက်ခေါက်ကာ

"တောက်..ဒီမြွေကြီးကို ကျွန်တော်သွားပစ်တော့မယ် အဖေ"

ဟုပြောလေ၏။ ကျွန်ုပ်က အသာအယာ လက်ကာပြ၍

"ဒီမြွေကြီး ဇာတ်သိမ်းကိုရောက်သွားပါပြီကွာ၊ သူ့ကို ခဏနေရင် အဖေတို့ ရှင်းလို့ရပါပြီ"

ဟုပြောလိုက်ရာ မမြဖွားက မျက်မှောင်ကြုတ်၍

"ဘယ်လိုရှင်းမှာလဲ"

ဟုမေးမြန်းလိုက်လေ၏။ ကျွန်ုပ်က မိသားစုကိုကြည့်၍

"ဒီမြွေကြီးဟာ တိရစ္ဆာန်တစ်ကောင်ကို ဝါးမျိုပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားနိုင်တော့ဘူး၊ အစာကြေအောင် ခဏစောင့်ပြီးမှ လှုပ်ရှားနိုင်တော့တယ်၊ ဒီကောင်ကြီး မလှုပ်ရှားနိုင်တဲ့အချိန်ကို စောင့်ပြီး သူ့မျက်လုံးထဲကို သေနတ်ကျည်ဆန်သွင်းရမှာပဲ"

ဟုပြောလိုက်လေ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက စိုးရိမ်ဟန်ဖြင့်

"ဖြစ်ပါ့မလားရှင်၊ ကျွန်မတော့ အတော်ထိတ်လန့်နေပြီ"

ဟုပြောလေရာ ကျွန်ုပ်က သူမ၏ပခုံးကိုပုတ်၍

"ငါ့စကားကို ယုံစမ်းပါကွာ၊ မြွေကြီး အစာစားပြီး တစ်နာရီ လောက်ကြာရင် ငါကိုယ်တိုင် ရွှံ့နွံအိုင်ဘက်ကိုသွားပြီး ဒီကောင်ကြီးကိုရှာမယ်"

ဟုပြောလေ၏။ သားကြီးရွှေခဲက သေနတ်ကို ဆွဲယူ၍

"အဖေနဲ့အတူ ကျွန်တော်လဲလိုက်မယ်အဖေ၊ ဒီကောင်ကြီးကို မြည်းလေးအတွက် လက်စားချေချင်လို့ပါ"





ဟုပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သားအဖသည် မြွေကြီး အစာမျိုပြီး တစ်နာရီခွဲနှင့်အကြာတွင် သေနတ်ကိုယ်စီ ယူ၍ ရွှံ့နွံအိုင်ဘက်သို့ထွက်ခဲ့၏။

ကျွန်ုပ်သည် ရက်စက်ကြမ်းကြုတ်သော မြွေကြီးအား ဤ တစ်ကြိမ်အပြတ်ရှင်းနိုင်တော့မည်ဟု ယုံကြည်နေမိ၏။

ကျွန်ုပ်တို့သားအဖ ရွှံ့နွံအိုင်အနီးသို့ရောက်သောအခါ ချုံ တစ်ခုအနီး၌ အစာချေရန် ငြိမ်သက်ပြီးနေသော မြွေကြီးကို တွေ့လိုက်ရ၏။ မြွေကြီးသည် ကျွန်ုပ်ထင်သည့်အတိုင်း အလွန် ကြီးမားသော စပါးကြီးမြွေကြီးဖြစ်၏။

ကျွန်ုပ်တစ်သက်တွင် မြင်ဖူးသမျှ စပါးကြီးမြွေထဲတွင် ဤမြွေသည် အကြီးဆုံးဖြစ်၏။

မြွေကြီးသည် ကျွန်ုပ်တို့သားအဖ၏အသံကို ကြားသော အခါ ခေါင်းထောင်ကြည့်လေ၏။

ကျွန်ုပ်က မြွေကြီး၏ မျက်လုံးအစုံကို သေချာစွာချိန်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်၍သေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်ထည့်လိုက်၏။

မြွေကြီးသည် ရုတ်တရက် လူးလွန့်ပြီး ငြိမ်သက်သွားလေ၏။

ပြီးနောက် ပြန်ပြီး လှုပ်ရှားလာသဖြင့် ကျွန်ုပ်က ရွှေခဲအား ပစ်ရန် မျက်ရိပ်ပြလိုက်၏။

ရွှေခဲက မြွေကြီး၏မျက်လုံးကို နှစ်ချက်ဆင့်ပစ်လိုက်ပြန်ရာမြွေကြီး လုံးဝငြိမ်သက်သွားလေ၏။

ကျွန်ုပ်တို့မိသားစုကို နေ့ပေါင်းများစွာ ထိတ်လန့်တုန်လှုပ်အောင် နှိပ်စက်ခဲ့သော သတ္တဝါကြီးအား နှိမ်နင်းနိုင်ခဲ့ချေပြီ။

ရွှေခဲသည် မြွေကြီးသေဆုံးနေပုံကို ကြည့်၍ အားရလွန်းသဖြင့် လက်သီးလက်မောင်းတန်း၍ ကြွေးကြော်နေလေ၏။

ကျွန်ုပ်တို့မိသားစုတစ်စုလုံး မြွေကြီးသေဆုံးသဖြင့် လွန်စွာ ပျော်ရွှင်ကြလေ၏။





သေဆုံးသွားသော မြည်းလေးအတွက်မူ စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရလေ၏။

ထိုသို့ စိတ်မကောင်းဖြစ်သူများတွင် သားငယ်ငွေခဲသည် အဆိုးဆုံးဖြစ်၏။

ငွေခဲ၏စိတ်ဓာတ်သည် နူးညံ့ပျော့ပျောင်းပြီး သနားကြင်နာတတ်သော စိတ်ဓာတ်ရှိလေ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့မိသားစု၏ ကျွန်းပေါ်မှာ နေထိုင်ရသော နေ့ရက်များ ပျော်ရွှင်ဖွယ်ပြန်ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်သည် နေ့စဉ်မှတ်တမ်းရေးသားရင်း ကျွန်းသို့ရောက်သည့်နှစ်ကို တွက်ချက်ကြည့်ရာ ငါးနှစ်ရှိပြီဖြစ်ကြောင်းသိရ၏။

ငါးနှစ်အတွင်း ကျွန်ုပ်တို့မိသားစုကို ကယ်သူဝေးနေသော်လည်း ရေးအဝကုသိုလ်ကြောင့် မိသားစုတစ်စုလုံး အေးချမ်းစွာ နေထိုင်နိုင်ခဲ့၏။



ကျွန်ုပ်သည် ကိုယ်တွေ့မှတ်တမ်းကို ပြန်ဖတ်ကြည့်သောအခါ ကျွန်းပေါ်မှာဖြစ်ခဲ့တဲ့ စွန့်စားခန်းတွေကို ပြန်မြင်နေလေ၏။

ကျွန်းပေါ်မှာ ပျော်ရွှင်ကြည်နူးရသည့်အချိန်များရှိသလို၊ အန္တရာယ်တွင်းမှ ရုန်းကန်ရသည့်အချိန်များလည်းရှိ၏။

ငါးနှစ်တာကာလအတွင်း ကျွန်ုပ်တို့မိသားစုဟာ ကျွန်းမှာ နေထိုင်ဖို့ အိမ်နှစ်လုံး ဆောက်ခဲ့၏။ မိုးဥတုမှာ ကျောက်ခက်ပန်းဆွဲ လိုဏ်ဂူအိမ်မှာနေထိုင်ပြီး နွေဥတုမှာ အေးချမ်းလှသည့် သစ်တောအိမ်မှာ နေထိုင်ခဲ့၏။

ကျွန်ုပ်တို့နှင့်အတူ သင်္ဘောပျက်က ယူဆောင်လာသော ကြက်၊ ငှက်၊ မြည်း၊ နွား စသည့်သတ္တဝါများ တဖြည်းဖြည်း တိုးပွားလာခဲ့၏။

တိရစ္ဆာန်များက မိသားစုအတွက် လိုအပ်သော နို့၊ ထောပတ်၊ ကြက်ဥ စသည်တို့ကို ပေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဇနီး စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် စိုက်ခင်းများကလည်း အောင်မြင်ဖြစ်ထွန်းခဲ့၏။

ကျွန်ုပ် စိုက်ပျိုးထားသော စပါးခင်းများကလည်း မိသားစု စားသောက်ဖို့ ကောင်းစွာလုံလောက်ခဲ့လေ၏။

ကျွန်ုပ်၏ သားနှစ်ယောက်လည်း ကျွန်းပေါ်မှာပင် အရွယ်ရောက်ခဲ့လေပြီ။

ကျွန်ုပ်တို့ ကျွန်းသို့ရောက်ကာစက သားကြီးရွှေခဲက (၁၃) နှစ်ရှိပြီး သားငယ်ငွေခဲက (၈) နှစ်ရှိ၏။

ယခု ကျွန်းသို့ရောက်ပြီး (၅)နှစ်အကြာ၌ ရွှေခဲက ၁၈ နှစ် နှင့် ငွေခဲက ၁၃ နှစ်ရှိလေပြီ။

သူတို့နှစ်ယောက်စလုံး ကျွန်းပေါ်မှာ ကြီးပြင်းခဲ့သဖြင့် အလွန် ကျန်းမာသန်စွမ်းကြ၏။

သားကြီးရွှေခဲကို ကျွန်ုပ်၏ကိုယ်စား ကောင်းစွာအားကိုး နေရပေပြီ။

စေတနာစာပေ



သားငယ်ငွေခဲကမူ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သနားညှာတာတတ်သူဖြစ်၏။

ကလေးနှစ်ယောက်ကို ကျွန်ုပ်တို့ အားလပ်ချိန်၌ စာပေ သင်ကြားပေးခဲ့သဖြင့် ပညာဗဟုသုတနှင့် ထိုက်သင့် သလောက် ပြည့်စုံနေလေ၏။

သူတို့နှစ်ယောက်စလုံး လူသူမနီးသော ကျွန်းပေါ်မှာနေရ သဖြင့် လူမှုဆက်ဆံရေး အားနည်းမှာ စိုးရိမ်မိ၏။

ထိုသို့မဖြစ်အောင် ကျွန်ုပ်တို့ လင်မယားနှစ်ယောက်စလုံး ကြိုးပမ်းခဲ့ရ၏။ ရွှေခဲသည် စာဖတ်ဝါသနာပါ၏။ သင်္ဘော ပျက်မှ ယူဆောင်လာသော အင်္ဂလိပ်စာအုပ်များကို ကောင်းစွာ ဖတ်ရှုနိုင်၏။

ကျွန်ုပ်၏ဇနီး မြဖူးသည်လည်း ကျွန်းပေါ်မှာ သဘာဝ ကျကျ ကြီးပြင်းခဲ့သဖြင့် ပိုမိုနုပျိုပြီး လှပတင့်တယ်နေသည် ထင်ရ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မမြဖူးက ကျွန်ုပ်၏အမူအရာကိုကြည့်၍ ခတ်ရှင်ထဲက တောပျော်ကြီးတာဇံနှင့်တူသည်ဟုဆို၏။

ကျွန်ုပ်တို့မိသားစု ကျွန်း၌ နေထိုင်စဉ် ငါးနှစ်လုံးလုံး သင်္ဘောသုံးစင်းသာ တွေ့ခဲ့ရ၏။

ထိုသင်္ဘောများသည် ကျွန်ုပ်တို့မိသားစု၏ သေနတ်ဝစ် ဖောက်သံကို ကြားပုံမရချေ။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့မိသားစုအတွက် ကျွန်းသည် နှစ်လိုဖွယ်အတိဖြစ်သဖြင့် ကာယသုခဝေးနေသော်လည်း စိတ်ပျက်ခြင်း မရှိချေ။

ကျွန်ုပ်တို့ ကျွန်းပေါ်၌စိတ်အဆင်းရဲဆုံးအချိန်ကာလမှာ ရောမမြေကြီး သောင်းကျန်းသောအချိန်ကာလဖြစ်၏။

ကျွန်ုပ်တို့ ဇနီးမောင်နှံအတွက် ကျွန်းမှာနေထိုင်ရခြင်းသည် နှစ်လိုဖွယ်ဖြစ်သော်လည်း ကလေးနှစ်ယောက်၏ အနာဂတ်အတွက် ကျွန်းမှ လွတ်မြောက်လိုသောဆန္ဒရှိပါ၏။





ကလေးများ တစ်သက်လုံး ကျွန်းမှာနေထိုင်ရန် မဖြစ်နိုင်ချေ။

ကျွန်ုပ်သည် ကလေးနှစ်ယောက် အရွယ်ရောက်လာသည့် အချိန်မှစ၍ ကိုယ့်အားကိုယ်ကိုးပြီး နေထိုင်ရန် သင်ပြပေးခဲ့၏။

သူတို့ညီအစ်ကို နှစ်ယောက်အနီးအနားကျွန်းများသို့ လှည့်၍ ငါးဖမ်းပိုက်ချလေ့ရှိ၏။

တစ်ခါတစ်ရံ တောထဲ၌ အမဲလိုက်ခြင်း၊ ငါးမျှားခြင်းတို့ကို ပြုလုပ်၏။

ကျုပ်တို့ ဇနီးမောင်နှံ ကျွန်းသို့ရောက်သည့်အချိန်မှစ၍ နောက်ထပ်သားသမီးမရလာတော့ချေ။

ကျွန်းသို့ရောက်ပြီး လအနည်းငယ်အကြာ၌ မျှော်လင့်ချက်ကင်းသော ခံစားမှုမျိုးကို စတင်ခံစားလာရ၏။

ကျွန်ုပ်တို့သည် ဟန်ဆောင်ပကာသနများ ကင်းဝေးသွား



www.burmeseclassic.com

www.burmeseclassic.com



၍ ဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်သလိုခံစားရ၏။

လိမ်ညာလှည့်ဖြားမှုများ၊ ဟန်ဆောင်ပကာသနများ၊ မြှောက်ပင့်ပြောဆိုမှုများနှင့် ကင်းဝေးချိန်၌ အလွန်ပင် လွတ်လပ်ပျော်ရွှင်ဖွယ်ကောင်းလေ၏။

ဖြူစင်သန့်ရှင်းသော လူ့ပတ်ဝန်းကျင်ကို အမည်းရောင်ဆိုးသော အရာများမှာ ဟန်ဆောင်ပကာသနများပင်ဖြစ်၏။

လူသည် ဟန်ဆောင်ပကာသနများကြောင့်ပင် ပင်ပန်းဆင်းရဲနေခြင်းဖြစ်၏။

ထိုအရာများ၏ လွတ်မြောက်ရာ၌ ကျွန်ုပ်တို့ ကျွန်း၌ ရှိနေလေ၏။





တစ်နေ့တွင် ရွှေခဲသည် ငါးရှာထွက်ရန် လှေငယ်နှင့် ထွက်သွားပြီး ညနေစောင်းသည့်အထိ ပြန်မလာသဖြင့် မိသားစု တစ်စုလုံး စိတ်ပူနေ၏။

မမြဖူးသည် သားကြီးရွှေခဲအတွက် စိုးရိမ်ပူပန်နေပြီး

"ပင်လယ်ထဲမှာ အန္တရာယ်ပေးမဲ့ သတ္တဝါတွေနဲ့ တွေ့နေပြီလား မသိဘူး"

ဟုပြောလေ၏။

ကျွန်ုပ်က မမြဖူးကို နှစ်သိမ့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရွှေခဲဟာ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်၊ ဘာမှမပူပါနဲ့"

ဟုပြောလိုက်သော်လည်း ကျွန်ုပ်ကိုယ်တိုင် ရွှေခဲအတွက်စိုးရိမ်သောက ဖြစ်နေသဖြင့် ပင်လယ်ပြင်၌ လှေငယ်ဖြင့်လိုက်ရှာရန်ကြံစည်ကြ၏။

ကျွန်ုပ်တို့လှေငယ်ပေါ်သို့ တက်ကာနီးမှာ ပင်လယ်ထဲမှအမဲရက်လေးတစ်စက်ကို တွေ့လိုက်ပြီး ငွေခဲက

"အစ်ကို့လှေပဲ၊ အစ်ကိုပြန်လာပြီ"

ဟုဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။





ရွှေခဲ၏လှေကလေးသည် တအိအိနှင့်ကမ်းဆီသို့ကပ်လာ၏။ ကျွန်ုပ်က သားဖြစ်သူ ပင်ပန်းနွမ်းနယ်နေလို့လား၊ လှေပေါ်မှာ တစ်ခုခု တင်ဆောင်လာလို့လားဟု တွေးနေမိ၏။

ရွှေခဲကမ်းပေါ်သို့ မတက်မီမှာပင် မမြဖူးက သားဖြစ်သူကို ဆုပ္ပကြိမ်းမောင်းနေလေ၏။

ရွှေခဲသည် လှေပေါ်မှ အိတ်ကြီးတစ်အိတ်ကို ထမ်းပြီးကမ်းပေါ်သို့ ပင်ပန်းနွမ်းနယ်ဟန်ဖြင့်တက်လာ၏။ မမြဖူးက



www.burmeseclassic.com

www.burmeseclassic.com



"ရွှေခဲ မင်းဘာဖြစ်လို့ မိဘကိုမပြောမဆိုနဲ့ တစ်နေကုန် ထွက်သွားရတာလဲ၊ မိဘတွေ မင်းအတွက် စိတ်ပူနေမယ် ဆိုတာ မတွေးမိဘူးလား"

ဟုကြိမ်းမောင်းလေ၏။ ကျွန်ုပ်က မမြဖူးကိုကြည့်၍

"ရွှေခဲ ဘာဖြစ်မှန်းမသိဘဲ ဘာလို့နင်းကန်ဆူနေတာလဲ၊ သူ့ကိုအကျိုးအကြောင်းမေးမြန်းပါဦး"

ဟုတားဆီးလိုက်၏။ ရွှေခဲက ခေါင်းညိတ်၍

"ဟုတ်ပါတယ်အမေ၊ ကျွန်တော် ရှင်းပြတာနားထောင် ပါဦး၊ မနက်က ရာသီဥတု သာယာတာနဲ့ လှေကိုလှော်ခတ် သွားရင်း ကျွန်တော်မရောက်ဖူးတဲ့ ကျွန်းတွေကို ရောက်သွား တယ်၊ အဲဒီဘက်မှာ ပင်လယ်ဖျံကြီးတွေနဲ့ ငါးအမျိုးပေါင်း စုံစုံလင်လင်တွေ့ခဲ့တယ်၊ ကျွန်တော်က တအံ့တသြနဲ့ ဆက် လျှောက်သွားရင်း ကျွန်းတစ်ခုရဲ့ အတွင်းက ဂူကြီးတစ်ဂူထဲကို လှေလှော်သွားမိတယ်၊ ဂူထဲကို လှေလှော်သွားတော့ အေးစိမ့်





နေတာပဲဗျာ၊ ဂူကြီးရဲ့အဆုံးထိရောက်အောင် လှော်သွားမယ်လို့ ဆုံးဖြတ်ပြီး ဆက်လှော်သွားတော့ လှေက ပင်လယ်ပြင်ကို ပြန်ထွက်သွားတယ်၊ ကျွန်တော် ရောက်သွားတဲ့နေရာက ရေသိပ်ကြည်လင်တဲ့ ပင်လယ်အော်ကြီးဖြစ်နေတယ်၊ ကျွန် တော် ပင်လယ်ထဲကို ငုံ့ကြည့်လိုက်တော့ ပင်လယ်အော်မှာ မုတ်ကောင်ကြီးတွေ အများကြီးတွေ့ရတယ်၊ ဒီလောက်များပြား တဲ့ မုတ်ကောင်တွေကို မမြင်ဖူးလို့ ကျွန်တော် ကိုယ့်မျက်လုံး တောင် ကိုယ်မယုံချင်ဘူး၊ ကျွန်တော် ဝမ်းသာအားရနဲ့ မုတ်ကောင်တွေကို ဆင်းကောက်ပြီး ကမ်းပေါ်ကို ပစ်တင်ခဲ့ တယ်၊ မုတ်ကောင်တွေရဲ့အချို့ အခွံတွေက ပွင့်ထွက်နေတယ်၊ မုတ်ကောင်တွေရဲ့ အသားမထတဲ့ အပိုင်းကို ဓားနဲ့ ကော်လိုက် တော့ အထဲမှာ ကျောက်ခဲလို မာမာလေးတွေရှိတယ်၊ ဒီကျောက်ခဲလေးတွေဟာ ပုလဲတွေဖြစ်မယ်ဆိုပြီး အိတ်နဲ့ ထည့်ယူလာခဲ့တာပဲ၊ အမေ သေသေချာချာကြည့်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကျွန်ုပ်သည် ရွှေခဲယူလာသော ကမာကောင်များကို ခွဲကြည့်လိုက်သောအခါ အလွန်ကောင်းမွန်သော ပုလဲမျိုးပင်ဖြစ်ကြောင်းတွေ့ရ၏။ ကျွန်ုပ်က ပုလဲလုံးကိုကြည့်၍

"ဒါဟာ အလွန်အရည်အသွေးကောင်းတဲ့ ပုလဲပဲကွ၊ ဒါတွေကို ပသျှူးကုန်သည်တွေဆီမှာ ရောင်းလိုက်ရင် ငါတို့မိသားစု သူဌေးဖြစ်သွားမယ်"

ဟုပြောလေရာ မမြဖူးတို့လည်း ကျွန်ုပ်၏ စကားကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

မမြဖူးနှင့် သားငယ်ငွေခဲ ပုလဲလုံးကို ကြည့်ရှုနေစဉ် ရွှေခဲက ကျွန်ုပ်ကို အနောက်သို့ခေါ်၍

"ကျွန်တော် မုတ်ကောင်တွေကောက်ပြီး ဗိုက်ဆာတာနဲ့ နေ့လယ်စာစားတယ်အဖေ၊ ကျွန်တော် နေ့လယ်စာစားနေတုန်း ကမ်းပေါ်ကို စင်ရော်အုပ်စုက လာနားကြတယ်၊ ကျွန်တော်က စင်ရော်တွေရဲ့တင်းလွှန်းလို့ တုတ်တစ်ချောင်းကိုယူပြီး လှမ်းပစ်





လိုက်တော့ စင်ရော်တစ်ကောင် ပြုတ်ကျလာတယ်၊ စင်ရော်ရဲ့ ဒဏ်ရာ မပြင်းထန်ဘဲ မူးဝေကျသွားတာပါ၊ ကျန်တဲ့စင်ရော်တွေကတော့ ကျွန်တော့်အနားက ပြန်ပြေးသွားကြတယ်၊ ကျွန်တော်ကတော့ ဗိုက်ဆာနေတာနဲ့ နေ့လယ်စာကို ပလုတ်ပလောင်းစားနေမိတယ်"

ဟုပြောရင်း သူ၏စကားကို ရပ်ကာ ခါးကြားမှ ရေဘူးကို ဖြုတ်၍ သောက်၏။ မမြဖူးနှင့်ငွေခဲမှာ ပုလဲတစ်လုံးကို အလုအယက်ကြည့်၍ ပျော်ရွှင်နေဆဲပင်ဖြစ်၏။ ရွှေခဲက လေသံတိုးတိုးဖြင့်

"နေ့လယ်စာ စားပြီးတော့ သောင်ပြင်မှာကျနေတဲ့ စင်ရော်ရဲ့ခြေထောက်ကို ရုတ်တရက်ကြည့်လိုက်တော့ စင်ရော်ရဲ့ခြေထောက်မှာ အဝတ်စတစ်စ ချည်ထားတာတွေ့ရတယ်၊ အဝတ်စမှာ စာရေးထားတာတွေ့တော့ ဖတ်ကြည့်လိုက်တော့ *'မြူခိုးတွေဝေနေတဲ့ ကျွန်းမှာ ဒုက္ခသည်ဝာစ်*



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိပါတယ်၊ ကယ်တင်ပါ' လို့ ရေးသားထားတယ်၊ ကျွန်တော် စာကိုဖတ်ပြီး အရမ်းအံ့သြသွားတယ်၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဒုက္ခရောက်နေတဲ့လူရှိတယ် အဖေ၊ ကျွန်တော် စိတ်လှုပ်ရှားပြီး သူ့ကိုချက်ချင်းသွားကယ်ချင် စိတ်တောင် ဖြစ်လာတယ်၊ ကျွန်တော့်မှာရှိတဲ့ ရိက္ခာလဲ အပိုမရှိ တော့ဘူးလေ၊ ဒါကြောင့် ကျွန်တော်ဒဏ်ရာရနေတဲ့ စင်ရော်ကို ဖမ်းပြီး ရေတိုက်လိုက်တယ်၊ စင်ရော်ရဲ့ခြေထောက်က အဝတ်စအနောက်မှာလဲ 'စိတ်မပူပါနဲ့၊ အကူအညီရောက် လာမယ်' လို့ ရေးလိုက်တယ်၊ စင်ရော်လဲ ပြန်ကောင်းသွားလို့ ကျွန်းရဲ့အနောက်ဘက်ကို ပြန်ထွက်သွားလို့ ကျွန်တော် အရမ်း ပျော်သွားတယ်၊ အဖေ ဘယ်လိုလုပ်မှာလဲ၊ ဒုက္ခရောက်နေ တဲ့သူကို ကျွန်တော်တို့ ဘယ်တော့ သွားကယ်မှာလဲ"

ဟုမေးမြန်းလိုက်ရာ ကျွန်ုပ်က ရွှေခဲ၏ပခုံးကိုပုတ်၍

"မင်းလုပ်ခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ စာလေးတစ်စောင် ကို မျက်လုံးမှိတ်ပြီး ယုံကြည်လို့မရဘူးကွ၊ အဖေတို့မိသားစု အန္တရာယ် ဖြစ်သွားနိုင်တယ်၊ စင်ရော်ရဲ့ခြေထောက်မှာ ရေးထားတဲ့ စာဟာ နှစ်ပေါင်းများစွာ ကြာရင်လဲကြာနိုင်တယ်၊ အခုလောက်ဆိုရင် ကယ်တင်မဲ့လူရှိလို့ ဒီလူလွတ်ရင်လဲ လွတ်သွားနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဖြစ်တဲ့အတွက် ဒုက္ခသည်ကို ကူညီရမယ်၊ သူ့ကိုကူညီဖို့ အစီအစဉ်ဆွဲရမယ်၊ ဒီအကြောင်း ကို ဖင်းအမေနဲ့ ညီလေးကိုတော့ မပြောနဲ့ဦး"

ဟုပြောလိုက်လေရာ ရွှေခဲလည်း စိတ်အားထက်သန်စွာဖြင့် သဘောတူညီလေ၏။

ရွှေခဲသည် လူငယ်ပီပီ စွန့်စားလိုစိတ် ပြင်းထန်နေ သဖြင့် ကျွန်ုပ်က ထိန်းကျောင်းပေးရ၏။







www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ မမြဖူးက မုတ်ကောင်များကို ခွဲရန် အလွန်စိတ်အားထက်သန်နေသဖြင့် မုတ်ကောင်များကို တစ်ကောင်ပြီး တစ်ကောင်ခွဲလေရာ အလွန်တန်ဖိုးရှိသော ပုလဲလုံးများကို တွေ့ ရှိရ၏။

ကျွန်ုပ်သည် မုတ်ကောင်အချို့ကိုခွဲလေရာ ပုလဲနက်များကို တွေ့ရသဖြင့် အလွန်အံ့သြသွားပြီး

"ဟာ··ပုလဲနက်ပါလား"

ဟုရေရွတ်ပြီး မုတ်ကောင်များအားလုံးကို ခွဲလေရာ





ပုလဲနက် ငါးလုံးတိတိ ရရှိလေ၏။ ကျွန်ုပ်သည် ပုလဲနက်များကို ကြည့်ရှု နေစဉ် အလွန်စိတ်အားထက်သန်နေသော မမြဖူးက

"ပုလဲနက်ဆိုတာ အဖိုးတန်လို့လား"

ဟုမေးမြန်းလိုက်၏။ ကျွန်ုပ်က ခေါင်းညိတ်၍

"ပုလဲဆိုတာ အများအားဖြင့် အဖြူနဲ့ပန်းရောင်တွေ များတယ်၊ ပုလဲနက်ကတော့ သိပ်ရှားတယ်၊ ရှားလွန်းလို့ ပုလဲနက်ကို တန်ဖိုးကြီးကြီးပေးပြီးဝယ်ရတယ်"

ဟုပြောလေရာ မမြဖူးက ဝမ်းမြောက်ဝမ်းသာဖြင့်

"ဒါဆိုရင် ကျွန်မတို့ ပုလဲနက်တွေရောင်းပြီး အရမ်းချမ်းသာပြီပေါ့"

ဟုပြောလေ၏။ ကျွန်ုပ်က

"ပုလဲနက် မပြောနဲ့ ပုလဲဖြူတွေကို ရောင်းရင်တောင် ငါတို့ မိသားစု ချမ်းသာပြီကွ"

ဟုပြောလေရာ မိသားတစ်စုလုံး ပျော်ရွှင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ မမြဖူးက သက်ပြင်းချ၍

"ကျွန်မတို့ မိသားစု ကျွန်းမှာ ကယ်သူမဲ့တဲ့ဘဝနဲ့ ကံဆိုးရင် တစ်သက်လုံးကျွန်းမှာနေသွားရနိုင်တယ်၊ ဒီတော့ ပုလဲတွေက ဘယ်လောက်ပဲရှားပါးပြီး အဖိုးတန်ပါစေ၊ ကျွန်မတို့အတွက် ဘာထူးမှာလဲ"

ဟု စိတ်ပျက်အားငယ်သော စကားကိုပြောလေ၏။

ကျွန်ုပ်က မိသားစုအားလုံးကိုကြည့်၍

"ဘာပဲဖြစ်ဖြစ် စိတ်မလျှော့ကြနဲ့၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါတို့ ဒီကျွန်းကလွတ်မှာပဲ၊ လွတ်တဲ့နေ့မှာ ပုလဲတွေကိုထုခွဲပြီး ငါတို့မိသားစု ချမ်းချမ်းသာသာ နေထိုင်ကြမယ်"

ဟုပြောလိုက်ရာ မိသားစုအားလုံး ပြန်လည်၍ စိတ်အားတက်ကြွသွားလေ၏။ ကျွန်ုပ်၏ သားငယ်ရွှေခဲက

"ဒီမှာအဖေ မှတ်ကောင်တွေအထဲမှာ ဘာဖြစ်လို့ပုလဲ





တွေ ရှိနေရတာလဲ"

ဟုမေးမြန်းလေ၏။ ကျွန်ုပ်က ငွေခဲ၏ပခုံးကိုပုတ်၍

"တကယ်တော့ ပုလဲဆိုတာ မှတ်ကောင်လေးတွေရဲ့ မျက်ရည်လို့ ပြောလို့ရတယ်ကွ၊ မှတ်ကောင်ရဲ့ ကိုယ်ထဲကို သဲပွင့်လို အမှိုက်လေးက ဝင်လာပြီဆိုရင် မှတ်ကောင်ရဲ့ကိုယ်တွင်းမှာ ယားယံသလို ခံစားရတယ်၊ ဒါကြောင့် နူးညံ့ဖြူဖွေးတဲ့ အနှစ်တစ်မျိုးထွက်ပြီး ကိုယ်ထဲဝင်လာတဲ့ အမှိုက်ကို ဖုံးလွှမ်းလိုက်တယ်၊ အဲဒီလို ဖြူဖွေးနူးညံ့တဲ့ အရည်တွေကို အကြိမ်ကြိမ်ညှစ်ထုတ်ပြီး မာလာတော့ ပုလဲဖြစ်သွားတာကွ"

ဟုပြောလိုက်ရာ သားကြီးရွှေခဲက

"မှတ်ကောင်တွေအားလုံး အဖိုးတန်ပုလဲ ထွက်သလား"

ဟုမေးမြန်းလေ၏။ ကျွန်ုပ်က ခေါင်းခါယမ်း၍

"မှတ်ကောင်အမျိုးအစား အမျိုးမျိုးရှိသလို ပုလဲအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အချို့သော မုတ်ကောင်တွေကနေ ပုလဲအညံ့စား ထွက်သလို အချို့မုတ်ကောင်တွေကနေ အလွန်အရည်အသွေး ကောင်းတဲ့ ပုလဲတွေထွက်တယ်၊ အတွင်းသားအရောင်မှိန်တဲ့ မုတ်ကောင်ကထွက်တဲ့ ပုလဲတွေက အရည်အသွေးမကောင်း ဘူး"

ဟုပြောလိုက်လေ၏။ ထိုနေ့ညစာစားရင်း ကျွန်ုပ်က မိသားစုဝင်များဘက်သို့လှည့်၍

"ဒီနေ့ဟာ သားကြီးရွှေခဲအတွက် ထူးခြားတဲ့နေ့တစ် နေ့ပဲ၊ ဘာကြောင့်လဲဆိုတော့ သူ့ဘဝရဲ့ စွန့်စားခန်းရဲ့ နိဒါန်းအစပဲဖြစ်တယ်၊ ဒီနေ့ သူ့ရဲ့စွန့်စားခန်းမှာ သူဟာ လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံသူဆိုတာ ထင်ရှားသွားပြီ၊ ရွှေခဲဟာ အရွယ်ရောက်တဲ့ လူသားတစ်ယောက်ဖြစ်သွားပြီ"

ဟုပြောလိုက်ရာ ရွှေခဲသည် မိမိကိုယ်မိမိ ယုံကြည်





စိတ်ချသော အမူအရာမျိုးနှင့်ရှိနေလေ၏။

မမြဖူးကမူ သူ၏သားကြီးကို လူကြီးတစ်ယောက်ဟု ယုံကြည်စိတ်ချပုံမရသေးချေ။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏မျိုးဆက်ထဲမှ ယုံကြည် စိတ်ချရသော လူသားတစ်ယောက် မွေးဖွားလာသဖြင့် ဝမ်းသာဂုဏ်ယူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မမြဖူးက ရွှေခါရောက်သွားသော ပုလဲကမ်းခြေသို့ သွားရန်ပြောလေ၏။

ကျွန်ုပ်က မမြဖူးကိုကြည့်၍

"ပင်လယ်ခရီးဆိုတာ အန္တရာယ်သိပ်များတယ်ကွ၊ ရွှေခဲသွားခဲ့တဲ့ လမ်းကြောင်းက တိုတိုလေးပေမဲ့ ပင်လယ်ပြင်မှာ လေပြင်းမုန်တိုင်းနဲ့ကြုံရင် ငါတို့ လှေကလေးက လွင့်ချင်ရာလွင့်သွားမှာကွ၊ ငါတို့ရဲ့ ရိက္ခာပြည့်ပြည့်စုံစုံတင်ပြီးမှ ပုလဲကမ်းခြေကို သွားရမယ်၊ မင်း အရင်မလိုပါနဲ့"





ဟုပြောလေ၏။ မမြဖူးသည် ရွှေခဲယူဆောင်လာသော ပုလဲများကိုကြည့်ပြီး လောဘဇောကပ်နေချေပြီ။

မမြဖူးက

"ဒါဆိုရင် ကျွန်မတို့ ဘယ်တော့ ပုလဲကမ်းခြေကိုသွားကြမှာလဲ"

ဟုမေးမြန်းလေ၏။

ကျွန်ုပ်က

"အရင်မလိုပါနဲ့ဦးကွာ၊ မုတ်ကောင်တွေ ခွာဖို့အတွက် ငါ ကရိယာတစ်ခုလုပ်ရဦးမယ်"

ဟုပြောလိုက်ရာ မမြဖူးသည် ပုလဲကမ်းခြေသို့ရောက်အောင် စိတ်အားထက်သန်နေလေ၏။

ကျွန်ုပ်သည် သံချောင်းများကို ကွေးကောက်ပြီး မုတ်ကောင်ခွာရန် ကရိယာတစ်ခု ပြုလုပ်လေ၏။

ထိုကရိယာဖြင့် မုတ်ကောင်များကို အလွယ်တကူ ခွာ၍



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်ဟု ယုံကြည်လေ၏။

ပြီးနောက် ရိက္ခာခြောက်များ၊ အုန်းသီးမြောင်းများ၊ အသားခြောက်များ၊ ငှက်ပျောသီးနှင့် ရေကို စုဆောင်းရလေ၏။

လှေ၏ရွက်များကို ပြန်လည်ပြင်ဆင်ပြီး ရက်အနည်းငယ် အတွင်း ပုလဲကမ်းခြေသို့ ခရီးထွက်ခဲ့လေ၏။

ကျွန်ုပ်တို့လှေသည် လေလမ်းကြောင်းသင့်သဖြင့် ရွက်တိုက်ပြီး ခရီးဆက်ခဲ့ရာ များစွာခရီးတွင်လေ၏။

ကျွန်ုပ်တို့သည် ခရီးထွက်သည့်အချိန်၌ ပင်လယ်ပြင်သည် လှိုင်းလေပြင်းထန်ခြင်းမရှိဘဲ ကောင်းကင်မှာလဲ များစွာကြည်လင်နေ၏။

ရွှေခဲသည် ပင်လယ်ခရီးလမ်းကြောင်း မမှားစေရန် သတိကြီးစွာထားပြီး စောင့်ကြည့်နေ၏။

ကျွန်ုပ်တို့လှေသည် ကံကောင်းထောက်မစွာဖြင့် ရွှေခဲရောက် ရှိသွားသော ကျွန်းကို ရောက်ရှိခဲ့၏။





ကျွန်ုပ်တို့လှေသည် ရွှေခဲလမ်းပြသည့်အတိုင်း လွန်စွာအေးမြသော လိုဏ်ဂူကြီးအတွင်းသို့ လှေကိုလှော်ခတ်ပြီး ဝင်ရောက်သွားခဲ့၏။

လိုဏ်ဂူကြီးထဲ၌ အလွန်အေးမြပြီး ဆောင်းတွင်းရောက်သကဲ့သို့ ရှိ၏။

လိုဏ်ဂူ၏ တစ်ဖက်တစ်ချက်၌ မျောက်များကိုလည်း တွေ့ရ၏။ လိုဏ်ဂူဝသို့ ထွက်ကာနီးအချိန်မှ မျောက်များသည် ရန်လိုသောအပြုအမူနှင့်လှေကို ခဲများဖြင့် ပစ်ပေါက်ကြလေ၏။

ကျွန်ုပ်က သေနတ်တစ်ချက် ပစ်ဖောက်လိုက်သောအခါမှ မျောက်များ လန့်ပြီးထွက်ပြေးသွားလေ၏။

ကျွန်ုပ်တို့လှေ ဂူထဲမှထွက်ပြီးသောအခါ ရွှေခဲပြောသော ပုလဲကမ်းခြေသို့ ရောက်ရှိလေ၏။

ထိုအချိန်၌ ညနေမှောင်ရီသန်းစပြုနေသဖြင့် ကမ်းသို့ တင်ပြီး ညအိပ်ရန် ရွက်ဖျင်တဲထိုးရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကျွန်ုပ်တို့ ယူဆောင်လာသော အသားခြောက်များကို ဟင်းတစ်ခွက်ချက်၍ ထမင်းအိုးဆူသောအခါ ညစာစားကြ၏။





နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ကျွန်ုပ်တို့ မိသားစု နံနက်စာ စားပြီးနောက် မုတ်ကောင်များ ရှာဖွေရန် ပြင်ဆင်ကြ၏။

မုတ်ကောင်မရှာမီ ရွှေခဲတို့ ညီအစ်ကိုက တောထဲသို့ လှည့်ကြည့်မည်ဆိုကာ ထွက်ခွာသွားလေ၏။

ခဏကြာသော တောထဲက သေနတ်သံကြား၍ ကျွန်ုပ်နှင့်မမြဖူး ထိတ်လန့်အံ့သြသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် နောက်ထပ်သေနတ်သံတစ်ချက် ထပ်ကြားရလေ၏။ မမြဖူးက အထိတ်တလန့်ဖြင့်

"အမလေး တောထဲမှာ ဘာဖြစ်နေလဲမသိဘူး၊ ကျွန်မတို့ အမြန်ဆုံး သွားကြည့်ရအောင်"

ဟုပြောလေ၏။ ကျွန့်ပ်လည်း စိုးရိမ်တကြီးဖြင့် သေနတ်ကိုင်၍တောထဲသို့ ပြေးဝင်သွားလေ၏။

တောတွင်းတစ်နေရာသို့ ရောက်သောအခါ သားငယ်ငွေခဲကို ထိတ်လန့်ဖွယ် အနေအထားဖြင့် မြင်တွေ့ရ၏။

ငွေခဲသည် ကြောက်မက်ဖွယ် တောဝက်တစ်ကောင်နှင့် ရင်ဆိုင်တွေ့နေရ၏။

တောဝက်က လှမ်းပက်လိုက်သောကြောင့် ငွေခဲ မြေပေါ်သို့ လဲပြိုကျနေ၏။

ကျွန့်ပ်သည် သားငယ်အတွက် စိုးရိမ်သောကဖြစ်ပြီး တော ဝက်အား သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ချလိုက်၏။





ထိုအခိုက်မှာပင် ရွှေခဲသည် သေနတ်တစ်လက်ကိုင်ပြီး တောဆိပ်တစ်ကောင်နောက်သို့လိုက်နေစဉ် ငွေခဲသည် တောဝက်နှင့်တွေ့သွားခြင်းဖြစ်၏။

တောဝက်သည် အလွန်မိုက်ရူးရဲဆန်ပြီး ရန်ပြုတတ်သော သတ္တဝါဖြစ်သဖြင့် ငွေခဲအား တစ်ဟုန်ထိုး တိုက်ခိုက်လေရာ ငွေခဲ၏ သေနတ်အသုံးမဝင်ဘဲ ဖြစ်သွား၏။

ငွေခဲ၏ဒဏ်ရာသည် ပြင်းထန်ခြင်းမရှိဘဲ ထိတ်လန့်ခြင်းကြောင့်သာ မြေပေါ်သို့ လဲကျသွားခြင်းဖြစ်၏။

မမြဖူးသည် သားငယ်၏အဖြစ်ကြောင့် သည်းသည်းလှုပ်ဖြစ်နေရှာ၏။

ရွှေခဲက ညီဖြစ်သူ ငွေခဲ၏ ဒဏ်ရာကိုကြည့်ပြီးတော့ဝမ်းနည်းစွာဖြင့်

"အစ်ကို စိတ်စောပြီး တောထဲတိုးဝင်လာလို့ ငါ့ညီ အန္တရာယ်နဲ့တွေ့တာပဲ၊ ကျွန်တော့်အပြစ်ပါပဲ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ကျွန်ုပ်သည် တော်ဝက်ခေါင်းကို ဦးစွာချက်ရန် ပြင်ဆင်လေ၏။

ကျွန်ုပ်တို့ မိသားစုအားလုံး ဝက်သားမစားရသည်မှာ ငါးနှစ်ကျော်ပြီဖြစ်သဖြင့် ဝက်သားဟင်းချက်ရန် စိတ်အားထက်သန်နေ၏။

ကျွန်ုပ်သည် ဝက်၏ပေါင်သားများ ကင်ရန်နှင့် အခြောက်လှန်းရန် တုံးတစ်လေ၏။

ဝက်၏ ဝမ်းတွင်းသားများကို ချက်ရန် တုံးတစ်ခြင်းတို့ကို ပြုလုပ်လေ၏။

ဝက်ခေါင်းကိုမူ ကျွန်ုပ်အကြိုက်ဆုံးချက်နည်းဖြင့်ချက်ရန် ပြင်ဆင်လေ၏။

ကျွန်ုပ်သား ရွှေခဲကို ကျင်းတစ်ကျင်းတူးခိုင်းလိုက်ပြီး မြေပြင်မှာ အင်ဖက်များကို ခင်းကျင်းလေ၏။





ဝက်၏ဦးခေါင်းမှ အမွေးအမျှင်များကို ပြောင်စင်အောင် ဓားဖြင့် ခြစ်ပြီး ဝက်ခေါင်းအား ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း စသည်တို့ဖြင့် နယ်ထားလိုက်၏။

ပြီးနောက် အင်ဖက်များ ခင်းကျင်းထားသော မြေကျင်းထဲ၌ ဝက်ခေါင်းကိုထည့်ပြီး အပေါ်မှ အင်ဖက်များဖြင့် လုံခြုံအောင် ဖုံးဖိပေးလေ၏။

ကျွန်ုပ်တို့မိသားစုသည် ကျွန်ုပ် လုပ်ကိုင်နေသမျှကို စိတ်ဝင်တစားကြည့်ရှုနေကြ၏။

မမြဖူးသည် ဝက်ခေါင်းကို မြေကြီးများဖြင့် ဖုံးဖိလိုက်သဖြင့် မျက်မှောင်ကြုတ်ပြီး

"ရှင့်ရဲ့ဝက်ခေါင်းက ဘယ်တော့စားရမှာလဲ"

ဟုမေးမြန်းလိုက်၏။ ကျွန်ုပ်က

"မကြာပါဘူးကွာ၊ စားရတော့မှာပါ"

ဟုပြောကာ ဝက်ခေါင်းကို ဖုံးဖိထားသော မြေကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ထင်းတုံးများဖြင့် မီးပုံကြီးတစ်ပုံ ဖိုလေ၏။ ထင်းတုံးများ လောင်ကျွမ်းပြီး မီးကျီခဲများ ဖြစ်သောအခါ ဝက်ပေါင်သားများကို တစ်ဖို့ထိုး၍ ကင်လေ၏။

ဝက်၏ဝမ်းတွင်းသားများကိုလည်း ထိုနေရာမှာပင် ချက်ပြုတ်လေ၏။

မီးအရှိန်ကောင်းသောကြောင့် မကြာမီ ဝက်ပေါင်သားကင်မှာ မွှေးပျံ့ကြိုင်လှိုင်သောရနံ့များ ထွက်ပေါ်လာပြီး ကျွန်ုပ်တို့အားလုံး ဗိုက်ဆာလာကြ၏။

ထို့ကြောင့် ဝက်ပေါင်သားကင်ကို ဖဲ့၍စားကြ၏။ ဝမ်းတွင်းသားကျက်သောအခါ ထမင်းနှင့်စားကြလေ၏။

ထမင်းစားပြီး ဗိုက်ပြည့်သွားကြသဖြင့် မှတ်ကောင်များကို ရသမျှ စုဆောင်းရန် ကြိုးစားကြ၏။





ကျွန်ုပ်တို့မိသားစု တစ်နေ့ကုန်အောင် မှတ်ကောင်များကို စုဆောင်းလေရာ မျှော်မှန်းသည်ထက် ပိုမို၍ မှတ်ကောင်များ ရရှိခဲ့လေ၏။

ညနေစောင်းသောအခါ မှတ်ကောင်များကို စုဆောင်းခြင်းကို ရပ်တန့်လိုက်ပြီး ကျွန်ုပ်တို့ မိသားစု ညစာကို ဝက်ခေါင်းဖြင့် စားရန် စီစဉ်ထား၏။

ကျွန်ုပ်၏ သားနှစ်ယောက်က ဝက်ခေါင်းကို မြင်လိုဇောဖြင့် စိတ်လှုပ်ရှားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မီးပုံပေါ်ရှိ ပြာများကို ဖယ်ရှားလိုက်ပြီး မြေကြီးများကို ဂေါ်ပြားဖြင့် ကော်ကြ၏။

ကျွန်ုပ်သည် မြေကြီးများကို ဖြေးညင်းစွာ ဖယ်ရှားပြီး ဝက်ခေါင်းထုပ်ကြီးကို မ,တင်လိုက်၏။

ကျွန်ုပ်၏ သားနှစ်ယောက်သည် ဝက်ခေါင်းကို မြင်လိုဇောဖြင့် အနီးသို့တိုးလာ၏။

ကျွန်ုပ်က ဝက်ခေါင်းကို ပတ်ထားသော ဖက်များကို ဖယ်ရှားလိုက်သောအခါ မွှေးကြိုင်သောရနံ့က နှာခေါင်းထဲသို့ တိုးဝင်လာ၏။

ကျွန်ုပ်၏သားကြီးရွှေခဲက ညိုတိုတိုအဆင်းရှိသော ဝက်ခေါင်းကို ကြည့်၍

"မွှေးလိုက်တာဗျာ၊ စားချင်လွန်းလို့ သွားရေတောင် ကျနေပြီ"

ဟုပြောလေ၏။





ထိုဟင်း၏ ထူးခြားချက်မှာ မြေအောက်၌ ဖက်နှင့် လုံခြုံစွာထုပ်ထားသဖြင့် ဝက်ခေါင်းသည် အလွန်မွှေးပျံ့ကြိုင်လှိုင်ပြီး အရသာလေးပင့်လှ၏။

ထိုညက ကျွန်ုပ် ချက်သော ဝက်ခေါင်း၏ အရသာကောင်းလွန်းသဖြင့် သားနှစ်ယောက်သည် ခေါင်းမဖော်တမ်းစားလေ၏။

ကျွန်ုပ်၏ ဇနီး မမြဖူးကမူ ဝက်ခေါင်းကိုစားရန် ရွံ့ကြောက်နေသဖြင့် ကလီစာဟင်းနှင့်ပင် စားသောက်လေ၏။

ကျွန်ုပ်တို့လူစု ပုလဲကျွန်းဆွယ်၌ နေထိုင်စဉ် နေ့စဉ်ဝက်သားဟင်းကိုပင် မငြီးတမ်းစားသောက်ကြ၏။

ကျွန်ုပ်တို့သည် ပုလဲကျွန်းဆွယ်၌ နေထိုင်စဉ် နေ့စဉ်ဝက်သားဟင်းနှင့်ပင် စားသောက်လေ၏။

ကျွန်ုပ်တို့သည် ပုလဲကျွန်းဆွယ်၌ မုတ်ကောင်များစွာ စုဆောင်းမိသဖြင့် ကျွန်ုပ်တို့နေထိုင်သော ကျွန်းသို့ ပြန်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ကျွန်ုပ်တို့လှေကလေးသည် ကံကောင်းထောက်မစွာဖြင့် ကျွန်းသို့ချောချောမောမော ပြန်လည်ရောက်ရှိ၏။

ကျွန်ုပ်တို့ ရရှိလိုက်သော ပုလဲများကို ရောင်းချပြီး ပြည့်စုံချမ်းသာစွာ နေထိုင်နိုင်သော်လည်း ကျွန်ုပ်တို့ ကျွန်းမှ လွတ်မြောက်ရန် မျှော်လင့်ချက်က ဝေးနေဆဲဖြစ်၏။

သို့သော် တစ်နေ့နေ့၌ ကျွန်ုပ်တို့မိသားစု ကျွန်းမှ လွတ်မြောက်မည်ဟု ယုံကြည်လေ၏။





တစ်နေ့သ၌ ရွှေခဲသည် ငါးဖမ်းထွက်ရန် အကြောင်းပြပြီး ကျွန်းမှ ထွက်သွားလေရာ ညနေစောင်းသည်အထိ ပြန်ရောက်မလာခဲ့ချေ။ မမြဖွားသည် သားဖြစ်သူအတွက် သနားစဖွယ် ရတက်ပွေ နေရှာ၏။

ကျွန်ုပ်သည် ရွှေခဲပျောက်ဆုံးသွားခြင်းကို စင်ရော်ငှက်၏ ခြေထောက်၌ရေးသားထားသော စာနှင့်ဆက်စပ်မှုရှိသည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



မမြဖူးကမူ ထိုဆက်စပ်မှုကို မသိရှာသဖြင့် သားအတွက် ပူဆွေးသောက ဖြစ်နေ၏။

ရွှေခဲတစ်ယောက် ကျွန်ုပ်ကို အသိမပေးဘဲ မြူခိုးများ ဝေနေသည်ဆိုသော ကျွန်းကို ရှာဖွေရန် ထွက်ခွာသွားသည် ထင်၏။

ကျွန်ုပ်သည် သားဖြစ်သူ ရွှေခဲကို စိုးရိမ်သောက ဖြစ်နေသော မမြဖူးကို စင်ရော်ငှက်အကြောင်း ဖွင့်ပြောရန် ဆုံးဖြတ်ပြီး ပြောပြလိုက်လေ၏။

ကျွန်ုပ်၏စကားဆုံးသောအခါ မမြဖူးက အံ့သြဟန်ဖြင့်

"ဟင်...ဒီလောက်အရေးကြီးတဲ့ကိစ္စကို ရှင်တို့က ကျွန်မကို ဘာဖြစ်လို့မပြောဘဲရေငုံ နှုတ်ပိတ်နေရတာလဲ"

ဟုမေးမြန်းလိုက်၏။ ကျွန်ုပ်က သက်ပြင်းချ၍

"မင်း စိတ်ပင်ပန်းမှာစိုးလို့ မပြောဘဲနေတာပါ၊ ငါတို့ကို တစ်လွဲမထင်ပါနဲ့"





ဟုပြောလိုက်၏။

မမြဖူးသည် အကြောင်းစုံကို သိရပြီးနောက် မြူခိုးများဝေနေသော ကျွန်းကိုရှာဖွေမည့်သားကို စိတ်မချနိုင်၍

"ဒီကောင်လေး ဖွတ်တရွတ် အတော်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကိုစိုးရိမ်တယ် ကျွန်မတို့ ပုလဲပင်လယ်အော်ကိုသွားပြီး စောင့်ရအောင်"

ဟုပြောလေ၏။

ရွှေခဲသည် လာရာလမ်းအတိုင်း ပြန်လာမည်ဟု ယုံကြည်သဖြင့် ပုလဲပင်လယ်အော်သို့ လိုက်သွားလျှင် မှန်ကန်သည်ဟု ယူဆ၏။

ထို့ကြောင့် စားနပ်ရိက္ခာများကို စုဆောင်းပြီး ပုလဲပင်လယ်အော်သို့ တစ်ကြိမ်ပြန်ထွက်ခဲ့လေ၏။

ကျွန်ုပ်တို့သည် ပုလဲပင်လယ်အော်သို့ သွားရာလမ်း၌ ကြီးစွာသော အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ရလေ၏။ လမ်းခရီး၌



www.burmeseclassic.com

www.burmeseclassic.com



ရေသတ္တဝါကြီးတစ်ကောင်၏ နှောင့်ယှက်မှုကြောင့် လှေငယ်လေး မှောက်လုမတတ် ဖြစ်သွား၏။

ကျွန်ုပ်တို့ မိသားစုတစ်စုလုံး အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။

ထိုအခိုက်မှာပင် ရေထဲမှ သတ္တဝါကြီးတစ်ကောင်၏ အမြီးသို့မဟုတ် နှာမောင်းကြီးတစ်ခုသည် လှေဦး၌ ရပ်နေသော ကျွန်ုပ်ကို ဝုန်းခနဲ ရိုက်ချလိုက်ရာ ကျွန်ုပ်ရေထဲသို့ ပြုတ်ကျသွား၏။

ကျွန်ုပ်သည် ရေအောက်၌ ရန်သူကို ရှာဖွေနေစဉ် နှာမောင်းကဲ့သို့သော အရာဝတ္ထုတစ်ခုက ရစ်ပတ်လိုက်သဖြင့် ကျွန်ုပ်၏ရန်သူကို အထိတ်တလန့် ရိပ်စားမိလိုက်၏။

ထိုသတ္တဝါသည် ပင်လယ်အောက်၌ ကြောက်မက်ဖွယ်အကောင်းဆုံး ရေဘဝဲကောင်ဖြစ်၏။

ရေဘဝဲသည် ပင်လယ်အောက်၌ ငမန်း၊ ဝေလငါး





စသည့် ရေမှ သတ္တဝါကြီးများကိုပင် တိုက်ခိုက်တတ်၏။

ပုလဲငုပ်သမားများကို အများဆုံးဒုက္ခပေးသူမှာလည်း ရေဘဝဲပင်ဖြစ်၏။

ရေဘဝဲသည် သူ၏လက်မောင်းနှင့် ကျွန်ုပ်၏ကိုယ်ခန္ဓာအား ပါးစပ်ဆီသို့ ဆွဲယူနေလေ၏။

ကျွန်ုပ်က ရေဘဝဲကြီး၏ နှာမောင်းအား ဓားဖြင့်လှီးဖြတ်လိုက်ရာ သတ္တဝါကြီးသည် ကျွန်ုပ်အား လွှတ်ပေးလိုက်၏။ ကျွန်ုပ်သည် ပင်လယ်အောက်၌ လွင့်စင်ထွက်သွား၏။ ရေဘဝဲကြီး၏ မျက်လုံးအနီးသို့ အနီးကပ်ရောက်သွား၏။

ကျွန်ုပ်သည် သတ္တဝါကြီး၏ မျက်လုံးတစ်ဖက်ရှိရာသို့ ဓားတစ်ချောင်းလုံး နစ်မြုပ်သွားအောင် ထိုးစိုက်လိုက်၏။ ရေပြင်တစ်ခုလုံး သွေးများ ရဲရဲနီသွားပြီး ရေဘဝဲကောင်ကြီးသည် အနောက်သို့ ဆုတ်ခွာသွားလေ၏။

ကျွန်ုပ်သည် ရေဘဝဲကောင်ကြီး၏ အန္တရာယ်မှ



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ကင်းပြီဟု သိလိုက်ပြီး ရေပေါ်သို့ ကူးခတ်ပြီးတက်လိုက်၏။

ကျွန်ုပ်သည် ရေပေါ်သို့ရောက်သောအခါ လေကိုတဝကြီးရှူသွင်းလိုက်၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ ခန္ဓာကိုယ်ကို တစ်စုံတစ်ခုပြင် ရစ်ပတ်ခြင်းခံရပြီး ရေအောက်သို့ ဆွဲယူခြင်း ခံလိုက်ရပြန်၏။

ကျွန်ုပ်သည် နဂါးမောင်းကဲ့သို့ အရာဖြင့် တင်းကျပ်စွာ ဖိနှိပ်ခံရသဖြင့် အရိုးများ ကြေလုမတတ်ဖြစ်နေပြီး အတင်းရုန်းကန်၍ ရစ်ပတ်ထားသော နဂါးမောင်းကို ဓားဖြင့်ထိုးစိုက်လေ၏။

ထိုစဉ် ကျွန်ုပ်၏ ကိုယ်ခန္ဓာသည် ရေဘဝဲကောင်ကြီး၏ ပါးစပ်အနီးသို့ ရောက်သွား၏။

ကျွန်ုပ် အသက်ရှင်ဖို့ စက္ကန့်ပိုင်းလောက်သာ ကျန်တော့ကြောင်း ရိပ်စားမိသွားပြီး ဘဝဲကောင်၏ ပါးစပ်ထဲသို့ လှံဖြင့်





အားကုန်ထိုးစိုက်လေ၏။

ထိုလှံချက်သည် ကျွန်ုပ်၏နောက်ဆုံး တိုက်ခိုက်မှုဖြစ်၏။ ကျွန်ုပ် မွန်းကြပ်လွန်းသဖြင့် ရင်တစ်ခုလုံးပေါက်ကွဲလုမတတ်ဖြစ်နေ၏။ မကြာမီ ကျွန်ုပ် မေ့မြောသွားပေတော့မည်။

ကျွန်ုပ် အသက်ရှူရပ်မတတ်ဖြစ်နေစဉ် နဂါးမောင်းကြီး၏ ရစ်ပတ်မှုလျော့နည်းသွားပြီး ဘဝဲကောင်ကြီး၏ လက်မှ လွတ်မြောက်ခဲ့လေ၏။

ကျွန်ုပ် ဒုတိယအကြိမ် ရေပေါ်ပေါက်ပြီး အသက်ကို ထပ်မံတဝကြီးရှူလိုက်၏။

ထိုစဉ် ကျွန်ုပ်ကို စိုးရိမ်တကြီး စောင့်ကြည့်နေသော မမြဖူးတို့ လှေသည် အနီးသို့ရောက်လာ၏။

မမြဖူးထံမှ လှော်တက်ကို ဆွဲယူ၍ လှေပေါ်သို့ ခြေပစ်လက်ပစ်လှမ်းတက်လိုက်လေ၏။

မမြဖူးက စိုးရိမ်တကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်သွားသလဲ၊ ပင်လယ်အောက်မှာ ဘယ်သတ္တဝါနဲ့တွေ့ခဲ့လဲ"

ဟုမေးမြန်းလေ၏။

ကျွန်ုပ်က သူမ၏မေးခွန်းကို ရုတ်တရက် မဖြေနိုင်သေးဘဲ လက်ကာ၍ အမောအပန်းဖြေလိုက်၏။

အမောပြေသွားသောအခါမှ ရေအောက်၌ ရေဘဝဲကောင်ကြီးနှင့် အသက်လုခဲ့ရသော တိုက်ပွဲအကြောင်းကို ပြောပြလေ၏။ မမြဖူးတို့ သားအမိသည် ကျွန်ုပ်၏စကားကို အထိတ်တလန့် နားထောင်နေကြ၏။ ကျွန်ုပ်က

"ပင်လယ်အောက်မှာတော့ ဘဝဲက ကြောက်စရာအကောင်းဆုံး သတ္တဝါထဲမှာပါတယ်၊ ဒီကောင်ကြီးတွေဟာ ငါးမန်းတွေ၊ ဝေလငါးတွေကိုတောင် တိုက်ခိုက်တတ်တယ်၊ သူတို့ရဲ့လက်တန်ကြီးတွေဟာ ၁၅ ပေလောက်ရှည်ကြပြီး ပုလဲငုပ်သမားတွေကို အမြဲဖမ်းစားတတ်တယ်၊ ဒါပေမဲ့





ငါသိတာက ရေဘဝဲကောင်တွေဟာ ပင်လယ်အောက်ကိုရောက်မှ လူတွေကိုဒုက္ခပေးတာပါ၊ ရေထဲမှာ သွားလာနေတဲ့လှေတွေကို ဒုက္ခမပေးတော့ပါဘူး၊ ငါတို့လှေကို သူ့ရဲ့ရန်သူငါးမန်းတွေနဲ့မှားပြီး တိုက်ခိုက်သလား မသိဘူး"

ဟုပြောလေ၏။

ထိုသို့ပြောရင်း ရေအောက်၌ သတ္တဝါကြီးနှင့် အသက်လုရပုံကို ပြန်သတိရပြီး ကျောချမ်းသွားလေ၏။

ကျွန်ုပ် ကံကောင်းထောက်မလွန်းသဖြင့် အသက်ရှင်လွတ်မြောက်လာခြင်းဖြစ်၏။

ကျွန်ုပ်တို့လှေကို ထိုနေရာနှင့် ဝေးရာသို့ အမြန်ရွက်လွှင့်ပြီးထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



M

ကျွန်ုပ်တို့လှေကလေးသည် ပင်လယ်ထဲ၌ နာရီအတန်ကြာအောင် လှော်ပြီး ပုလဲပင်လယ်အော်သို့ရောက်ခဲ့၏။ ထိုစဉ် တအိအိ လှော်ခတ်လာသော လှေတစ်စင်းကို တွေ့လိုက်ရ၏။

လှေပေါ်၌ လိုက်ပါလာသူများကို သေချာစွာ ကြည့်လိုက်သောအခါ ခေါင်းပေါ်တွင် ငှက်မွေးများ စိုက်ထားပြီး မျက်နှာ၌ ဆေးရောင်ခြယ်ထားသော လူရိုင်းနှစ်ဦးဖြစ်၏။





ကျွန်ုပ်က မမြဖူးနှင့် ငွေခဲဘက်သို့လှည့်၍

"လူရိုင်းနှစ်ယောက် ငါတို့ဆီကို ဦးတည်လာပြီဟေ့၊ လူရိုင်းတွေဟာ ကမ်းမှာကပ်ထားတဲ့ ငါတို့လှေကိုတွေ့ရင် ရန်ပွဲဖြစ်မှာပဲ၊ သေနတ်တွေကို အသင့်ပြင်ပြီး အကာအကွယ်ယူထား"

ဟုအမိန့်ပေးလိုက်ရာ မမြဖူးနှင့် ငွေခဲသည် ကျောက်တုံးအနောက်၌ ပုန်းကွယ်၍ လူရိုင်းနှစ်ဦးကို သေနတ်ဖြင့် ချိန်ရွယ်လေ၏။ ကျွန်ုပ်က လှံရှည်ကို ထိုးစိုက်ရန် အသင့်ပြင်ဆင်ထား၏။

မမြဖူးနှင့်ငွေခဲတို့သည်း သေနတ်များကို မောင်းတင်လိုက်ကြ၏။

လူရိုင်းနှစ်ဦး၏လှေငယ်သည် ကမ်းသို့ကပ်ပြီး ကျွန်ုပ်တို့လှေကို မြင်တွေ့သွားကြ၏။

လူရိုင်းနှစ်ဦးအနက် တစ်ဦးသည် ကျွန်ုပ်တို့လှေကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကုန်းပေါ်သို့ ကမူးရှူးထိုး ပြေးတက်လာ၏။

ကျွန်ုပ်က လူရိုင်း၏ရင်ဝကို လှံဖြင့် အားကုန်ထိုးစိုက်ရန် ကြံလိုက်သလို မမြဖူးကလည်း သေနတ်ဖြင့် ပစ်ရန်ကြံလိုက်၏။

ထိုအခိုက်မှာပင် သားငယ်ငွေခဲက အထိတ်တလန့်ဖြင့်

"မလုပ်နဲ့အမေ၊ အစ်ကိုကြီးရွှေခဲဗျ"

ဟု အော်ဟစ်လိုက်ရာ ကျွန်ုပ်တို့ အထိတ်တလန့်ဖြစ်သွားပြီး လူရိုင်းကိုကြည့်ရင်း ရွှေခဲနှင့်တူလာသဖြင့် ပုန်းကွယ်နေရာမှ ထွက်၍

"ရွှေခဲ"

ဟု အော်ဟစ်လိုက်လေ၏။

ထိုအခါ လူရိုင်းမှာလည်း ကျွန်ုပ်တို့ကို ကြည့်၍

"အဖေ၊ အမေ"

ဟု အံ့သြဟန်ဖြင့် အော်ဟစ်လိုက်လေ၏။





မမြဖူးက လူရိုင်းကို ပြေးဖက်၍

"ဘယ်လိုဖြစ်တာလဲ ငါ့သားရယ်၊ အမေတို့လူမှားတော့မလို့"

ဟုအပြစ်တင်လိုက်လေ၏။ ထိုအခါ ရွှေခဲက မိခင်ဖြစ်သူကို ပွေ့ဖက်၍

"ကျွန်တော်တို့က ပုလဲပင်လယ်အော်ထဲမှာ ရန်သူရှိရင်ရှိမယ်ဆိုပြီး လူရိုင်းလိုရုပ်ဖျက်လာတာဗျ"

ဟုပြောရင်း အနောက်သို့လှည့်ကြည့်လိုက်လေ၏။ ထိုအခါ ရွှေခဲနှင့်အတူ ပါလာသော မိန်း ကလေးတစ်ဦးကို တွေ့ရပြီး မိန်းကလေးက ကျွန်ုပ်တို့ကို စူးစမ်းသလိုကြည့်နေ၏။

ကျွန်ုပ်က ရွှေခဲ၏ပခုံးကိုဖက်၍

"မင်း ဘယ်လိုဖြစ်တာလဲ ငါ့သားရယ်၊ မင်း ပြန်မလာလို့ မင်းအမေ ဘယ်လောက်စိတ်ဆင်းရဲရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ရွှေခဲက

"ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါ့မယ် အမေရယ်၊ ဒါပေမဲ့ ကျွန်တော် အပင်ပန်းခံရကျိုးနပ်ပြီဗျ၊ မောဒီ မိန်းကလေးက စင်ရော်ငှက်ရဲ့ ခြေထောက်က အဝတ်စမှာ စာရေးလိုက်တာသူပဲ၊ မြူခိုးတွေဝေတဲ့ကျွန်းကို သွားပြီး မိန်းကလေးကို ကျွန်တော် ကယ်တင်နိုင်ခဲ့ပြီ၊ လူတစ်ယောက်ရဲ့အသက်ကို ကျွန်တော် ကယ်တင်ခဲ့ပြီ အမေရဲ့"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့အားလုံး မိန်းကလေးကို သေချာစွာကြည့်လိုက်ရာ မိန်းမချောတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

ကျွန်ုပ်တို့၏ အကြည့်ကြောင့် မိန်းကလေးသည် မပေါ့တပေါ ဖြစ်နေသော အဝတ်အစားများကို ရှက်ရွံ့ဟန်ဖြင့် ခေါင်းငုံ့ လိုက်လေ၏။

ကျွန်ုပ်၏ဇနီး မမြဖူးက အလိုက်တသိဖြင့် မိန်းကလေး





အား အဝတ်အစားလဲရန် အနောက်သို့ခေါ်ဆောင်သွားလေ၏။

မိန်းကလေး အဝတ်အစားများလဲလှယ်ပြီးနောက် ရွှေခဲက

"ကျွန်တော် ကျွန်းကထွက်ပြီး မိန်းကလေးကို ကယ်တင်ခဲ့ပုံကို အရင်ပြောပြမယ်၊ မိန်းကလေးရဲ့ ဘဝနောက်ကြောင်းကိုတော့ အဖေတို့ဘာသာ မေးမြန်းကြည့်ပေတော့"

ဟုအစချီကာ ကျွန်းမှထွက်ခွာခဲ့ပုံကို ပြောပြလေ၏။

ရွှေခဲက

"ကျွန်တော် ပုလဲပင်လယ်အော်ဘက်ကိုရောက်တော့ လေပြင်းမုန်တိုင်းနဲ့ကြုံတွေ့ခဲ့တယ်၊ လေပြင်းမုန်တိုင်းကြောင့် လှေကိုမထိန်းနိုင်တော့ဘဲ လေတိုက်တဲ့အတိုင်း အနောက်ဘက်ကို မျောပါသွားခဲ့တယ်၊ နောက်တော့ ကျွန်တော်ကံကောင်းပြီး လေပြင်းတိုက်ခတ်တာ ငြိမ်သက်သွားတယ်၊ မိုးကလည်း တဖြည်းဖြည်းစဲ သွားတယ်၊ ကျွန်တော့်လှေက ကျွန်းတော် တော်များများကို ကျော်ဖြတ်ခဲ့ပြီးပြီ၊ လှေဟာ မြစ်ဝကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရဲ့အနီးကိုရောက်သွားတယ်၊ ကျွန်တော်လဲ မြစ်ဝ ကျယ်ထဲကို ဝင်ရောက်သွားတဲ့အခါ အင်မတန်လှပတဲ့ အစိမ်းရောင်လွင်ပြင်ကို ရောက်ခဲ့တယ်၊ အစိမ်းရောင်လွင်ပြင်မှာ ပန်းပွင့်ဝါဝါတွေလဲ အများကြီးပေါက်နေတယ်၊ ဒီအချိန်ထိ ကျွန်တော် ကံကောင်းပြီး ဘယ်လိုအန္တရာယ်မှ မတွေ့သေးဘူး၊ ကံဆိုးချင်တဲ့အချိန်ရောက်တော့ အဲဒီမြစ်က မိချောင်းအလွန်ပေါတဲ့မြစ်ဖြစ်ပုံရတယ်၊ အလွန်ကြီးမားတဲ့ မိချောင်းကြီးတစ်ကောင် ပေါ်လာပြီး ကျွန်တော့်ကို ရန်ပြုဖို့ ကြိုးစားခဲ့တယ်၊ ကျွန်တော်လဲ လက်ထဲက မှိန်းနဲ့ မိချောင်းကြီးရဲ့ မျက်လုံးကို ဆောင့် ထိုးလိုက်တော့ မိချောင်းကြီး နောက်ပြန်ဆုတ်သွားတယ်၊ မိချောင်းရန်က လွတ်တော့ မြစ်ထဲမှာ ဆက်မနေဝံ့တော့ဘဲ ပြန်ထွက်ခဲ့တယ်၊ နောက်တော့ ကျွန်တော့်လှေဟာ အငူတစ်ခုကိုကျော်ဖြတ်ခဲ့တယ်၊ ဒီအချိန်မှာ ကောင်းကင်မှာ မြူခိုးတွေဝေနေတဲ့ ကျွန်းတစ်ကျွန်းကိုတွေ့ခဲ့တယ်၊ အဲဒီ





မြူခိုးတွေက ကျောက်တောင်ကြီးတစ်တောင်ရဲ့ အပေါ်ကို ထိုးတက်နေတယ်၊ မြူခိုးတွေကိုကြည့်ပြီး စင်ရော်ငှက်ရဲ့ ခြေထောက်က အဝတ်စမှာရေးထားတဲ့ စာသားတွေကို သတိရတယ်၊ ကယ်သူမဲ့နေတဲ့သူဟာ မြူခိုးတွေဝေနေတဲ့ ကျွန်းမှာရှိတယ်ဆိုတာလေ၊ နောက်ဆုံးတော့ ကျွန်တော်က မြူခိုးဝေနေတဲ့ ကျွန်းကို လှေကပ်ဖို့ ကြိုးစားခဲ့တယ်၊ ကျောက်ဆောင်တွေ ထူထပ်နေတော့ အတော်သတိထားပြီး ကမ်းကပ်ရတယ်၊ ကျွန်းပေါ်ကိုရောက်တော့ ကျွန်းအနောက်မှာရှိတဲ့ မြူခိုးတွေဝေနေတဲ့ကျောက်တောင်ကြီးကို ရောက်အောင်သွားခဲ့တယ်၊ ကျောက်တောင်ကြီးက တော်တော်မြင့်ပေမဲ့ တွယ်ကပ်ပြီး တက်တော့ တောင်ပေါ်ကို တဖြည်းဖြည်းရောက်သွားတယ်၊ ကျောက်တောင်ပေါ်ကို ခက်ခက်ခဲခဲတက်ပြီးတော့ တောင်ပေါ်က ကွပ်ပျစ်ပေါ်မှာ လှဲအိပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက် ရတယ်၊ မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



လှဲအိပ်နေရာက စောင်ပေါ်ကို တွယ်ကပ်တက်လာတဲ့ ကျွန်တော့်ကို ရုတ်တရက်မြင်တော့ ထိတ်လန့်အံ့သြသွားတယ်၊ မိန်းကလေးဟာ သင်္ဘောသားဇတ်စုံကို ဝတ်ထားပေမဲ့ ရှည်လျားတဲ့ဆံပင်တွေကြောင့် သူ့ကို မိန်းကလေးဖြစ်မှန်း ကျွန်တော်သိနေတယ်၊ ကျွန်တော် ကယ်ရမဲ့လူဟာ မိန်းကလေး ဆိုတော့ အတော်အံ့သြသွားတယ်၊ လူသူမရှိတဲ့ ကျွန်းမှာ မိန်းကလေးတစ်ယောက်အသက်ရှင်နေတယ်ဆိုတာ မယုံနိုင်စရာဘဲ၊ ကျွန်တော် က သူ့ကိုကယ်ဖို့ စင်ရော်ငှက်ရဲ့ ခြေထောက်က စာကိုဖတ်ပြီး ရောက်လာတဲ့အကြောင်း ရှင်းပြတော့ မိန်းကလေးက အရမ်းဝမ်းသာသွားတယ် ကျွန်တော့်ကိုလဲ သူ့မှာရှိတဲ့ စားသောက်ဖွယ်ရာတွေကို ထုတ်ကျွေးခဲ့တယ်၊ မိန်းကလေးဟာ ကျွန်းကိုရောက်ပြီး ၃ နှစ်အတွင်း မြန်မာစကားကို စပြောတာပါ၊ ကျွန်တော်တို့နှစ် ယောက် တစ်ယောက်အကြောင်းကို တစ်ယောက်ပြောပြကြ





တယ်၊ နောက်တော့ အသုံးအဆောင်တွေကို လှေပေါ်တင်ပြီး အဖေတို့ရှိတဲ့ ကျွန်းကိုထွက်ခဲ့ကြတယ်၊ မိန်းကလေးက သူ ၃ နှစ်တိတိ နေခဲ့တဲ့ကျွန်းကို လွမ်းဆွေးနေခဲ့သေးတယ်၊ ဒါပေမဲ့ ကျွန်တော့် နောက်ကိုလိုလိုချင်ချင်နဲ့ လိုက်ခဲ့တာပါ၊ ကျွန်တော် တို့ကျွန်းကနေ ထွက်ကာနီးမှာ လမ်းခရီးမှာ အန္တရာယ်တွေ နဲ့တွေ့မှာစိုးလို့ လူရှိန်းဟာန်ဆောင်ပြီးထွက်ခဲ့တာပါ”

ဟုပြောလေရာ မမြဖွားက

“အမေတို့က မင်းကိုစိုးရိမ်ပြီး ပုလဲပင်လယ်အော်မှာ လိုက်ရှာနေတာကွယ့်”

ဟုပြောလေ၏။ ရွှေခဲက မိဇင်နှင့်ဖခင်ကိုကြည့်၍

“ကျွန်တော် စိတ်စောပြီး ပုလဲပင်လယ်အော်ကို ထွက်ခဲ့တာကို ခွင့်လွှတ်ပါနော်”

ဟုပြောလေ၏။ ကျွန်ုပ်၏ ဒုက္ခသည် မိန်းကလေး ဘက်သို့ လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးရဲ့နာမည် ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလိုက်ရာ သူမက

"မသီတာလို့ ခေါ်ပါတယ်"

ဟုပြောလေ၏။

ကျွန်ုပ်က မသီတာ၏ လှပသောမျက်နှာကိုကြည့်၍

"မသီတာရဲ့အကြောင်းကို နောက်နေ့မှပဲ ပြောပြပေတော့၊ ဒီနေ့တော့ ညဥ့်နက်နေပြီ၊ ကျုပ်တို့နဲ့နေတဲ့အတွက် မသီတာ ဘာမှ စိုးရိမ်စရာမလိုဘူး၊ မသီတာဘဝ လုံခြုံမှုအတွက် ကျုပ်တို့မိသားစုတာဝန်ယူတယ်၊ ကျုပ်တို့နေတဲ့ကျွန်းကိုရောက်ရင် ရိုက္ခာပြည့်ပြည့်စုံစုံ စုဆောင်းထားတာမြင်ရမယ်၊ စိုက်ခင်းနဲ့ မွေးမြူထားတဲ့ တိရစ္ဆာန်တွေလဲရှိတယ်၊ ငါတို့ တစ်နေ့လွတ်မြောက်မှာသေချာတယ်"

ဟုပြောလေ၏။ ကျွန်ုပ်၏ စကားကြောင့် မသီတာ၏ မျက်နှာ ဝင်းပကြည်လင်သွားလေ၏။





ကျွန်ုပ်တို့ကျွန်းသို့ မသီတာရောက်ရှိပြီး ပျော်ရွှင်ကျေနပ်နေသော အမူအရာရှိလေ၏။

www.burmeseclassic.com



နောက်တစ်နေ့ မနက်စာစားပြီး မသီတာသည် သူမဘဝ နောက်ကြောင်းကို ပြောပြလေ၏။

"ကျွန်မကို သရက်မြို့မှာမွေးဖွားခဲ့တယ်၊ အဖေက သရက်မြို့က ထောင်မှာ ထောင်မှူးတာဝန်ယူရတယ်၊ ကျွန်မ အမေကတော့ ဆုံးတာကြာပါပြီ၊ ကျွန်မကို မိတဆိုးသမီးလေး အဖေက သိပ်ပြီးတော့ ချစ်ပါတယ်၊ ကျွန်မ သရက်မြို့မှာ ကျောင်းတက်ခဲ့တယ်၊ ကျွန်မ ရှစ်တန်းအောင်တဲ့နှစ်မှာ အဖေ





တစ်ကျွန်းကထောင်ကို ပြောင်းဖို့အမိန့်ကျတယ်၊ အက်ဒမန် ကျွန်းကို အဖေ ရုတ်တရက် ပြောင်းရမယ်ဆိုတော့ ဝေးလွန်းလို့ ကျွန်မကို အမျိုးတွေဆီမှာ ထားခဲ့တယ်၊ နောက်တော့ အမျိုးတွေနဲ့နေရတာ အဆင်မပြေလို့ အဖေ့နောက်ကို လိုက်ချင်တယ်လို့ပူဆာတယ်၊ နောက်တော့ အက်ဒမန်ကျွန်းကို သွားမဲ့သင်္ဘောနဲ့လိုက်ခဲ့တယ်၊ ဒီလိုနဲ့ ပင်လယ်ထဲကိုရောက်တော့ လေပြင်းမုန်တိုင်းနဲ့တွေ့ပြီး သင်္ဘောဟာ ပင်လယ်ထဲမှာ မျောချင်ရာမျောနေခဲ့တယ်၊ နောက်တော့ ကျောက်ဆောင်နဲ့ ဝင်တိုက်လို့ သင်္ဘောမှောက်ပြီး ကျွန်မနဲ့ သင်္ဘောသားတွေ အသက်ကယ်လှေတစ်စီးနဲ့ ထွက်ခဲ့တယ်၊ ပင်လယ်ထဲမှာ လှိုင်းလုံးကြီးတွေ ကြီးလွန်းတော့ အသက်ကယ်လှေလဲ မှောက်သွားခဲ့တယ်၊ ကျွန်မလဲ ပင်လယ်ထဲမှာ စည်ပိုင်းပြတ်တစ်လုံးနဲ့ မျောပါသွားတယ်၊ ပြီးတော့ ကျွန်မမေ့မျောသွားခဲ့တယ်၊ ကျွန်မ သတိရလို့ကြည့်လိုက်တော့ သောင်ပြင်တစ်ခုမှာ မေ့လဲနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရောက်နေတဲ့ ကျွန်းကို လှည့်ပတ်ကြည့်တော့ ကျွန်းပေါ်မှာ ကျွန်မကလွဲလို့ ဘယ်သူမှမရှိဘူး၊ ကျွန်မ အဲဒီတုန်းက ကြောက်ကလဲကြောက် ဗိုက်ကလဲဆာနဲ့ အရမ်းတုန်လှုပ်ခြောက်ခြားနေခဲ့တယ်''

ဟုပြောလေရာ ကျွန်ုပ်တို့မိသားစုသည် မသီတာဆိုတော့ ဒုက္ခသည်လေးကို သနားဂရုဏာသက်စွာ ကြည့်ရှုနေမိ၏။

သူ့ခမျာ ကျွန်းပေါ်မှာ အဖော်မပါဘဲ တစ်ကိုယ်တည်း ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့နေပေလိမ့်မယ်။ မသီတာက ဆက်လက်၍ သူမ၏ ဒုက္ခဆင်းရဲမှုများကို ပြောပြန်၏။

''နောက်ဆုံးတော့ ကျွန်မဟာ ချမ်းလွန်းလို့ မနေနိုင်တော့ဘဲ ထင်းခြောက်တွေကောက်ပြီး မီးလှုံခဲ့တယ်၊ ကျွန်မ အိတ်ထဲမှာ လေလုံဘူးနဲ့ထည့်ထားတဲ့ မီးခြစ်တစ်လုံး ပါခဲ့တယ်၊ ကျွန်မ သင်္ဘောနစ်ကာနီးမှာ သင်္ဘောသားအင်္ကျီကို ကောက်ဝတ်လိုက်တော့ ကံကောင်းသွားတယ်၊ ကျွန်မ ဖိုထားတဲ့





မီးဖိုမှာ မီးမပြတ်အောင် ထင်းတွေ အဆက်မပြတ်ထည့်ပေးခဲ့တယ်၊ ကျွန်မ ဖိုထားတဲ့မီးရောင်က အလင်းရောင်ကိုမြင်ရင် ကယ်တင်မဲ့သင်္ဘောတွေမြင်နိုင်မယ် လို့ထင်ခဲ့တယ်၊ နောက်ပြီးတော့ ကျွန်မ ဗိုက်ဆာလွန်းလို့ အစားအသောက်တွေလိုက်ရှာခဲ့တယ်၊ သောင်ပြင်မှာ လိပ်ဥကြီးတွေကို တွေ့လို့ပြုတ်စားခဲ့တယ်၊ ကျွန်မ ကျွန်းပေါ်မှာနေရတဲ့အချိန်မှာ လိပ်ဥတွေကိုပဲ အဓိကထားပြီး စားသောက်ခဲ့ရတယ်၊ တစ်နေ့ သင်္ဘောပျက်က သေတ္တာတစ်လုံး နှစ်လုံး ကမ်းစပ်ကိုလာတင်တော့ သေတ္တာထဲမှာ လက်သမားသုံးပစ္စည်းတွေနဲ့ ဆေးဝါးပစ္စည်းတွေပါတယ်၊ ကျွန်မလဲ လက်သမားပစ္စည်းတွေကို အသုံးပြုပြီး အိမ်တစ်လုံးဖြစ်အောင် ကြိုးစားပြီး ဆောက်ကြည့်တယ်၊ ကျွန်မ ဆောက်တဲ့အိမ်က အင်မတန် ညံ့ဖျင်းပေမဲ့ လေလုံမိုးလုံရှိလို့ ကျွန်မအတွက် သိပ်အသုံးဝင်တယ်၊ နောက်တော့ ကျွန်းအနှံ့လျှောက်ကြည့်တော့ ကျွန်းပေါ်မှာ သစ်သီးတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိတာတွေ့ရတယ်၊ ဆောက်ရေအတွက်လဲ စိမ့်စမ်းရေတွေ စီးဆင်းနေလို့ အဆင်ပြေတယ်၊ နောက်တော့လဲ ကျွန်မ ငါးမျှား တတ်အောင် ကြိုးစားခဲ့တယ်၊ ဒီလိုနဲ့ပဲ ကျွန်မ တစ်ကိုယ်တည်း ကျွန်းပေါ်မှာ (၃)နှစ်လောက်ကြာသွားတာပဲ၊ ကျွန်မ ကျွန်းပေါ်ကို ရောက်လာစက ကယ်တင်မဲ့သင်္ဘောတွေ့မယ် ထင်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်းအနီးမှာ သင်္ဘောတစ်စင်းနှစ်စင်း ကလွဲလို့ မတွေ့ခဲ့ဘူး''

ဟုပြောလေ၏။ ထိုအခါ မမြဖူးက မသီတာကို ဂရုဏာသက်ဟန်ဖြင့် ကြည့်၍

''ကံကြီးပေတို့ပေါ့ မသီတာရယ်၊ အစ်မတို့ မိသားစု ငါးနှစ်ကျော်ဒုက္ခရောက်ခဲ့သလို မသီတာလဲ သုံးနှစ်လောက် ဒုက္ခခံခဲ့ရတာပဲ''

ဟုပြောလေ၏။

ထိုအခါ မသီတာက





''ဟုတ်ပါတယ်အစ်မရယ်၊ ကျွန်မတစ်ယောက်တည်း ကျွန်းမှာနေရတာ အားငယ်ဖို့လဲကောင်းတယ်၊ ဖျင်းရိငြီးငွေ့ဖို့လဲကောင်းတယ်၊ အစ်မတို့နဲ့ နေရတာ ကျွန်မ သိပ်ပျော်တာပဲ''

ဟုပြောလေ၏။

ကျွန်ုပ်တို့မိသားစုသည် ပုလဲပင်လယ်အော်၌ သုံးရက်ခန့်နေထိုင်ပြီး ကျွန်ုပ်တို့နေထိုင်ရာကျွန်းဆို့ ပြန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နေထိုင်ရာ ကျွန်းသို့ရောက်သောအခါ မသီတာသည် ကျွန်ုပ်တို့မိသားစု၏ လူနေမှုဘဝကို တအံ့တသြ ကြည့်ရှုနေလေ၏။

ကျွန်ုပ်တို့နေထိုင်ရာ အိမ်နှစ်လုံး၊ ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် စပါးခင်းများ၊ မွေးမြူထားသောတိရစ္ဆာန်များကို လိုက်လံပြသလေရာ မသီတာသည် အလွန်အံ့သြနေလေ၏။

မသီတာက ဟင်းသီးဟင်းရွက်ခင်းများကိုကြည့်၍





"အံ့သြစရာကောင်းလိုက်တာ၊ ဒီလောက်များတဲ့ ဟင်းသီးဟင်းရွက်တွေကို ဘယ်ကများ ရသလဲ"

ဟုပြောလေရာ ရွှေခဲက ဝင်ရောက်၍ သင်္ဘောပျက်မှ မျိုးစေ့များရရှိကြောင်း ရှင်းလင်းပြလေ၏။

မသီတာနှင့်ရွှေခဲသည် ရွယ်တူချင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်နေလေ၏။

မသီတာ ရောက်ရှိပြီး တစ်လအကြာ၌ မိုးရာသီ ဝင်ရောက်လာသဖြင့် ကျောက်ခက်ပန်းဆွဲအိမ်သို့ သွားရောက်နေထိုင်ကြ၏။

ကျောက်ခက်ပန်းဆွဲအိမ်သည် လုံခြုံမှုရှိသဖြင့် မုန်တိုင်းဖြစ်နေသည့်အချိန်မှာပင် အေးချမ်းစွာနေထိုင်နိုင်၏။

မသီတာသည် မုန်တိုင်းထန်နေချိန်၌ ကျောက်ခက်ပန်းဆွဲအိမ်ကို သဘောကျဟန်ဖြင့် ချီးမွမ်းလေ၏။

"ဒီကျောက်ခက်ပန်းဆွဲအိမ်ထဲမှာနေရတာ



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံလိုက်တာနော်၊ ကျွန်မနေတဲ့ ကျွန်းမှာဆိုရင် မုန်တိုင်းဖြစ်တဲ့ အချိန်ဆိုရင် ငရဲ ကျနေသလိုပဲ၊ နေရေးထိုင်ရေး စားရေး သောက်ရေး သိပ်ခက်တယ်၊ ရက်ပေါင်းများစွာ အစာမစားရဘဲ အုန်းသီးခြောက်တွေ ဝါးစားနေရတယ်”

ဟုပြောလေ၏။ မသီတာသည် ကျွန်ုပ်တို့ ကျွန်းသို့ ရောက်သောအချိန်မှစ၍ သူမဘဝ လုံခြုံစိတ်ချမှု ရရှိသွားလေ၏။

ကျွန်ုပ်တို့မိသားစုသည် မသီတာကို မိသားစုဝင် တစ်ဦးကဲ့သို့ပင် သဘောထားပြီး ဆက်ဆံခဲ့၏။

ကျွန်ုပ်တို့၏ ကျောက်ခက်ပန်းဆွဲအိမ်၌ သူမနေထိုင်ရန် အခန်းတစ်ခန်းစီစဉ်ပေးလေ၏။





ဤသို့ဖြင့် တစ်နှစ်ခန့်ကြသောအခါ မသီတာသည် ရွှေခဲတို့ညီအစ်ကိုနှင့် မောင်နှမကဲ့သို့ ဖြစ်နေ၏။

မသီတာသည် ရွှေခဲတို့ညီအစ်ကိုနှင့်အတူ ငါးများထွက်၏။ သစ်သီးများခူး၏။ စိုက်ခင်း၌လည်း ဝင်ရောက်လုပ်ကိုင်၏။

မမြဖူးနှင့် မသီတာသည် ညီအစ်မများနှယ် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြလေ၏။ ၄င်းတို့သည် အတူတူ ချက်ပြုတ်လိုက်၊ အိမ်မှုကိစ္စများ ပြုလုပ်လိုက်ဖြင့် အချိန် ကုန်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဟင်းသီးဟင်းရွက်စိုက်ခင်း၌လည်း တက်ညီလက်ညီ လုပ်ကိုင်ကြ၏။

ကျွန်ုပ်တို့မိသားစုသည် ကျွန်း၌နေထိုင်စဉ် ညဘက်အလင်း ရရှိစေရန် ကညင်ဆီတိုင်များကို အသုံးပြု၏။

ကျွန်ုပ်တို့ကျွန်း၌ လုံးပတ်ငါးတောင်မျှရှိသော ကညင်ပင်ကြီးများရှိ၏။

ထိုကညင်ပင်ကြီးများကို ဓား၊ ပုဆိန်တို့ဖြင့် အပေါက်များ ဖောက်ကာ မီးတိုက်လိုက်လျှင် ကညင်ဆီ ငါးပိဿာခန့်ရရှိလေ၏။

ထိုကညင်ဆီများကို ဝါးကျည်တောက်ဖြင့်ထည့်၍ မီးထွန်းရလေ၏။

ကျွန်ုပ်တို့ မီးထွန်းရန် ပြုလုပ်သော ကညင်တိုင်များမှာ လုံးပတ်ဒင်္ဂါးပြားခန့်ရှိ၏။

ကညင်ဆီ တစ်ပိဿာခန့်ရှိလျှင် ကျွန်ုပ်တို့ မီးထွန်းရန်





ကညင် ဆီတိုင်ပေါင်း ငါးဆယ်ခန့်ရလေ၏။

ကျွန်ုပ်တို့ကျွန်း၌နေထိုင်စဉ် ထူးဆန်းသော အတွေ့အကြုံမျိုးစုံ ရရှိခဲ့၏။

တစ်နေ့သ၌ ကျွန်ုပ်နှင့် သားဖြစ်သူ ရွှေခဲသည် တောဆိတ်များ ပစ်ရန်အတွက် တောထဲသို့ရောက်ရှိခဲ့၏။

ကျွန်ုပ်တို့သည် တောထဲ၌ လှည့်လည်ရင်း တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော အရပ်သို့ရောက်ရှိသွား၏။

ထိုအရပ်၌ ရွှံ့နွံတောများရှိသဖြင့် ကျွန်ုပ်တို့မိသားစု သွားရောက်လေ့မရှိချေ။

ကျွန်ုပ်တို့သားအဖ ရွှံ့နွံတောဘက်သို့ရောက်သောအခါ များပြားလှသော လိပ်ပြာများကို တွေ့ရသဖြင့် ရွှေခဲက

"အဖေရေ၊ ဒီမှာလိပ်ပြာတွေအများကြီးပါလား၊ လှလိုက်တာဗျာ"

ဟုဆိုကာ ရောင်စုံလိပ်ပြာများကို လက်ညှိုးညွှန်၍



www.burmeseclassic.com

www.burmeseclassic.com



ပြသလေ၏။ ထိုလိပ်ပြာများ၏ လှပမှုကို ကျွန်ုပ်တို့သားအဖ ငေးမောကြည့်ရှုနေစဉ် လိပ်ပြာများသည် ကျွန်ုပ်တို့ရှိရာသို့ အုပ်စုလိုက် ပျံသန်းလာလေ၏။

ကျွန်ုပ်က လိပ်ပြာများ၏ ပျံသန်းပုံကိုကြည့်၍ ရုတ်တရက် ထိတ်လန့်သွားပြီး

"ရွှေခဲ သတိထားပေါ့၊ လိပ်ပြာတွေ ပျံသန်းပုံကြည့်ရတာ တစ်မျိုးပဲ"

ဟုပြောလေ၏။ ထိုအခိုက်မှာပင် လိပ်ပြာများသည် ကျွန်ုပ်တို့အနီးသို့ရောက်လာပြီး ဝင်ရောက်ကိုက်ခဲလေ၏။

ကျွန်ုပ်သည် လက်မောင်းကို လိပ်ပြာကိုက်ခဲခြင်းခံလိုက်ရသဖြင့် စစ်ခနဲ ဖြစ်သွားပြီးအော်လိုက်မိ၏။

ကျွန်ုပ်၏သား ရွှေခဲမှာလည်း လည်ပင်းကို လိပ်ပြာကိုက်ခံရပြီး

"အမလေး၊ လိပ်ပြာတွေ ကိုက်တယ်ဗျ"





ဟုအော်ဟစ်လိုက်ရာ ကျွန်ုပ်က လိပ်ပြာများကို ရိုက်ပုတ်ထုတ်၍

"လာလမ်းအတိုင်းမြန်မြန်လှည့်ပြေးဟေ့"

ဟုဆိုကာ နောက်ကြောင်းသို့ပြန်လှည့်ပြေးလေ၏။

လိပ်ပြာများသည် ကျွန်ုပ်တို့ကို အတန်ကြာအောင် လိုက်လံတိုက်ခိုက်ပြီးနောက် ဆက်၍ မလိုက်တော့ဘဲ ကျန်ရစ်ခဲ့လေ၏။

ရွှေခဲသည် လက်မောင်း၌ လိပ်ပြာအကိုက်ခံရသော ဒဏ်ရာကို ပွတ်သပ်ရင်း

"ဘယ်လိုဖြစ်တာလဲအဖေ၊ လောကမှာ လိပ်ပြာကိုက်တယ်ဆိုတာ ရှိလို့လားဗျ"

ဟုပြောလိုက်ရာ ကျွန်ုပ်က ခေါင်းညိတ်၍

"လိပ်ပြာတွေက လူကို အန္တရာယ်ပြုတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး၊ အဖေ ကြားဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍

"ငါတို့ကို အန္တရာယ်ပေးတာ လိပ်ပြာဖိုတွေပဲကွ၊ လိပ်ပြာအမတွေကတော့ ဘယ်တော့မှ ကိုက်လေ့မရှိဘူးကွ၊ လိပ်ပြာဖို တွေကတော့ အင်မတန် တိုက်ခိုက်လိုစိတ်ရှိတယ်၊ သူတို့အချင်းချင်းလဲ ကိုက်လေ့ရှိတယ်၊ လိပ်ပြာဖိုတွေမှာ သတ်မှတ်ထားတဲ့ နယ်မြေရှိတယ်၊ ဒီနယ်မြေထဲကို ရောက်လာရင်တော့ ငှက်တွေသာ မကဘူး တိရစ္ဆာန်ကြီးတွေကိုတောင် တိုက်ခိုက်ကြတယ်၊ ရန်များတဲ့ လိပ်ပြာဖိုတွေဟာ သူတို့အချင်းချင်းလဲ တိုက်ခိုက်ကြတယ်၊ ငါတို့က သူတို့နယ်မြေထဲ ကျော်ပြီး ဝင်သွားခဲ့တယ်"

ဟုပြောလေရာ ရွှေခဲက လိပ်ပြာများကို အလန့်တကြား ကြည့်၍

"ဒါဆိုရင်တော့ ကျွန်တော်တို့ဒီနေရာက ပြေးမယ်မျိုး၊ နောက်ဘယ်တော့မှ ဒီနေရာ မလာတော့ဘူး"





ဟုပြောလေ၏။

ဤသို့ ကျွန်း၌ နေထိုင်စဉ် ထူးခြားသောအတွေ့အကြုံမျိုးစုံကို တွေ့ရှိခဲ့၏။ တစ်ခါကလည်း သားငယ်ငွေခဲသည် ကျွန်ုပ်ထံသို့ ကမန်းကတန်း ရောက်ရှိလာပြီး

"အဖေ…တိရစ္ဆာန်တွေကို စားတဲ့အပင်ရှိတယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"မဖြစ်နိုင်တာ သားရယ်၊ တိရစ္ဆာန်တွေကို အပင်က စားတယ်ဆိုတာ မရှိပါဘူး"

ဟုပြောလိုက်ရာ ငွေခဲက ခေါင်းခါယမ်း၍

"ရှိပါတယ်အဖေရယ်၊ အပင်က တိရစ္ဆာန်တွေကို ဖမ်းယူလိုက်တာ ကျွန်တော် သေသေချာချာတွေ့တယ်၊ အဖေ မယုံရင် ကျွန်တော့်နောက်လိုက်ကြည့်ပါ"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် ငွေခဲ၏အနောက်သို့ မယုံကြည်ဟန်ဖြင့် လိုက်ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောတွင်းတစ်နေရာသို့ရောက်သောအခါ သားငယ် ငွေခဲက တစ်ပေခန့်ရှည်သော သစ်ပင်ငယ်လေးတစ်ပင်ကို ပြသလေ၏။ ထိုအပင်ငယ်လေးသည် အဖြူရောင်ဖြစ်ပြီး အရွက်များ ဝိုင်းစက်နေလေ၏။

ထိုအရွက်ဝိုင်း၏ အနားများ၌ ဆူးချွန်များရှိလေ၏။

ငွေခဲက လေသံတိုးတိုးဖြင့်

"အဖေ… ဟောဒီအရွက်ဝိုင်းတွေကို သေသေချာချာ ကြည့်နေ၊ သူ့ရဲ့အရွက်မှာ လာနားတဲ့ ယင်ကောင်တွေကို တစ်ကောင်မကျန် ဖမ်းနေတယ်"

ဟုပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍

"မင်း မျက်စိမှားနေသလားကွ၊ အပင်လေးကြည့်ရတာ အသားစားတဲ့ပုံမရှိပါဘူး"

ဟုဆိုလေ၏။ ကျွန်ုပ်၏စကား ဆုံးသည်နှင့် ငွေခဲက လေသံတိုးတိုးဖြင့်





"အဖေ…ဟိုမှာ သေသေချာချာကြည့်နေ၊ အရွက်ဝိုင်းပေါ်မှာ ယင်ကောင်လာနားရင် အဲဒီယင်ကောင်ကို အရွက်က စားတော့မယ်"

ဟုပြောလေ၏။

ကျွန်ုပ်လည်း ငွေခဲ၏စကားကို မယုံကြည်ဟန်ဖြင့် အရွက်ဝိုင်းပေါ်၌ နားနေသော ယင်ကောင်ကို ကြည့်ရှုနေမိ၏။

ထိုအခိုက်မှာပင် ယင်ကောင်တစ်ကောင်သည် အရွက်ဝိုင်း အနီး၌ လာနားလေ၏။

ယင်ကောင် နားလိုက်သည်နှင့် အရွက်ဝိုင်းသည် အံ့သြဖွယ် ကောင်းလောက်အောင် ယင်ကောင်ကို ဆူးချွန်များဖြင့် မလှုပ်နိုင်အောင် ထိန်းချုပ်ထားလိုက်၏။

ပြီးနောက် ထိုအရွက်ဝိုင်း၏ အတွင်းမှ စေးကပ်သော အရည်များ ထွက်လာပြီး ယင်ကောင်ကို ဆုတ်ခြေစားသောက်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုအခါမှပင် အသားစားသောအပင်ကို အံ့ဩဖွယ် မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် တောတွင်းရှိ လျှို့ဝှက်ချက်များကို လေ့လာသော အလေ့ကျင့်ရခဲ့၏။

ထိုအခါ ပိုးမွှားများကို ဖမ်းဆီး စားသောက်လေ့ရှိသော အပင် တစ်မျိုးကို ထပ်မံတွေ့ရှိပြန်၏။

ထိုအပင်၏ ထောက်ချောက်မှာ ရှည်လျားပြီး အပင်နှုတ်ခမ်းကို နင်းမိသော ပိုးကောင်အား တွင်းအောက်ခြေသို့ ကျအောင် ပြုလုပ်လိုက်၏။

အံ့ဩဖွယ်ကောင်းသည်မှာ ထိုထောက်ချောက်ပင်၏ အဖုံးကို ပွင့်နိုင်ပိတ်နိုင်သော အစွမ်းရှိ၏။





ကျွန်ုပ်တို့ ရောက်ရှိနေသော ကျွန်း၌ လူကိုအန္တရာယ်ပေးသော သတ္တဝါများစွာရှိ၏။

ထိုသတ္တဝါများကို ကျွန်ုပ်တို့မိသားစု တဖြည်းဖြည်း ရှင်းပစ်ကြ၏။

ကျွန်ုပ်တို့မိသားစုကို အန္တရာယ် အကြီးမားဆုံးပေးသော စပါးကြီးမြွေကြီးကို ရှင်းပစ်လိုက်လေ၏။

ထို့ပြင် ကျွန်ုပ်တို့ ရောက်ကာစက တောင်ငှေ်း၌ ကြီးစိုး



www.burmeseclassic.com

www.burmeseclassic.com



သော တောခွေးအုပ်ကိုလည်း ဂှင်းလင်းလိုက်နိုင်၏။

တောခွေးအုပ်ကို ရှင်းပြီးနောက် တောထဲ၌ လူကို အန္တရာယ် ပေးသော သတ္တဝါများ မရှိသလောက်ဖြစ်သွားပြီး အကျိုးရလာဒ် အဖြစ် တောဆိတ်အုပ်များ များပြားလာ၏။

တောထဲ၌ ကြောက်စရာကောင်းသော သတ္တဝါတစ်မျိုးမှာ မြွေပင်ဖြစ်၏။

ကျွန်ုပ်တို့မိသားစုသည် ယနေ့ထက်တိုင် မြွေအန္တရာယ်နှင့် ကြုံတွေ့ခြင်းမရှိခဲ့ချေ။

ကျွန်းသို့ရောက်ရှိသည့် အချိန်မှစ၍ ကျွန်ုပ်တို့သည် လူ့အသုံးအဆောင်များကို တတ်စွမ်းသမျှ လုပ်ကိုင်နိုင်အောင် ကြိုးပမ်းခဲ့၏။

တစ်ခါတစ်ရံ မုန်တိုင်းကြောင့် နစ်မြုပ်သွားသော သင်္ဘောများမှာ ကျွန်ုပ်တို့အတွက် အဖိုးတန်သော ပစ္စည်းများကို ရရှိလေ၏။





လေပြင်းမုန်တိုင်းကြောင့် ဝိုင်အရက်သေတ္တာများ၊ ရွက်ဖျင်စများ၊ ဓာတ်ဆီပေပါများ၊ အသားဘူး၊ ငါးဘူးများသည့် အဖိုးတန်အသုံးအဆောင်များကို ရရှိ၏။

တစ်ခါက အိန္ဒိယရူပီငွေစက္ကူ တစ်ထုပ်ကြီးပါသော သေတ္တာကြီးတစ်လုံးကို ကျွန်ုပ်တို့ ရရှိဖူး၏။

ကျွန်ုပ်တို့ မိသားစုအတွက် အံ့ဩဖို့ကောင်းသည်မှာ ငွေစက္ကူထုပ်ကြီးကို ရရှိသော်လည်း ငါးသေတ္တာတစ်ဘူးသလောက်ပင် ပျော်ရွှင်ခြင်းမရှိခဲ့ချေ။

ကျွန်းပေါ်၌ ငွေစက္ကူတစ်ရွက်သည် မီးခြစ်ဆံတစ်ဆံမျှပင် အသုံးမဝင်ခဲ့ချေ။

ကျွန်ုပ်တို့သည် လူ့အသုံးအဆောင်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုပ်ကိုင်ခဲ့၏။

ကျွန်းပေါ်၌ အပေါများဆုံးတွေ့သည်မှာ အုန်းပင်များပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အုန်းပင်မှ ကျွန်ုပ်တို့မိသားစုအတွက် အသုံးအဆောင် အမျိုးမျိုးကို ထုတ်ပေးနိုင်ခဲ့၏။

အုန်းပင်၏ ပင်စည်ကို လှေအဖြစ်ပြုလုပ်နိုင်၏။

အုန်းပင်၏ အရွက်များကို အမိုးအကာနှင့် တောင်းများ ယက်လုပ်နိုင်သေး၏။

ဦးထုပ်များနှင့် တံမြက်စည်းလည်း ပြုလုပ်နိုင်၏။

ထို့ပြင် အုန်းသီးခွံ၏ အမျှင်ကို ကြိုးကျစ်ပြီး ကြိုးအဖြစ် အသုံးပြုခဲ့၏။

အုန်းသီးမှ အုန်းဆီရရှိနိုင်ပြီး အုန်းနို့ အုန်းဖူး စသော စားသောက်ဖွယ်ရာများကိုလည်း ပြုလုပ်၏။

ကျွန်ုပ်၏သား ငွေခဲကမူ အုန်းခွံတစ်ခု၌ မားငယ် တစ်ချောင်းဖြင့် အုန်းပန်းပုပင် ထုနေသေး၏။

ကျွန်ုပ်တို့ ကျွန်းသို့ ရောက်သည်မှာ ၆ နှစ်ကျော် ၇ နှစ်ထဲသို့ပင် ရောက်ရှိနေလေပြီ။





ကျွန်ုပ်တို့ကို ကယ်တင်မည့်သူ ဝေးနေဆဲဖြစ်၏။ ကျွန်ုပ်တို့သည် ကျွန်းပေါ်မှာ အသားကျနေသဖြင့် ကယ်မည့်သူ ကိုလည်း မမျှော်လင့်တော့ချေ။

ကျွန်း၌ နေထိုင်စဉ် ထူးခြားသော ဖြစ်ရပ်တစ်ခုမှာ သားကြီး ရွှေခဲနှင့် မသီတာ၏ လူငယ်တို့ ဘာသာဘာဝ ချစ်ကျွမ်းဝင်မှုဖြစ်၏။

ရွှေခဲနှင့် မသီတာသည် ပင်လယ်ထဲသို့ အတူတူငါးဖမ်း ထွက်ကြ၏။ တောတွင်းသို့ သစ်ဥသစ်ဖုများ ရှူးဆွတ်သည့် အခါလည်း အတူတူသွား၏။ ထိုမြင်ကွင်းကိုကြည့်၍ မမြဖူးက

"ရွှေခဲနဲ့မသီတာကို ကြည့်ရတာ တစ်မျိုးပဲနော်၊ သူတို့ နှစ်ယောက် မရိုးတော့ဘူးထင်တယ်"

ဟုပြောလေရာ ကျွန်ုပ်က ရယ်မော၍

"သူတို့နှစ်ယောက်စလုံး ငါတို့ရဲ့ သားသမီးတွေပဲကွာ၊ မရိုးတော့ဘူးဆိုရင် ပိုတောင်ကောင်းသေးတယ်၊ ကျွန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ရဲ့ မျိုးဆက်တွေ တိုးမှာပေါ့၊ ငါတို့ မြေးတွေဘာတွေ ချီရမယ် ဆိုရင် ဘယ်လောက်ပျော်ဖို့ကောင်းသလဲ"

ဟုပြောလေ၏။

ကျွန်ုပ်၏ စကားကြောင့် မမြဖူး၏မျက်နှာ ဝင်းလက်သွားပြီး

"ဟုတ်တယ်နော်၊ ဒီလိုသာဆိုရင် ပျော်ဖို့အတော်ကောင်းမှာပဲ"

ဟုပြောလေ၏။

တစ်ခါတစ်ရံ ရွှေခဲနှင့် မသီတာတို့ ပင်လယ်ကမ်းစပ်ရှိ သောင်ပြင်၌ မမောနိုင် မပန်းနိုင် စကားပြောဆိုနေကြ၏။

ထိုမြင်ကွင်းကိုကြည့်၍ ကျွန်ုပ်တို့ ဇနီးမောင်နှံ ပီတိဖြစ်နေလေ၏။





တစ်နေ့သ၌ ကျွန်ုပ်တို့မိသားစု ကျွန်းပေါ်၌ နေ့လယ်စာစားသောက်နေစဉ် အဝေးမှ အမည်းစက်တစ်စက်ကို မြင်လိုက်ရသဖြင့် ကျွန်ုပ်က ထိုင်ရာမှထ၍

"ပင်လယ်ထဲကို ကြည့်စမ်းဟေ့"

ဟုအော်ဟစ်လိုက်ရာ မျက်စိကောင်းသော ရွှေခဲက

"သင်္ဘောတစ်စီး အဖေရယ်၊ ကျွန်တော်တို့ ကျွန်းဘက်ကို ဦးတည်ပြီးလာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာအားရ အော်ဟစ်လေ၏။

သဘော်သည် အမှန်ပင် ကျွန်ုပ်တို့ ကျွန်းဆီသို့ ဦးတည်ပြီးလာနေ၏။

ကျွန်ုပ်တို့သည် တောင်ကုန်းပေါ်ရှိ အသင့်ဆောင်ထားသော ထင်းပုံကြီးရှိရာသို့ ပြေးတက်သွားပြီး မီးရှို့လိုက်၏။ သဘော်ပျက်တစ်စီးမှ ရရှိထားသော မှန်ကြီးဖြင့်လည်း သဘော်ပေါ်မှ မြင်အောင် အချက်ပြလေ၏။

ထိုသို့ အချက်ပြရင်း ကျွန်ုပ်က မမြဖူးဘက်သို့လှည့်၍

"သဘော်ပေါ်ကလူတွေက မိတ်ဆွေလား၊ ရန်သူလား မကွဲပြားသေးဘူးနော်၊ ပင်လယ်ဓားပြတွေဆိုရင် ငါတို့အတွက် ခက်မယ်၊ သူတို့ကို ခုခံဖို့အတွက် လက်နက်တွေပြင်ထား"

ဟုပြောလေရာ မမြဖူးနှင့်ငွေခဲက လက်နက်သေတ္တာအတွင်းမှ လက်နက်များကို ထုတ်လာ၏။

ကျွန်းပေါ်၌နေထိုင်စဉ် သဘော်ပျက်တစ်စီးမှ လက်နက်





သေတ္တာတစ်လုံးကို ရရှိထားသဖြင့် လက်နက်ခဲယမ်းများ ပေါများ၏။

ကျွန်ုပ်တို့သည် သောင်ပြင်နှင့် မလှမ်းမကမ်းရှိ ကျောက်တုံးများအနောက်၌ သေနတ်များကို အသင့်ပြင်ဆင်ထားလိုက်၏။

သဘော်သည် ကျွန်ုပ်တို့ ဖိုထားသော မီးပုံကိုမြင်တွေ့သွားဟန်ဖြင့် ကျွန်းအနီး ချဉ်းကပ်လာ၏။

ကျွန်ုပ်တို့အားလုံး အလွန်စိတ်လှုပ်ရှားနေကြလေ၏။

ကျွန်ုပ်သည် ကျောက်ခက်ပန်းဆွဲအိမ်ထဲမှ မှန်ဘီလူးကို ပြေးယူ၍ သဘော်၏အလံကို ကြည့်ရှုလိုက်ရာ ယူနီယံဂျက်အလံကို မြင်ရသဖြင့် ရင်ထဲတွင် စိုးရိမ်ထိတ်လန့်နေသော အလုံးကြီးကျသွားပြီး

"ရန်သူသဘော်မဟုတ်ဘူး၊ ငါတို့ကို ကယ်မဲ့သဘော်ကွ၊ သဘော်မှာ ဗြိတိသျှအလံကိုတင်ထားတယ်"



www.burmeseclassic.com

ဟုအော်ဟစ်လိုက်လေရာ မိသားစုတစ်စုလုံး ပျော်ရွှင်သွားကြလေ၏။

ခဏကြာလျှင် သင်္ဘောပေါ်မှ လှေငယ်လေးတစ်စင်းသည် ကျွန်ုပ်တို့ ကျွန်းရှိရာသို့ တရွေ့ရွေ့ လှော်ခတ်လာလေ၏။ ကျွန်ုပ်တို့သည် ကမ်းစပ်သို့ထွက်၍ ထိုလှေကို ကြိုဆိုလေ၏။

လှေသည် ကျွန်းနှင့်နီးစပ်လာသည်နှင့်အမျှ ကျွန်ုပ်တို့ကို မြင်သောအခါ လူရိုင်းများဟု မှတ်ယူသွားပြီး လှေပေါ်မှနေ၍ ဓားနှင့် ဖန်ပုတီးစေ့များကို ကိုင်မြှောက်ပြလေ၏။

ကျွန်ုပ်တို့ကလည်း ၎င်းတို့ကို ရန်ပြုခြင်းမပြုလိုဟန်ဖြင့် ကမ်းပေါ်မှ လက်နက်များကို ကိုင်ဆောင်ခြင်းမရှိဘဲ ပြသလေ၏။

သို့သော် လှေငယ်ပေါ်မှ သင်္ဘောသားများသည် မည်သို့ စိတ်ကူးပေါက်သည်မသိ နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေ၏။





ကျွန်ုပ်တို့သည် လှေငယ်ပြန်သွားသဖြင့် အလွန်ထိတ်လန့်သွားပြီး တောင်ပေါ်သို့ ပြေးတက်ကာ အကူအညီလိုကြောင်း မှန်ဖြင့် ထပ်မံ၍ အချက်ပြလေ၏။

ကျွန်ုပ်တို့၏ မှန်ဖြင့်အချက်ပြခြင်းကို သင်္ဘောပေါ်မှ မာလိန်မှူးကြီးတွေ့မြင်သွားပြီး ၎င်းကိုယ်တိုင် လှေငယ်ဖြင့် ထပ်မံ၍ လိုက်လာကြ၏။

ထိုအခါမှပင် ကျွန်ုပ်တို့မိသားစု တစ်စုလုံး သောင်ပြင်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

မာလိန်မှူးကြီးခေါင်းဆောင်သော သင်္ဘောသားများသည် ကျွန်းပေါ်သို့ တက်လာပြီး အင်္ဂလိပ်ဘာသာဖြင့်

"ခင်ဗျားတို့ဘာလူမျိုးလဲ"

ဟုမေးမြန်းလေ၏။

ကျွန်ုပ်က မြန်မာလူမျိုးဖြစ်ကြောင်း ပြောဆိုလိုက်ရာ မာလိန်မှူးကြီးနှင့် သင်္ဘောသားများသည် မျက်နှာဝင်းပသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...မြန်မာဟုတ်လား၊ ကျုပ်တို့လဲ မြန်မာတွေပဲဗျ၊ မြန်မာလိုပဲ ပြောရအောင်"

ဟုဆိုလိုက်ရာ ကျွန်ုပ်တို့အားလုံး ဝမ်းသာလွန်းသဖြင့် ဟေးခနဲ အော်ဟစ်လိုက်လေ၏။

မာလိန်မှူးကြီးက ကျွန်ုပ်တို့ မိသားစု၏ ဖြစ်ကြောင်း ကုန်စင်ကို မေးမြန်းပြီး အလွန်အံ့သြသွားကြ၏။

၎င်းတို့သင်္ဘောသည် အက်ဒမန်ကျွန်းမှ ထွက်လာသော ငါးဖမ်းသင်္ဘောဖြစ်ကြောင်း သိရလေ၏။

မသီတာသည် အက်ဒမန်ကျွန်းဟူသောအမည်ကို ကြားသဖြင့် စိတ်လှုပ်ရှားသွားပြီး

"အက်ဒမန်ကျွန်းဆိုရင် ကျွန်မအဖေ ထောင်မှူး ဦးလှမိုးကို သိသလား"

ဟုမေးမြန်းလေရာ မာလိန်မှူးကြီးသည် မျက်လုံးအဆမတန် ပြူးသွားပြီး





"ဘာ...ထောင်မှူးလှမိုးဟုတ်လား၊ ဦးလှမိုးနဲ့ကျုပ်နဲ့ သောက်ဖော်သောက်ဖက်"

ဟု ပြောလိုက်ပြီး မသီတာအား ထောင်မှူးလှမိုး၏သမီး ဖြစ်ကြောင်း သိရသောအခါ အလွန်အံ့သြဝမ်းသာနေလေ၏။

မာလိန်မှူးကြီးက မသီတာကို ဝမ်းမြောက်ဝမ်းသာ ကြည့်၍

"ဝမ်းသာလိုက်တာ သမီးရယ်၊ ညည်းအဖေက အရက်မူးတိုင်း ပင်လယ်ထဲမှာ သင်္ဘောမှောက်ပြီး သေဆုံးသွားတဲ့ သမီးလေးကို လွမ်းတယ်ဆိုပြီး ငိုငိုနေတာကွယ်၊ သူများသိရင် ဘယ်လောက်တောင်ဝမ်းသာလိုက်မလဲ"

ဟုပြောလိုက်ရာ မသီတာလည်း ဝမ်းနည်းဟန်ဖြင့် ငိုယိုနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ မာလိန်မှူးကြီးအပါအဝင် သင်္ဘောပေါ်ရှိ လူများအားလုံး ကျွန်းပေါ်သို့ရောက်ရှိလာပြီး ကျွန်ုပ်တို့မိသားစု၏ နေထိုင်မှုပုံစံကို လေ့လာကြလေ၏။

၄င်းတို့သည် ကျွန်ုပ်တို့၏ နွေရာသီအိမ်နှင့် မိုးရာသီအိမ်ကို ကြည့်ကာ အံ့သြမဆုံးနိုင်အောင်ဖြစ်ကြ၏။

မမြဖူးသည် သူမ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ဂုဏ်ယူစွာဖြင့် လိုက်လံပြသကြ၏။

ထိုအခါ မြေဆီမြေဩဇာ အလွန်ကောင်းသော ကျွန်း၌





ပေါက်ရောက်နေသော အသီးအရွက်နှင့် သစ်သီးသစ်ဥများကို ကြည့်ကာ မာလိန်မှူးကြီးသည် ချီးမွမ်းမဆုံးအောင်ရှိ၏။

၄င်းတို့သည် ကျွန်ုပ်တို့မိသားစုကို ဟီးရိုးများသဖွယ် ချီးမွမ်းကြလေ၏။

ထို့အပြင် ကျွန်ုပ်တို့၏ စိုက်ခင်းကို ကြည့်၍ သဘောကျနေပြန်၏။ ပြီးနောက် ကျွန်ုပ်တို့မွေးထားသော တိရစ္ဆာန်များကို လည်းပြသလေရာ မာလိန်မှူးကြီးက

" ကျွန်းပေါ်မှာ ပျော်ရွှင်စရာကမ္ဘာလေးပဲဗျာ၊ ကျုပ်တော့ ဒီကျွန်းလေးပေါ်မှာ တစ်သက်လုံးနေထိုင်ချင်စိတ်တောင် ပေါက်သွားပြီ၊ ကျုပ်သာ ခင်ဗျားနေရာမှာဆိုရင် မြို့ကို ပြန်ချင်တော့မှာ မဟုတ်ဘူး၊ မြို့ပေါ်မှာက ပကာသနတွေများလွန်းလို့ ပင်ပန်းပါတယ်ဗျာ၊ ခင်ဗျားတို့ရဲ့ ကျွန်းလေးကို ကြည့်ရတာ လောကနိဗ္ဗာန်ပဲ"

ဟု ချီးမွမ်းလေ၏။ ကျွန်ုပ်တို့သည် မာလိန်မှူးကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားများကို ကျွန်းအနှံ့လိုက်ပြကြ၏။

ကျွန်းပေါ်ရှိ ကျွန်ုပ်ရှာဖွေထားသော ထူးဆန်းသည့် အသား စားအပင်များ၊ ရွှံ့နွံ့အိုင်များ၊ လူကို အန္တရယ်ပြုသော လိပ်ပြာများစသည်တို့ကို လိုက်လံပြသလေရာ ၄င်းတို့လူရှ သည်တအံ့တသြ ကြည့်ရှုကြလေ၏။

ဓာတ်ပုံများလည်း ရိုက်ကူးကြလေ၏။

ကျွန်ုပ်တို့မိသားစုသည် မာလိန်မှူးကြီးနှင့် သဘော်သား များအား ကျွန်းပေါ်ရှိ စားသောက်ဖွယ်ရာအမျိုးမျိုးနှင့်ဖြင့် ဧည့်ခံ လေ၏။

မာလိန်မှူးကြီးကလည်း သဘော်ပေါ်တွင် ယူဆောင် လာသော ရိက္ခာများကို ကျွန်းပေါ်သို့ ယူ၍ ပျော်ရွှင်စွာ စား သောက်ကြကုန်၏။ ဝိုင်အရက်များကိုလည်း ဖော်ချင်းသောချင်း သောက်ကြ၏။

ထိုနေ့ညက မီးပုံပွဲ ပြုလုပ်ကြပြီး မီးပုံပွဲ၌လည်း ကျွန်ုပ်





တို့၏ စွန့်စွားခန်းများကို ပြောပြခဲ့၏။ ကျွန်ုပ် သားငယ်ဇွေခဲက စပါးကြီးမြွေကြီး၏ ကြောက်မက်ဖွယ်ကောင်းပုံကို စီကာပတ် ကုံးပြောပြနေ၏။

ရွှေခဲကလည်း တောခွေးအုပ်၏ ရက်စက်ကြမ်းကြုတ် ပုံများကို ပြောပြလေ၏။ မမြဖူးက ကျွန်းပေါ်၌ အလွန်ပေါ သော အဆိပ်ပြင်းသည့် မြွေများ၊ ပင့်ကူများ အကြောင်းကို ပြောပြလေ၏။ ကျွန်ုပ်ကမူ ထိုသူများလို ပြောစရာစကား မရှိတော့သဖြင့် ဝိုင်အရက်ကို ဖိမ်ဆွဲသောက်ရင်း ငြိမ်သက် နေလေ၏။ မကြာမီ ကျွန်ုပ်တို့ ဤကျွန်းကို စွန့်ခွာရတော့ ပေမည်။

ထိုအတွေးဝင်လာသောအခါ ကျွန်ုပ်၏ ရင်ထဲတွင် တစ်စုံတစ်ရာကိုနှာမြောတသသ ခံစားလိုက်ရ၏။

ထိုအရာမှာ ငြိမ်းအေးမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာလိန်မှူးကြီးနှင့် သင်္ဘောသားများသည် သုံးရက်တိုင်တိုင် နေထိုင်ကြပြီး ကျွန်ုပ်တို့မိသားစုနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကြ၏။

၎င်းတို့သည် ကျွန်ုပ်တို့၏ အိမ်များ၊ တိရစ္ဆာန်များ၊ စိုက်ခင်းများ၊ ကျွန်ုပ်တို့ပြုလုပ်ထားသောအသုံးအဆောင်များကိုပါ ဓာတ်ပုံရိုက်ကြ၏။ ပြီးနောက် မာလိန်မှူးကြီးက

" မနက်ဖြန် ကျုပ်တို့ ကျွန်းကနေပြန်ထွက်တော့မယ်၊ ခင်ဗျားတို့မိသားစုဘယ်ကိုသွားချင်သလဲ။ ကျုပ်လိုက်ပို့ပေးပါ





မယ်၊ ဟောဒီ မသီတာလေးကိုတော့ အယ်ဒမန်းကျွန်းကို ပို့ပေးပါမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့် မမြဖူးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ကျွန်ုပ်တို့ခိုင်မာသော ဆုံးဖြတ်ချက်ကိုချရတော့မည်။

ကျွန်ုပ်တို့ ကျွန်းပေါ်၌ ကယ်သူမဲ့သော ဘဝ၌မုန်းကာ လွတ်မြောက်ချင်၏။ ကျွန်းဟာ တကယ်တမ်း စွန့်ခွာရတော့မည် ဆိုတော့ မစွန့်ခွာချင်တော့ချေ။ မမြဖူးက သက်ပြင်းချ၍

"ကျွန်မတော့ ငွေစက္ကူတွေမရှိတဲ့ ကျွန်းပေါ်မှာ နေရတာ သိပ်စိတ်ချမ်းသာတယ်"

ဟု ပြောလိုက်လေရာ ကျွန်ုပ်ကသက်ပြင်းချ၍

"ငါကတော့ တိုက်ပုံအင်္ကျီနဲ့ ခေါင်းပေါင်း ပေါင်းပြီး ရှိုးထုတ်ရတဲ့ ဘဝမျိုးကို ပိုပြီးရွံ့မုန်းတယ်"

ဟု ဆိုလိုက်ရာ မမြဖူးက ပင်လယ်ပြင်ကြီးကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာမပါဘဲ ဟန်ဆောင်ပြီး ချီးမွမ်းကြ ကဲ့ရဲ့ကြနဲ့ ကွယ်ရာမှာ အတင်းချတဲ့ဘဝမျိုးကို မလိုချင်ဘူး"

ဟု ပြောလေ၏။

ကျွန်ုပ်က သက်ပြင်းချ၍

"ပကာသန အတွက် ရှာဖွေရ၊ ရှန်းကန်ရတာ ပင်ပန်းလွန်းလှပါတယ်၊ တကယ်တော့ ကျွန်းမှာ နေတော့မှ လူ့ဘဝရဲ့ အမှန်တရားတစ်ခုကို သိမြင်လိုက်ရသလိုပဲ၊ လူတွေက မလိုအပ်ဘဲ ပင်ပန်းနေကြတာကွ၊ လောကဟာ ပကာသနနဲ့ ကြွားဝါမှုတွေမရှိရင် သိပ်ပြီးမပင်ပန်းဘူး၊ လူ့ဘောင်လောက ကြီးတိုးတက်လာတာနဲ့အမျှ လူတွေဟာ ပင်ပန်းသည်ထက် ပင်ပန်းရတယ်။ ဟန်ဆောင်ပကာသနတွေ နောက်လိုက်ကြရတယ်။ အပေါ်ယံ အဆောင်အယောင်တွေကို တန်ဖိုးထားကြတယ်။ လိုတာထက်ပိုကဲပစ္စည်းတွေကို သုံးစွဲကြတယ်။ လိုတာထက် ပိုပြီး ဓိမ်ခံခဲ့ကြတယ်။ စည်းစိမ် ခံစားကြတယ်။





နောက်ဆုံးတော့ ပင်ပန်းဆင်းရဲခြင်းတွေကို ပိုပြီး ရင်ဆိုင်ရတယ်။ ဒီလိုနေတာ ခေတ်မီတယ် တိုးတက်တယ်လို့ ဆိုကြတယ်၊ ရင်ထဲမှာ ပိုပြီးပူလောင်ပြင်းပြတာဟာ တိုးတက်တယ်လို့ ငါမယူဆဘူး"

ဟု တီးတိုးပြောလိုက်၏။ မမြဖူးက ငြိမ်သက်စွာ နားထောင် နေသော ကလေး ၃ ယောက်ကို ကြည့်၍

"မသီတာကတော့ ဖခင်နဲ့တွေ့ဖို့ အယ်ဒမန်းကျွန်းကို သွားရမှာပဲ"

ဟုပြောလိုက်၏။

ကျွန်ုပ်တို့ မိဘနှစ်ပါးတွေဝေနေစဉ် သားသမီးများ၏ မျက်လုံးထဲမှ မျှော်လင့်ချက်တစ်ခုကို မြင်လိုက်မိသလိုရှိ၏။ ထို့ကြောင့် ကျွန်ုပ်ကဆုံးဖြတ်ချက်တစ်ခုကို လျှင်မြန်စွာချလိုက်ပြီး

"ငါတို့မနက်ဖြန် ကျွန်းကနေခွာမယ်၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



အယ်ဒမန်းကျွန်းကိုသွားကြမယ်''

ဟု ပြောလိုက်လေရာ ကလေးသုံးယောက်၏ မျက်လုံးများသည် အရောင်တဖျက်ဖျက် တောက်ပသွားလေ၏။

ကျွန်ုပ်တို့သည် မသီတာ၏ဖခင်ထောင်မှူးလှမိုး ရှိရာသို့ အယ်ဒမန်းကျွန်းသို့ ဦးစွာသွားရောက်ရန် ဆုံးဖြတ်လိုက်၏။

မသီတာသည် ကျွန်ုပ်တို့ မိသားစုဝင်တစ်ယောက်ကဲ့သို့ ဖြစ်နေသဖြင့် သူမကို နောက်ဆုံးအချိန်အထိ လိုက်လံစောင့်ရှောက်ရန် ကြံရွယ်ထားကြ၏။

ကျွန်ုပ်တို့ ကျွန်းမှ ထွက်ခွာကာနီးတွင် တိရစ္ဆာန်များအားလုံးကို ဘေးမဲ့လွှတ်ပေးလိုက်ကြ၏။

တိရစ္ဆာန်များသည် ကျွန်းနှင့် ယဉ်ပါးနေသဖြင့် ကျွန်ုပ်တို့ မရှိလည်း အခက်မခဲမရှိနိုင်ချေ။ ကျွန်ုပ်တို့ ကျွန်းမှ ထွက်ခွာသည့် နေ့၌ အားလုံးမျက်ရည်စိုကြရ၏။ ၈ နှစ်နီးပါး အေးချမ်းစွာ နေထိုင်ရသော ကျွန်းမှခွဲခွာရတော့မည်။





ကျွန်ုပ် ကျွန်းကို နောက်ဆုံး အနေဖြင့် ကြည့်ရှုလိုက်ရာ မှိုင်းညို့နေသော ကျွန်းကြီးသည် ကျွန်ုပ်တို့ မိသားစုကို နှုတ်ဆက်နေ သယောင်ရှိ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒမန်းကျွန်းသို့ ရောက်သောအခါ မသီတာတို့သားအဖ ပြန်လည်တွေ့ဆုံကြ၏။

သူတို့၏ ရင်ထဲတွင် ဘယ်လောက်ပျော်နေမည် ဆိုခြင်းကို ခန့်မှန်းလို့ရ၏။ ကျွန်ုပ်၏ သားရွှေခဲမှာမူ မသီတာနှင့် သူမ၏ဖခင် ပြန်လည်တွေ့ဆုံမှုကိုကြည့်၍ ကြေကွဲနေဟန်ရှိ၏။ သူတို့ နှစ်ဦးခွဲရတော့မည်ဟု ခံစားနေပုံရ၏။

ထို့နောက်တွင်မူ မသီတာ ဖခင်က ကျွန်ုပ်ကို ဝမ်းသာ





အားရ နှုတ်ဆက်၍ အယ်ဒမန်းကျွန်းသည် နေထိုင်လို့ အလွန်ကောင်းကြောင်း၊ ဤကျွန်းမှာ နေထိုင်၍ စီးပွားရေး လုပ်ကိုင်လိုလျှင် ၄င်းက အစွမ်းကုန် အကူအညီပေးမည် ဖြစ်ကြောင်း ပြောလေ၏။ ကျွန်ုပ်သည် အယ်ဒမန်ကျွန်းအနှံ့လိုက်လံကြည့်ရှုလေရာ အလွန်စည်ကားပြီး မြို့တစ်မြို့ကဲ့သို့ ဖြစ်နေကြောင်း တွေ့ရ၏။

ဤအရပ် ပုလဲလုပ်ငန်း လုပ်ကိုင်ရန် ဆုံးဖြတ်ပြီး မမြဖူးကို တိုင်ပင်လေရာ သူမကလည်း သဘောတူ၏။ ကျွန်ုပ်တို့မိသားစု အယ်ဒမန်ကျွန်းမှာ အခြေချပြီး စီးပွားရှာမည်ဆိုသဖြင့် ရွှေခဲသည် ပျော်မဆုံး ဖြစ်နေရှာ၏။ သူတို့ချစ်သူနှစ်ဦးခွဲခွာစရာမလိုတော့ချေ။

ကျွန်ုပ်၌ ပုလဲပင်လယ်အော်မှရရှိလာသော အဖိုးတန်ပုလဲများစွာရှိ၏။ ထိုပုလဲများကို ပသျှူးကျွန်းဆွယ်သို့ ကိုယ်တိုင်သွားရောက် ရောင်းချခဲ့ရာ အရင်းအနှီးငွေများစွာ ရရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ မိသားစုအတွက်ကျွန်းပေါ်၌ အိမ်ကြီး တစ်လုံးကို ဝယ်ယူလိုက်၏။ ထိုအိမ်ကြီး၌ နေထိုင်ပြီး ပုလဲကောက်သောအလုပ်ကိုလုပ်ကိုင်ရန် ကြံရွယ်လိုက်သည်။

ကျွန်ုပ်တို့ မိသားစုအိမ်ကြီးကို ပုလဲပင်လယ်အော်ဟု အမည်ပေးထား၏။ ကျွန်ုပ်တို့ မိသားစု၏ ပုလဲပင်လယ်အော် အိမ်ကြီးသည် နှစ်အနည်းငယ်အတွင်း အက်ဒမန်ကျွန်း၌ နာမည်သတင်းကြီးခဲ့၏။

ကျွန်ုပ်သည် ပုလဲကောက်သော အလုပ်ဖြင့် အကျိုးပေးလှသဖြင့် ဥစ္စာစီးပွားများစွာ ဖြစ်ထွန်း၏။ ကျွန်ုပ်သည် ပသျှူးကျွန်းဆွယ်သို့ ကိုယ်တိုင်ကုန်ကူးသန်းရောင်းဝယ်ရန် ရွက်လှေကြီးတစ်စီးကိုလည်း ဝယ်လိုက်၏။

ကျွန်ုပ်တို့မိသားစုသည် ကိုယ်ပိုင်ရွက်လှေကြီး ဝယ်ယူလိုက်သည့်အချိန်မှစ၍ ကျွန်ုပ်တို့နေထိုင်ခဲ့သော ကျွန်းသို့ တစ်နှစ်တစ်ကြိမ်သွား၏။ ကျွန်ုပ်တို့နှင့် အတူ ခင်မင်ရင်းနှီး





သော မိတ်ဆွေများကိုလည်း အလည်အပတ် ခေါ် သွားလေ၏။ ကျွန်ုပ်တို့မိသားစုသည် ကျွန်းသို့ မကြာခဏ အပန်းဖြေခရီးထွက်ကြ၏။

ကျွန်း၌ ကျွန်ုပ်တို့နှင့် ပက်သက်သော အမှတ်တရ ပစ္စည်းဆို၍ ကျောက်ခတ်ပန်းဆွဲအိမ်ကြီးသာ အကောင်းပကတိ ကျန်ရစ်ခဲ့၏။ ကျန်သော ပစ္စည်းများမှာ အနိစ္စသဘောအတိုင်း ပျက်စီးယိုယွင်းကုန်ချေပြီ။ ကျွန်ုပ်တို့ ထားရစ်သော တိရစ္ဆာန်များသည် ကျွန်း၌ တဖြည်းဖြည်း တိုးပွားလျက်ရှိ၏။

တိရစ္ဆာန်များသည် ကျွန်ုပ်တို့ကို မှတ်မိခြင်းမရှိတော့ဘဲ သူစိမ်းကဲ့သို့ ဆက်ဆံလေ၏။ အချိန်သည် အရာရာကို ပြောင်းလဲစေသည် မဟုတ်ပါလား။

ကျွန်ုပ်တို့မိသားစုသည် ကြွယ်ဝချမ်းသာ သောဘဝ၌ နေထိုင်ရသော်လည်း ကျွန်းမှာနေထိုင်စဉ်က လွတ်လပ်ပျော်ရွှင်သော ခံစားမှုမျိုးကို ပြန်မရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပကာသနနှင့် ဟန်ဆောင်မှု၊ ယှဉ်ပြိုင်မှုများ ကင်းဝေးသောအချိန်သည် စိတ်ကြည်လင်ငြိမ်းချမ်းမှု အရှိဆုံး ဖြစ်၏။ ထို့နောက်တွင်မှ ကျွန်ုပ်သည် ကျွန်းကို တမ်းတလှ သဖြင့် ကျွန်းပေါ်၌နေထိုင်စဉ် ကျွန်ုပ်တို့မိသားစု၏ ခွန့်စားခန်း များကို မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေရန် ကြံရွယ်မိ၏။

တိုတောင်းလှသောလူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ အတွေ့အကြုံမျိုးကို ရရှိရန် မလွယ်ကူလှချေ။ ထို့အပြင် လူ့ဘဝ၏ မလုံခြုံမှုနှင့် ငြိမ်းချမ်းမှု၏ သဘော သဘာဝ ကိုမျှဝေခံစား စေလိုသောစေတနာဖြင့် ဤမှတ်တမ်း ကို ရေးသားရခြင်းဖြစ်သည်။

*(ဘာမှမသိသော)*

မင်းမြတ်သူရ



